# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၁)ရက် ၊ တနင်္လာနေ့ ၊ (16-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၂)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများကို မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဟုမ္မလင်းမြို့ရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁ ☞





| ပင်ရင်းအရောင်းဌာန | STARMART NINE MILE Showroom | KHA YAE PIN MART | STARMART MANDALAY Wholesale | STARMART Nay Pyi Taw |
|---|---|---|---|---|
| ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅ | (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀ | မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅ | ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄ | ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇ |

ရတနာပုံ
၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်

အယ်ဒီတာ့အာဘော်

# သာယာမှုအလှရသများဖြင့်ခညောင်း လတပေါင်း

တပေါင်းလသည် တစ်ဆယ့်နှစ်လတွင် ဆယ့်နှစ်လမြောက် နောက်ဆုံးလဖြစ်သည်။ မြန်မာသက္ကရာဇ်အရ နှစ်တစ်နှစ်ကုန်ဆုံးတော့မည့် အခါသမယလည်းဖြစ်သည်။ တပေါင်းလသည် ဗေဒင်အလိုအားဖြင့် မိန်ရာသီဖြစ်ပြီး မိန်ရာသီ၏ အရုပ်မှာ ငါးကြင်းပွတ်ဖြစ်သည်။ စန်းယှဉ်နက္ခတ်မှာ ဖလဂုနီဖြစ်ပြီး ရာသီပန်းမှာ သရဖီပန်းဖြစ်သည်။ ဆောင်းအကုန်နွေအကူးဖြစ်၍ နေ့တွင် ပူပြီး၊ ညတွင် အေးသောကြောင့် "နေပူညချမ်း၊ တပေါင်းလသရမ်း"ဟု ဆိုခဲ့ကြသည်။

တပေါင်းဟူသည် ထန်းပင်နှင့်သက်ဆိုင်သောအမည်ဖြစ်ပြီး ထန်းပင်များမှခံယူရရှိသည့် ထန်းရည်ကို ကျိုချက်ကာ ထန်းလျက်ပြုလုပ်သည့်လဖြစ်သည်။ ထန်းရည်များပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟု ခေါ်သောစကားမှ ကာလရွေ့လျားလာခြင်းကြောင့် တပေါင်းလဟု ခေါ်တွင်သည်ဟု ပညာရှိများက မိန့်ဆိုခဲ့ကြသည်။ တချို့ကလည်း ဤရာသီတွင် နက္ခတ် ၁၂ လုံးစုပေါ်ထွက်ခြင်းကြောင့် တပေါင်းလဟု ခေါ်ဆိုသည်ဟု မိန့်ဆိုခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ တပေါင်းလသည် လရာသီများအားလုံးထက် သာယာမှု အလှရသများ ပေါင်းစပ်သရုပ်ဖော်ထားသော လတစ်လဖြစ်ပေသည်။

တပေါင်းလသည် သဘာဝအလှတွင်သာမက ဘာသာရေးအလှ၊ လူမှုရေးအလှဘက်တွင်လည်း သာမြဲဖြစ်သည်။ မြတ်ဗုဒ္ဓဘုရားရှင်သည် ကာဠုဒါယီမထေရ်၏ ပင့်လျှောက်ချက်အရ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးရှိရာ ကပိလဝတ်ပြည်သို့ နောက်ပါသံဃာတော်ငါးရာနှင့်အတူ ကြွရောက်တော်မူခဲ့သည်မှာလည်း တပေါင်းလတွင်ပင်ဖြစ်သည်။

ဆောင်းအကုန် နွေအကူးကာလရောက်လာသည်နှင့် မြန်မာပြည်အနှံ့တွင် ဆိုင်းသံ၊ ဗုံသံများနှင့်အတူ ဘုရားပွဲတော်များနှင့် စည်ကားလျက်ရှိပေသည်။ ဘာသာရေးကိုအခြေခံ၍ကျင်းပသော ပျော်ပွဲရွှင်ပွဲများတွင် တပေါင်းပွဲတော်သည် အစည်ကားဆုံးဖြစ်ပြီး များစွာသောစေတီပုထိုးတို့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယဘုရားပွဲတော်များသည် တပေါင်းလတွင် အများဆုံးကျင်းပကြသည်မှာလည်း ထူးခြားချက်တစ်ရပ်ဖြစ်ပါသည်။ ထို့အတူ တပေါင်းလသည် ကျေးလက်နေတောင်သူတို့၏ လုပ်ငန်းသိမ်းချိန်၊ စပါးပေါ်ချိန်ဖြစ်ပြီး လက်တွင် ငွေရွှင်ချိန်ဖြစ်၍ လှူကြတန်းကြ၊ ပျော်ရွှင်ကြသော အချိန်အခါသမယလည်းဖြစ်သည်။ မြတ်စွာဘုရားအား ပူဇော်သောအားဖြင့် သာသနာတော် ထွန်းကားပြန့်ပွားစေရန် ဆောင်ရွက်ကြသော ဗုဒ္ဓဘာသာဝင်တို့၏ ထူးမြတ်သော ရိုးရာဓလေ့အလှူပွဲပင်ဖြစ်ပေသည်။

နွေ၊ မိုး၊ ဆောင်းဥတုသုံးလီ၌ နွေဥတုတွင် ပါဝင်သောတပေါင်းလသည် မြေပြင်တစ်ခုလုံးခြောက်သွေ့လျက် သာယာသောလဖြစ်သည်နှင့်အညီ ယာဉ်ကြီးယာဉ်ငယ်အသွယ်သွယ်တို့ဖြင့် ကူးသန်းရောင်းဝယ်သူများက ကူးသန်းသွားလာကြသည်။ ထို့ပြင် ပညာသင်အရွယ်ကျောင်းသား၊ ကျောင်းသူများ၏ အားလပ်ရက်ဖြစ်သောကြောင့် မြန်မာနိုင်ငံအနှံ့ ဘုရားစုံဖူးနိုင်ကြသည့် ရာသီအခါလည်းဖြစ်သည်။ တပေါင်းလသည် လူသားတိုင်းအတွက် အားရတက်ကြွဖွယ်ဝမ်းမြောက်ပျော်ရွှင်မှုများ ယှက်သန်းလျက် လွတ်လပ်မှုကို ဝေမျှခံစားစေသောလလည်းဖြစ်သည်။ စိတ်အပန်းဖြေခရီးထွက်ခြင်းသာမဟုတ်ဘဲ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အနန္တတို့အား ရည်မှန်းတည်ထားတော်မူသည့် ဘုရားစေတီပုထိုးများကို လှည့်လည်၍ ဖူးမြော်ကြည်ညိုခြင်းပင်ဖြစ်ပေသည်။

သို့ဖြစ်ရာ တပေါင်းလသည် မြန်မာတို့အတွက် ဘာသာရေးအောင်ပွဲ၊ လူမှုရေးအောင်ပွဲများကို အမှတ်ရစေသည့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ခံစားရရှိစေသည့်အပြင် သဘာဝအလှများဖြင့် သာယာမှုများကိုပေးစွမ်းသော လထူးလမြတ်ဖြစ်ပါသောကြောင့် သာယာမှုအလှရသများဖြင့် ခညောင်းသည့် လတပေါင်းဟု ဖော်ညွှန်းရေးသားလိုက်ရပေသည်။

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ၁၉၇၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲတီစိမ်း ၁၉၇၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်ထံမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၂၁၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၉၇၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲတီစိမ်း ၂၂၁၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၉၇၅ ဧကရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ပြည်ပသို့ပို့ကုန်အဖြစ် တင်ပို့ရောင်းချနိုင်မည်ဖြစ်သောကြောင့် ပဲတီစိမ်းကို ဒေသမရွေး ပိုမိုတိုးချဲ့စိုက်ပျိုးရန် ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် မုန်လာဥဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် မုန်လာဥဖြူများ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုအချိန်သည် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ဒေသထွက်မုန်လာဥဖြူများ ထွက်ရှိချိန်ဖြစ်ပြီး အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ အဆိုပါ ဒေသထွက်မုန်လာဥဖြူများ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၄၀၀၀ ထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

''လက်ရှိ ကျောင်းကုန်းမြို့နယ်ကနေ မုန်လာဥဖြူတွေထွက်ရှိနေပါတယ်။ ထွက်ရှိလာတဲ့ မုန်လာဥဖြူတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်ပါတယ်။ အခုဒေသထွက် မုန်လာဥဖြူတွေ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဖေဖော်ဝါရီလ ပထမပတ်လောက်က စတင်အရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်။ ဒေသထွက်မုန်လာဥတွေအပါအဝင် ကုန်စိမ်းမျိုးစုံကို အခြားဒေသတွေက ဝယ်ယူမှု များပြားနေပါတယ်။ ဒေသထွက်ကုန်တွေကိုသာ အရောင်းအဝယ်လုပ်ရတော့ သယ်ယူရတဲ့ ကိစ္စတွေအပါအဝင် အစစအရာရာ အဆင်ပြေပါတယ်''ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက်မုန်လာဥဖြူများကို အရောင်းအဝယ် ပြုလုပ်နေရသည့်အတွက် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျောင်းကုန်းမြို့နယ်မှ ထွက်ရှိသည့် မုန်လာဥဖြူ ၁၀ ပိဿာလျှင် ငွေကျပ် ၂၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# အမရပူရမြို့နယ် ဆေးအိုးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ဆေးအိုးဘိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ဆေးအိုးဘိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၇ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၂၇ ဒသမ ၃ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၆ ဒသမ ၄၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၁ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## ပျော်ဘွယ်မြို့နယ် ညောင်ပင်လှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပျော်ဘွယ် ဖေဖော်ဝါရီ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ရာသီမရွေး သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ညောင်ပင်လှကျေးရွာ၌ ရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ညောင်ပင်လှကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ပင်လှကျေးရွာ၌ အလျား ပေ ၁၅၀၊ အနံ ပေ ၁၈၀၊ အနက် သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၉၅၃ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများက ၂၀၂၅ ခုနှစ် နိုဝင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ညောင်ပင်လှကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲနွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၃၀ နှင့် ၅၈ လမ်းနေ ဦးကျော်သူဟိန်း-ဒေါ်ဖြူဖြူဇော် သား မောင်မင်းမြတ်သုတ မွေးနေ့အထိမ်းအမှတ်အဖြစ် ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

## ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧက ၁၂၈၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧက ၁၂၈၁၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၃၃၁၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ဧက ၇၉၈၀၊ ကနီမြို့နယ်တွင် ဧက ၂၁၃၀၊ ပုလဲမြို့နယ်တွင် ဧက ၂၇၀၀ စုစုပေါင်း ဧက ၁၂၈၁၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၂၁၀၀၀ ကျော်ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၃၃၁၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းစိုက်ခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၂၈၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## နမ့်စန်မြို့နယ် ပုတ်ပျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ ပုတ်ပျံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပုတ်ပျံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၆၂ ဦးကို ရန်ပုံငွေကျပ် ၄၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

## ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ကျုံပျော် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ကျုံပျော်မြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အရည်အသွေးကောင်းမွန်တဲ့ ဗိုလ်ကိတ်ပဲ ၁၆ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ အခြားပဲတွေလဲ တင်ပို့ရောင်းချနေရပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ပိုမိုဝယ်ယူမှု များပြားလာတာကြောင့် အရောင်းအဝယ်ကောင်းခဲ့တာ ဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၂၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့် ဗိုလ်ကိတ်ပဲများ အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ဗိုလ်ကိတ်ပဲစိုက်တောင်သူများ၊ ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း ကျုံပျော်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဖတ်စေလိုသော စာအုပ်များ

**ချစ်နိုင်(စိတ်ပညာ)**

ကျွန်တော်တို့ ဘယ်စာအုပ်တွေဖတ်ရမလဲ။

ကျွန်မတို့ဘယ်လိုစာအုပ်မျိုးတွေ ဖတ်သင့်သလဲ။

စာရေးသူကို လူအမျိုးမျိုးက မကြာခဏ မေးလေ့ရှိကြသောမေးခွန်းဖြစ်ပါသည်။ တစ်ဦးချင်းဖြစ်စေ၊ သုံး၊ လေး၊ ငါးယောက်အုပ်စုလိုက်ဖြစ်စေ တစ်ကြိမ်နှင့်တစ်ကြိမ် တစ်နေရာနှင့်တစ်နေရာ၊ အဖြေချင်းကား ကွဲပြားခြားနားခဲ့လေသည်။ အဖြေက ဘယ်မှာတူနိုင်မည်နည်း။ မေးသူများက ကွဲပြားကြသည်ကိုး။ မေးသူ၏အခြေအနေကိုကြည့်၍ သူနှင့်သို့မဟုတ် သူတို့နှင့်ကိုက်ညီဆီလျော်အောင် စဉ်းစားရွေးချယ်ပြီးမှ ဖြေပေးရခြင်းကြောင့် အဖြေအမျိုးမျိုးထွက်ခဲ့ရခြင်းပေတည်း။

လူကြီးနှင့်လူငယ်မတူ၊ ဖြတ်သန်းခဲ့သောဘဝ၊ အတွေ့အကြုံချင်းမတူနိုင်။ အသက်အရွယ်တူသည်ဖြစ်စေ၊ စာဖတ်များသူနှင့် စာဖတ်နည်းသူ၊ စာကို လုံးဝဖတ်လေ့ဖတ်ထမရှိသူတို့၏ ခံယူပုံခြင်းမတူနိုင်ကြပေ။

မြို့သူမြို့သားနှင့် တောသူတောင်သားမတူ။ တောင်ပေါ်သားနှင့် မြေပြန့်သားလည်းမတူ၊ လူမျိုးနှင့်ဘာသာကွဲပြားသူတို့အတွက် ဘယ်စာအုပ်များကိုဖတ်သင့်သလဲဟူသော စာအုပ်အမျိုးအစားကို ဦးစားပေးခွဲခြား အကြံပြုရမည်ဖြစ်ပါသည်။ မေးသူကိုသာ ဗဟိုပြု၍ ဖြေရပေသည်။

၉၆ ပါးရောဂါနှင့်သင့်သော သက်ဆိုင်နိုင်သော ဆေးမျိုးကောမရှိဘူးလားဆိုသော် ရှိပါသည်။အသက်အရွယ်မရွေး၊ မွေးရပ်၊ ဒေသ၊ ဇာတိ၊ နေရာမရွေး၊ ကျား၊ မ မခွဲဘဲ လူတိုင်းနှင့်သင့်လျော်သဖြင့် ဖတ်သင့်သောစာအုပ်မျိုးလည်း ရှိကြပေသည်။ အရွယ်၊ ဒေသ၊ လူမျိုး၊ ဘာသာအရ စိတ်ဝင်စားမှုနှင့် အကျိုးရှိနိုင်မှု မကွဲပြားနိုင်သော စာအုပ်မျိုးလည်းရှိကြပေသည်။ အနာနှင့်ဆေးတည့်အောင် ပေးနိုင်ရန်၊ တိကျထိရောက်၍ လက်တွေ့အံဝင်ခွင်ကျအောင် ချင့်ချိန်တွက်ဆလျက် ရွေးချယ်ဖြေကြားပေးခဲ့ခြင်းသာ။ ပြီးလျှင်ပြီးရော၊ လွယ်လင့်တကူမဖြေခဲ့ပေ။

တိုတိုလိုချင်သူကို ရှည်ရှည်ဝေးဝေး ဖြေပေးနေလည်း အချည်းနှီး။ စေတနာပိုနေလည်း အဟောသိကံသာ။ ပြည့်ပြည့်စုံစုံ၊ ခိုင်ခိုင်မာမာ၊ တိတိကျကျ အကျိုးသင့်အကြောင်းသင့် သိချင်မှတ်ချင်သူများကျတော့ တိုတိုပြတ်ပြတ်ပြောမိလျှင် သူတို့မကျေနပ်ချင်ပေ။ ထို့ကြောင့် ဘယ်စာအုပ်တွေကို စာဖတ်သူများ ဖတ်စေချင်သလဲဆိုသော စာတစ်ပုဒ်ရေးမည်ဟု စဉ်းစားသောအခါ မတိုမရှည်၊ မလေးမပေါ့၊ အနေတော်လေးရေးမှသင့်တော်မည်ဟုတွေးမိပါသည်။

လူတိုင်းလူတိုင်း၊ မြန်မာစာဖတ်ပရိသတ်အတွက် ဖတ်ဖြစ်အောင် ဖတ်စေလိုသော စာအုပ်မျိုးကိုညွှန်းရမည်ဆိုလျှင်ကား စာအုပ်အမည်ထက် စာရေးသူအမည်များ(မိမိဆန္ဒသဘောအရ) ဦးစားပေးအနေနှင့် ဖော်ပြပါရစေ။

၁။ ဆရာကြီး ရွှေဥဒေါင်းစာအုပ်များ

၂။ ဆရာကြီး ပီမိုးနင်းစာအုပ်များ

၃။ ဆရာကြီး ရွှေဝံစာအုပ်များ

၄။ ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်စာအုပ်များ

၅။ ဆရာကြီး သော်တာဆွေစာအုပ်များ

၆။ ဆရာကြီး ဗန်းမော်တင်အောင်စာအုပ်များ

၇။ ဆရာကြီး သိန်းဖေမြင့်စာအုပ်များ

၈။ ဆရာကြီး မြသန်းတင့်စာအုပ်များ

၉။ ဆရာကြီး ဇော်ဂျီစာအုပ်များ

၁၀။ ဆရာကြီး မင်းသုဝဏ်စာအုပ်များ

၁၁။ ဆရာကြီး သိပ္ပံမောင်ဝစာအုပ်များ

၁၂။ ဆရာကြီး ဇဝနစာအုပ်များ

၁၃။ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)စာအုပ်များ

၁၄။ ဆရာကြီး နတ်နွယ်စာအုပ်များ

၁၅။ ဆရာကြီး မောင်ပေါ်ထွန်းစာအုပ်များ

၁၆။ ဆရာကြီး အောင်သင်းစာအုပ်များ

၁၇။ ဆရာကြီး နန္ဒာသိန်းဇံစာအုပ်များ

၁၈။ ဆရာမကြီး ဂျာနယ်ကျော်မမလေးစာအုပ်များ

၁၉။ ဆရာမကြီး လူထုဒေါ်အမာစာအုပ်များ

၂၀။ ဆရာမကြီး ကြည်အေးစာအုပ်များ

၂၁။ ဆရာမကြီး ခင်နှင်းယုစာအုပ်များ

၂၂။ ဆရာမကြီး ခင်ဆွေဦးစာအုပ်များ

၂၃။ ဆရာမကြီး မစန္ဒာစာအုပ်များ

၂၄။ ဆရာမကြီး ဒေါက်တာမတင်ဝင်းစာအုပ်များ

၂၅။ ဆရာကြီး မင်းလူစာအုပ်များ

၂၆။ ဆရာကြီး လယ်တွင်းသားစောချစ်စာအုပ်များ စသည့်သူတို့စာအုပ်များသာ ဖတ်သင့်သည်။ အခြားစာရေးဆရာ၊ ဆရာမများစာအုပ်ကို မညွှန်းဆိုဟုမဆိုလိုပေ။ စိတ်ထဲချက်ချင်းပေါ်လာသမျှ သိသာထင်ရှားကြသည့် ကလောင်များကို တင်ပြခြင်းမျှသာ၊ သမုဒ္ဒရာထဲက ရေတစ်စက်သဘောပါပဲ။ "အပ်ဖျားရေစက်၊ အနက်ပင်လယ်၊ ဆက်လက်ရှာဖွေလေ့လာ ဖတ်ရှုကြပါကုန်။ မိမိအကြိုက်များကို ဖော်ပြရလျှင် ဒေါက်တာလှဘေ၊ မောင်သာရ၊ မောင်လွန်းကြင်၊ မောင်ထွန်းသူ၊ မောင်မိုးသူ၊ မလေးလုံစသည် စသည် စာမျက်နှာအတော်များသွားပါလိမ့်မည်။

စာဖတ်ခြင်း၏အရသာသည် စာရေးသူနှင့် စာဖတ်သူ ရင်ဘတ်ချင်းထိဆက် စီးဝင်သွားစေသည့် အရသာဖြစ်ပါ၏။

စာဖတ်ရာတွင် ပြီးပြီးပျောက်ပျောက် အပျော်တမ်းစာဖတ်ခြင်းမှ အစအပျိုးကြရသော်လည်း စာဖတ်သက်ရလာပါက မှတ်စုမှတ်တမ်းရေးပြီး မိမိဖတ်သမျှ၊ ခံစားရသမျှ ရေးသားသင့်ပါသည်။ ကြားနာဖတ်ရှုခြင်းအပြင် ရေးမှတ်ခြင်း၏စွမ်းအင်တန်ခိုးကြောင့် သူတစ်ပါးကို ပြန်လည်ပြောပြသည့်အခါ မေ့ခြင်း၊ ကျန်ခြင်း၊ လွဲခြင်းမရှိတော့ဘဲ မှတ်ဉာဏ်(သညာ)စွဲခဲ့သည်ကို ကိုယ်တိုင်တွေ့ရပါလိမ့်မည်။ စာမေးပွဲသည် ရေးဖြေ ဖြေဆိုရသည့်အလျောက် ရေးဖြေလေ့ကျင့်ခန်း သင်ခန်းစာများများ ရေးသားခဲ့သူသည် ဤအလေ့အကျင့်ကြောင့် ဘာသာရပ်များစွာ ဂုဏ်ထူးထွက်ပါ၏။

စာရေးသူအကြံပြုဖော်ပြသော ဆရာ၊ ဆရာမကြီးများက အချို့စာအုပ် ၃၀၊ ၄၀ သာ ရေးသွားသူရှိသကဲ့သို့ စာအုပ်ရာချီရေးသူများလည်း ပါပါ၏။ သုံး၊ လေး၊ ငါးအုပ်ကိုစုပြီး ကြိုးစား၍ဖတ်ကြည့်လိုက်လျှင် စွဲသွားအောင်ပင် ရေးဟန်၊ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အချက်အလက်၊ စာရေးခြင်းအနုပညာ၊ အတတ်ပညာ စသည်ဖြင့်ဆွဲဆောင်သွားကြကြောင်း တွေ့ရပါလိမ့်မည်။ အခြားအရာများကို အာရုံကျခြင်း၊ စွဲခြင်းထက် စာပေကိုစွဲမိခြင်းက အကျိုးအမြတ် အရှိဆုံးသော အလေ့အထပင်ဖြစ်ပေသည်။ စာဖတ်ကြသော ပြည်သူများနေထိုင်သော တိုင်းပြည်များက တိုးတက်ဖွံ့ဖြိုးကြလေသည်။ စာမဖတ်ကြသော နိုင်ငံသားတို့၏နိုင်ငံကား ဖွံ့ဖြိုးမှုနောက်ကျကြ၏။

**❖ စာရေးသူအကြံပြုဖော်ပြသော ဆရာ၊ ဆရာမကြီးများက အချို့ စာအုပ် ၃၀၊ ၄၀ သာ ရေးသွားသူရှိသကဲ့သို့ စာအုပ်ရာချီရေးသူများလည်း ပါပါ၏။ သုံး၊ လေး၊ ငါးအုပ်ကိုစုပြီး ကြိုးစား၍ဖတ်ကြည့်လိုက်လျှင် စွဲသွားအောင်ပင် ရေးဟန်၊ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အချက်အလက်၊ စာရေးခြင်းအနုပညာ၊ အတတ်ပညာ စသည်ဖြင့်ဆွဲဆောင်သွားကြကြောင်း တွေ့ရပါလိမ့်မည်။ အခြားအရာများကို အာရုံကျခြင်း၊ စွဲခြင်းထက် စာပေကိုစွဲမိခြင်းက အကျိုးအမြတ်အရှိဆုံးသော အလေ့အထပင်ဖြစ်ပေသည်။ စာဖတ်ကြသော ပြည်သူများနေထိုင်သော တိုင်းပြည်များက တိုးတက်ဖွံ့ဖြိုးကြလေသည်။ စာမဖတ်ကြသော နိုင်ငံသားတို့၏နိုင်ငံကား ဖွံ့ဖြိုးမှုနောက်ကျကြ၏။ ❖**

စာရေးသူ အသက် ၃၀ လောက်က ကြိုးစား၍ ဖတ်ခဲ့ပါသော်လည်း အရသာမတွေ့၊ အာရုံမရ၊ ဖတ်ရန်စိတ်မပါခဲ့သော ဆရာကြီး ဦးရွှေအောင်၏ စာအုပ်များသည် မိမိအသက် ၅၀ လောက်နီးလာမှ ထပ်မံကြိုးစားပြီး ဖတ်ကြည့်ပြန်သောအခါ အရသာကောင်းမွန်လှကြောင်း တွေ့ရပါတော့၏။ ဆရာကြီး ဦးရွှေအောင်၏ စစ်ပြန်မဂ္ဂဇင်းမှာပါသော ဆောင်းပါးများကို မိမိသတိမထားမိပါ။ တစ်ပိုဒ်နှစ်ပိုဒ်ဖတ်ပြီး စာမျက်နှာတွေ ကျော်လွှားဖတ်လိုက်သည်သာ။

ထိုအချိန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်က စစ်ပြန်မဂ္ဂဇင်းရလျှင် ဆရာကြီးဦးရွှေအောင်၏ ဆောင်းပါးများကို အရင်ဦးဆုံးဖတ်ကြောင်း၊ ဦးရွှေအောင်၏စာများကို အလွန်နှစ်သက်ကြောင်း တစ်ဆင့်စကားကြား၍ သိရပြီးသည့်နောက် မိမိ၏အသက်အရွယ်နှင့် စာဖတ်အားလည်း ရင့်လာခဲ့ခြင်းကြောင့်လားတော့မသိ၊ ကောင်းမှန်းသိခဲ့ပါပြီ။ မှတ်စာများရေးရသည်အမော။ ဆရာကြီး အောင်သင်းက သဘင်မဂ္ဂဇင်းတွင် အကယ်၍သူသာ ဆရာကြီးဦးရွှေအောင်လို အဆီအနှစ်ပါသော ဆောင်းပါးတစ်ပုဒ်လောက်ရေးနိုင်စွမ်းရှိပါက ယခုသူရေးနေသည့် အပုဒ် ၁၀၀ လောက်ကို လွှင့်ပစ်ချင်မိသည်။ အရည်အသွေးခြင်း ကွာခြားမြင့်မားလှပါပေသည်ဟု ချီးကျူးရေးသားခဲ့သည်ကို မှတ်မိပါသေး၏။ ပညာရှိချင်း ဂုဏ်ပြုချီးမွမ်းပုံ။

ဆရာကြီး ဦးရွှေအောင်၏ ဓမ္မပဒ၊ စိတ္တဝဂ်၊ ပုဗ္ဗဝဂ် စသည်တို့ကို အခြားရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ ရေးသားခဲ့ပြီးဖြစ်သည့် ဇာတ်လမ်းဝတ္ထုများဖြစ်သော်လည်း ပိုမိုထင်ရှားလေးနက်အောင် သူမှသာ ရေးတတ်ပါပေသည်။ သြော် ယခုမှ သဘောပေါက်ရ၏။ မိမိနုစဉ်က "စကားကျယ်သော် နားငယ်မဆံ့" ဖြစ်ခဲ့ခြင်းပေတကား။ မိမိ၏ အသိအမြင်က နားပေါက်ကျဉ်းနေခဲ့ပါတကား။ ကျယ်ဝန်းလေးနက်သော၊ ကြီးမားမြင့်မြတ်သော၊ ခမ်းနားထည်ဝါသော အကြောင်းခြင်းရာမျိုးနှင့် အံမကျခဲ့ခြင်း။

လူလူချင်းဉာဏ်ရည်ဉာဏ်သွေး၊ အရည်အချင်း အဆင့်အလွှာ ကွာခြားကြပေသည်။

အလိမ္မာစာမှာရှိ၏။

စာကောင်းပေကောင်းတို့က လူကိုအသိအလိမ္မာရှိအောင် ပျိုးထောင်ပေးနိုင်၏။ သိမြင်တတ်မြောက်အပ်သော ကျွမ်းကျင်စရာ အတတ်ပညာ၊ နည်းပညာတို့ကို သူများတကာထက် သာလွန်ကျွမ်းကျင်အောင် လမ်းညွှန်နိုင်၏။

စာအုပ်တိုင်းတော့ ကောင်းကြသည်မဟုတ်ပါ။ ရွေးချယ်ဖတ်ရှုနိုင်ရပါမည်။ စာညံ့စာဖျင်းတွေလည်း ဖယ်ရှားရှင်းလင်းတတ်ရမည်။ ဆွမ်းဆန်ဖြူဖြူလွလွတွေထဲမှာ ကြွက်ချေးနက်နက်ကလေးများလည်း ရှိတတ်ပေသေး၏။

ငါးအသားက လူစားစရာအစာအာဟာရတွင် အသင့်တော်ဆုံး အကျိုးအပြုဆုံး အစားအစာဖြစ်ပါ၏။ သို့ရာတွင် အချို့ငါးကို သတိမထားဘဲ စားမိမျိုမိသဖြင့် လည်ချောင်းတွင် ငါးအရိုးစူးကာ ထွေးမရ၊ မျိုမရ၊ ဒုက္ခတွေ့ရတတ်သေး၏။

သူများနိုင်ငံတွင် လူတွေက စာပေ၏တန်ဖိုးကို ကောင်းစွာသိကြသဖြင့် အသုံးချကြသည်။ ရထားပေါ်မှာ၊ ကားပေါ်မှာလည်း စာဖတ်သည်။ လေဆိပ်မှာ၊ လေယာဉ်ပေါ်မှာလည်း စာအုပ်ကိုယ်စီနှင့် စာဖတ်နေတတ်ကြလေသည်။

စာဖတ်ကြသောလူတွေနေသည့်တိုင်းပြည်များကား တိုးတက်ဖွံ့ဖြိုးသွားကြ၏။

တိုးတက်ဖွံ့ဖြိုးသောနိုင်ငံတို့တွင် နိုင်ငံသားများသည် စာဖတ်သောအလေ့အထစွဲမြဲကြသည်။ အရွယ်မရွေး စာအုပ်စာပေကို လူတွေအဖော်ပြုကာ ဉာဏ်ပညာ၊ အမြော်အမြင်၊ အတတ်ပညာ၊ မြင့်မားကြပါမှ နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေး၊ ကုန်ထုတ်လုပ်ရေး စသည်တို့ သိသိသာသာ ဖွံ့ဖြိုးလာပေလိမ့်မည်။ ကုန်လွန်သွားလျှင် အစားပြန်မရနိုင်သော တန်ဖိုးကြီးလှသည့် မိမိ၏အချိန်ကိုအကျိုးအရှိဆုံး အသုံးချခြင်းကား နေ့စဉ်အချိန်လေးရသမျှ စာကောင်းပေကောင်းများကို လေ့လာမှတ်သား ဖတ်ရှုနေကြခြင်းသာပါတည်း။

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၁၂၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမတ်ပဲ ၁၂၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၉၉၇ ကေထိစိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၇၅ တင်း ထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၂၉၉၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မတ်ပဲစိုက်ခင်းတွေ အခုလက်ရှိအချိန်မှာတော့ ၁၂၀၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံများ စိုက်ပျိုးရာတွင် ပဲသီးနှံများ အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးခြင်းများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ပိုက်သင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မင်းဘူး ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီးမင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေဖြင့် ပိုက်သင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပိုက်သင်ကျေးရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည် တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

ပိုက်သင်ကျေးရွာ၌ 5.5 KW Inverter နှင့် 7 KW ဆိုလာတပ်ဆင်ခြင်း၊ 3 HP Submersible pump တပ်ဆင်ခြင်းနှင့် အနက်ပေ ၂၀၀၊ အကျယ် ၄ ဒသမ ၅ လက်မရှိ စက်ရေတွင်းတူးဖော်ခြင်း လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅၅ ဒသမ ၄၅ သိန်း အသုံးပြုပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇန်နဝါရီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က ပြောပြ၍ သိရသည်။

**ဇင်မာ**

## ချစ်ခြင်းတရားဖြင့် ဝန်းရံပါ

- ပုဂ္ဂိုလ်ရေးယှဉ်
  အမြင်ကျဉ်းမြောင်း ဘယ်သို့စောင်းစေ
  ကောင်းဆိုးချိန်စက် မှန်းမဖက်ဘဲ
  ပြည့်မျက်နှာကြည့် ကောင်းမြင်ရှိစွာ
  အသိယှဉ်တွဲ ဖေးမပါ။

- သင်းဖွဲ့ချင်းယှဉ်
  အမြင်ကွဲပြား ဘယ်သို့ခြားစေ
  မှားမှန်ကျိုးဆက် ပြုံးမပျက်ဘဲ
  ပြည့်မျက်နှာကြည့် ကောင်းမြင်ရှိစွာ
  အသိနှိုင်းချင့် ရပ်တည်ပါ။

- လုပ်ရပ်ချင်းယှဉ်
  အမြင်ညစ်မွဲ ဘယ်သို့လွဲစေ
  ဖြူမည်းချင့်တွက် စည်းမဖျက်ဘဲ
  ပြည့်မျက်နှာကြည့် ကောင်းမြင်ရှိစွာ
  အသိပိုင်းခြား လှမ်းဆက်ပါ။

- နိုင်ငံပြည်သူ
  မူမှန်လမ်းကောင်း အသွင်ပြောင်း၍
  ပေါင်းစည်းချီတက် ခရီးဆက်ရေး
  သမိုင်းပေးကို သွေးနှီးကြိုချိန်
  သည်လိုချိန်မှာ
  တည်ငြိမ်လမ်းသင့် ပြည်ကျိုးဆင့်ဖို့
  အမြင့်မားဆုံး အကောင်းဆုံးတွေ
  မျှော်မှန်းလေကြ စိုက်ထူကြရင်း
  ဆန္ဒစစ်မှန် ရခွင့်ဖန်ခိုက်
  ကိုယ့်ခံယူချက် ယုံကြည်ချက်များ
  အမျိုးသားရေး နိုးကြားသွေးနှင့်
  တွေးချင့်ပိုင်ပိုင် ဖန်တီးနိုင်ပြီ
  စွမ်းပြိုင်မားမတ် အနာဂတ်မှာ
  ရလဒ်ကောင်းတွေ ဖြစ်တည်ဖို့
  လောင်းရိပ်ဟူသည် မီးပွားမို့
  ပြည့်မျက်နှာကြည့် ရှုမြင်လို့
  ချစ်ခြင်းတရားဖြင့် ဝန်းရံစို့။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ဂျာမနီဝန်ကြီးချုပ်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးတို့ နိုင်ငံတကာလုံခြုံရေးညီလာခံ၌ သီးခြားတွေ့ဆုံဆွေးနွေး



**မြူးနစ် ဖေဖော်ဝါရီ ၁၅**

ဂျာမနီနှင့် တရုတ်နှစ်နိုင်ငံ ဆက်ဆံရေးကို အခြေအနေသစ်တစ်ရပ်သို့မြှင့်တင်နိုင်ရန် တရုတ်အစိုးရက မျှော်လင့်ထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်နှင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားထားကြောင်း Xinhau သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်တို့သည် ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပနေသည့် မြူးနစ်နိုင်ငံတကာ လုံခြုံရေးညီလာခံ၌သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးကို အခြေအနေသစ်တစ်ရပ်သို့ မြှင့်တင်ရေးအတွက် ဂျာမနီနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် တရုတ်နိုင်ငံက မျှော်လင့်ထားကြောင်း အဆိုပါဆွေးနွေးပွဲ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ထုတ်ဖော်ပြောကြားခဲ့သည်။

တရုတ်နှင့် ဂျာမနီနိုင်ငံတို့ကြား စီးပွားရေးဆက်ဆံမှုပုံစံသည် ကုန်သွယ်ရေး လုပ်ထုံးလုပ်နည်းပြဿနာအပါအဝင် ပြဿနာပေါင်းစုံကို အကြောင်းပြု၍ ပြီးခဲ့သည့်နှစ်များအတွင်း ယိုယွင်းပျက်ပြားလာခဲ့သည်။

တစ်ချိန်တည်းမှာပင် ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရစ်မားဇ်သည် ယခုလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

တရုတ်နှင့် ဥရောပတို့ကြား ပူးပေါင်းဆောင်ရွက်ရေးအတွက် ဂျာမနီနိုင်ငံမှာ အဓိကတွန်းအားတစ်ရပ်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဖေဖော်ဝါရီ ၁၄ ရက်တွင် သုံးသပ်ထားကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## နီပေါနိုင်ငံ၌ ဘုရင်စနစ်ထောက်ခံသူများ ဆန္ဒပြ

**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၁၅**

အားလပ်ရက်ခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသော နီပေါဘုရင်ဟောင်း ဂျိင်နန်ဒရာရှားကို ဘုရင်စနစ် ထောက်ခံသူများက ဖေဖော်ဝါရီ ၁၃ ရက်တွင် ခတ္တမန္ဒူမြို့၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ထို့ပြင် ဘုရင်စနစ်ပြန်လည်ကျင့်သုံးရန် ဂျိင်နန်ဒရာရှားကို ထောက်ခံသူများက ဖေဖော်ဝါရီ ၁၃ ရက်တွင် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

နီပေါနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲများ မကျင်းပမီ ရက်သတ္တပတ်အနည်းငယ်အလိုတွင် ဘုရင်စနစ် ထောက်ခံသူများက ဘုရင်စနစ် ပြန်လည်ကျင့်သုံးရေးအတွက် ဆန္ဒပြတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

နီပေါနိုင်ငံသည် ၂၀၀၈ ခုနှစ်အတွင်း ဘုရင်စနစ်ကို ဖျက်သိမ်းခဲ့ရာ ထိုနောက်ပိုင်း ကာလများအတွင်း အသက် ၇၈ နှစ်ရှိ ဂျိင်နန်ဒရာရှားသည် သာမန်အရပ်သားတစ်ဦးအဖြစ် ခတ္တမန္ဒူမြို့၌ နေထိုင်ခဲ့သည်။

သို့ရာတွင် ပြီးခဲ့သည့် ၁၈ နှစ်တာကာလအတွင်း နိုင်ငံရေးမငြိမ်သက်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့ပြီးနောက် နီပေါနိုင်ငံ၌ ဘုရင်စနစ် ပြန်လည်ကျင့်သုံးရေးကို ထောက်ခံမှုနှုန်း အနည်းငယ်မြင့်တက်လာခဲ့သည်။

နီပေါနိုင်ငံသည် လာမည့် မတ် ၅ ရက်တွင်အထွေထွေရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားပြီး ထိုရွေးကောက်ပွဲ၌ နိုင်ငံရေးပါတီ ၆၅ ခုတို့က အမတ်နေရာ ၂၇၅ နေရာအတွက် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အမေရိကန်နှင့် အီရန် နျူကလီးယားဆွေးနွေးပွဲသစ် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပမည်

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၅**

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား နျူကလီးယားဆွေးနွေးပွဲသစ်များကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ လာမည့်ရက်သတ္တပတ်အတွင်း ကျင်းပမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံ၏ ကမ်းလှမ်းချက်အရ အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ နျူကလီးယားဆွေးနွေးပွဲသစ်များကို လာမည့်ရက်သတ္တပတ်အတွင်း ဂျီနီဗာမြို့၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ ပထမအကျော့နျူကလီးယားဆွေးနွေးပွဲများကို အိုမန်နိုင်ငံ မက်စ်ကတ်မြို့၌ ဖေဖော်ဝါရီ ၆ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်သည်။



အီရန်နိုင်ငံအနေဖြင့် နျူကလီးယား သဘောတူညီချက်တစ်ရပ် မရယူနိုင်ပါက ဆိုးရွားသည့်အကျိုးဆက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က မက်စ်ကတ်ဆွေးနွေးပွဲများအပြီးတွင် ပြောကြားထားသည်။

ဆွစ်ဇာလန်နိုင်ငံသည် အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား သံတမန်ရေးအရ ထိတွေ့ဆက်ဆံရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ခဲ့သည်။

ကြားနေနိုင်ငံဖြစ်သည့် ဆွစ်ဇာလန်နိုင်ငံသည် အမေရိကန်နှင့် အီရန်တို့ကြား သံတမန်ဆက်ဆံရေးဖြတ်တောက်ခဲ့သော ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း အီရန်နိုင်ငံအတွင်းရှိအမေရိကန်အစိုးရအကျိုးစီးပွားများကို ကိုယ်စားပြုသည့် နိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## အာဖရိကနိုင်ငံ ၅၃ နိုင်ငံတို့၏ ပို့ကုန်များကို အခွန်စည်းကြပ်မှု တရုတ်ပယ်ဖျက်ပေးမည်

**ပေကျင်း ဖေဖော်ဝါရီ ၁၅**

တရုတ်နိုင်ငံနှင့် တရားဝင် သံတမန်ဆက်ဆံရေးရှိထားသည့် အာဖရိကနိုင်ငံ ၅၃ နိုင်ငံတို့မှ ထုတ်ကုန်များအပေါ် အခွန်စည်းကြပ်ထားမှုအားလုံးကို ပယ်ဖျက်ပေးရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

တရုတ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးရှိသည့် အာဖရိကနိုင်ငံ ၅၃ နိုင်ငံတို့မှ ပို့ကုန်များအတွက် အခွန် စည်းကြပ်ထားမှုများကို ယခုနှစ် မေ ၁ ရက်မှစ၍ သုညအဆင့် လျှော့ချပေးမည်ဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် တရုတ်အစိုးရအနေဖြင့် အဆိုပါ အာဖရိကနိုင်ငံများနှင့် ပူးတွဲစီးပွားရေး မိတ်ဖက်သဘောတူညီချက်များရယူရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ကြောင်း တရုတ်အစိုးရ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။




အလားတူ အဆင့်မြှင့်တင်ထားသည့် ကုန်သွယ်ရေးယန္တရားစနစ်များမှတစ်ဆင့် အာဖရိကပို့ကုန်များ တရုတ်ဈေးကွက်နှင့် ပိုမိုထိတွေ့နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တရုတ်အစိုးရက ပြောကြားထားသည်။

အာဖရိကနိုင်ငံများမှ ပို့ကုန်များအပေါ် အခွန်စည်းကြပ်မှုအဆင့်ကို သုညအဆင့် လျှော့ချပေးမည့် အာဖရိကနိုင်ငံများထဲတွင် တရုတ်(တိုင်ပေ)နှင့် သံတမန်ဆက်ဆံရေးရှိထားသည့် အဆွာနီတီနိုင်ငံ ပါဝင်မှုမရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အာဖရိကတိုက်၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်သကဲ့သို့ အာဖရိက၏ အခြေခံအဆောက်အအုံ စီမံကိန်းများကိုလည်း အကူအညီပေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**

**Trs : KKO**

## နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများတည်ဆောက်ရေး သင်္ဘောလွှန်းကျင်းသစ်အတွက် အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်သုံးစွဲရန် ဩစတြေးလျအစိုးရ စီစဉ်ထား

**ဆစ်ဒနီ ဖေဖော်ဝါရီ ၁၅**

နျူကလီးယား စွမ်းအင်သုံး ရေငုပ်သင်္ဘောများ တည်ဆောက်ပေးမည့် သင်္ဘောလွှန်းကျင်းသစ်အတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ ဘီလီယံ သုံးစွဲရန် ဩစတြေးလျအစိုးရက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံသည် ဗြိတိန်၊ အမေရိကန်နိုင်ငံတို့နှင့် ရယူထားသည့် ဩကပ်စ်သဘောတူညီချက်အရ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ တည်ဆောက်ရန် စီစဉ်ထားသည်။

၂၀၂၁ ခုနှစ်တွင် ကြေညာခဲ့သည့် ဩကပ်စ်သဘောတူညီချက်အရ ဩစတြေးလျနိုင်ငံသည် အမေရိကန်နိုင်ငံမှ ဗာဂျီးနီးယားအမျိုးအစား ရေငုပ်သင်္ဘောများ ဝယ်ယူမည်ဖြစ်သည်။

ထို့ပြင် ဩကပ်စ်သဘောတူညီချက်အရ ဩစတြေးလျနိုင်ငံသည် ဗြိတိန်နှင့်ပူးပေါင်း၍ ဩကပ်စ်အမျိုးအစား နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောသစ်များကိုလည်း ပြည်တွင်း၌တည်ဆောက်မည်ဖြစ်သည်။

ဩကပ်စ်အမျိုးအစား နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများတည်ဆောက်ရာတွင် အသုံးပြုမည့် သင်္ဘောလွှန်းကျင်းသစ်ကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ ဘီလီယံထိ သုံးစွဲမည်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီယိုအယ်လ်ဘာနီစီက ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါသင်္ဘောလွှန်းကျင်းသစ်ကို တောင်ဩစတြေးလျပြည်နယ် အဒဲလိတ်မြို့အနီးရှိ အော့စ်ဘွန်းဒေသ၌ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## အမေရိကန်အာကာသတပ်ဖွဲ့၏ သူလျှိုဂြိုဟ်တုနှစ်စင်းကို ဗော်လ်ကန်စင်တော်ဒုံးပျံဖြင့် ULA က လွှတ်တင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၅**

Unitend Launch Alliance ကုမ္ပဏီ(UlA) သည် အမေရိကန် အာကာသတပ်ဖွဲ့၏ သူလျှိုဂြိုဟ်တုနှစ်စင်းကို ဗော်လ်ကန်စင်တော် ဒုံးပျံဖြင့် ဖေဖော်ဝါရီ ၁၃ ရက် တွင် လွှတ်တင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်သတင်းများအရ သိရသည်။

အာကာသတပ်ဖွဲ့သူလျှိုဂြိုဟ်တုနှစ်စင်းကို သယ်ဆောင်ထားသည့် ဗော်လ်ကန်စင်တော် ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးချိန်တွင် ဗော်လ်ကန်စင်တော်ဒုံးပျံ၏ ဒုံးအင်ဂျင်တစ်လုံးမှာ မူမမှန်မှုများရှိခဲ့သော်လည်း သူလျှိုဂြိုဟ်တုနှစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၃ ရက် မစ်ရှင်သည် ဗော်လ်ကန်စင်တော်ဒုံးပျံ၏ စတုတ္ထမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း၊ အဆိုပါမစ်ရှင်အတွင်း ဗော်လ်ကန်စင်တော်ဒုံးပျံ ဒုံးအင်ဂျင်ဖောက်ပြန်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်နေကြောင်း ULA ကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## မိခင်ကြယ်ပတ်ပတ်လည်၌ ဂြိုဟ်များနေရာယူထားပုံ ပြောင်းပြန်ဖြစ်နေသည့် ထူးဆန်းသောဂြိုဟ်စနစ်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ

**လန်ဒန် ဖေဖော်ဝါရီ ၁၅**

မိခင်ကြယ် ပတ်ပတ်လည်၌ ဂြိုဟ်များနေရာယူထားပုံ ပြောင်းပြန်ဖြစ်နေသည့် ထူးဆန်းသော ဂြိုဟ်စနစ်တစ်ခုကို ဗြိတိန် သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။



ပုံမှန်အားဖြင့် ကြယ်တစ်စင်းနှင့် အနီးဆုံးဂြိုဟ်များမှာ ကျောက်သားဂြိုဟ်များဖြစ်ကြပြီး ကြယ်နှင့်ပို၍ အလှမ်းဝေးသောဂြိုဟ်များမှာ ဓာတ်ငွေ့ဂြိုဟ်များ ဖြစ်ကြသည်။

ဥပမာအားဖြင့် နေအဖွဲ့အစည်း၌ နေနှင့် အနီးဆုံးဂြိုဟ်များဖြစ်ကြသော ဗုဒ္ဓဟူးဂြိုဟ်၊ ကမ္ဘာဂြိုဟ်နှင့် အင်္ဂါဂြိုဟ်တို့မှာ ကျောက်သားဂြိုဟ်များဖြစ်ကြပြီး ကြာသပတေးဂြိုဟ်နှင့် နက်ပကျွန်းကဲ့သို့ဂြိုဟ်များမှာ ဓာတ်ငွေ့ဂြိုဟ်များဖြစ်ကြသည်။

သို့ရာတွင် LHS 1903 အမည်ရှိ ဂြိုဟ်စနစ်အတွင်း ဂြိုဟ်များ နေရာယူထားပုံမှာ အဆိုပါနိယာမနှင့် ဆန့်ကျင်နေကြောင်း ဗြိတိန်နိုင်ငံ ဝါးလ်ဝစ်ခ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ဗြိတိန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ LHS 1903 ဂြိုဟ်စနစ်တွင် မိခင်ကြယ်နှင့် အနီးဆုံး၌ ကျောက်သားဂြိုဟ်တစ်စင်းနှင့် ဓာတ်ငွေ့ဂြိုဟ်နှစ်စင်း ရှိနေပြီး ကြယ်နှင့် အဝေးဆုံး စတုတ္ထမြောက် ဂြိုဟ်မှာ ကျောက်သားဂြိုဟ်ဖြစ်နေသည်။

LHS 1903 ဂြိုဟ်စနစ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၁၆ နှစ် အကွာတွင် တည်ရှိသည့် ဂြိုဟ်စနစ်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## တရုတ် အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ပထမအဆင့် ပင်မကိုယ်ထည်ကို ပင်လယ်ထဲမှ အောင်မြင်စွာဆယ်ယူနိုင်ခဲ့

**ပေကျင်း ဖေဖော်ဝါရီ ၁၅**

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၁၀ ဒုံးပျံ၏ ပထမအဆင့် ပင်မကိုယ်ထည်ကို ပင်လယ်ထဲမှ အောင်မြင်စွာဆယ်ယူနိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများအရ သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ပထမအဆင့် ပင်မဒုံးယာဉ်ကို အကြိမ်ကြိမ် ပြန်လည်အသုံးပြုနိုင်ရန် ပုံစံထုတ်တည်ဆောက်ထားသည့် လောင်းမတ်ချ်-၁၀ ဒုံးပျံကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်ခဲ့ကြောင်း သိရသည်။

လောင်းမတ်ချ်-၁၀ ဒုံးပျံသစ်ကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၀ ၏ ပထမအဆင့် ပင်မကိုယ်ထည်သည် ပဲ့ထိန်းစနစ်များ၊ ဒုံးအင်ဂျင်များအကူအညီဖြင့် တရုတ်ပင်လယ် ရေပြင်အတွင်းသို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

လောင်းမတ်ချ်-၁၀ ၏ ပထမအဆင့် ပင်မကိုယ်ထည်ပြန်လည်ရယူမှုမှာ ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် အပြီးသတ်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လကမ္ဘာမစ်ရှင်များအတွက် လောင်းမတ်ချ် - ၁၀ ဒုံးပျံကို တည်ဆောက်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## ရုပ်မြင်သံကြားကြည့်ရှုမည့်အစား လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်းက စိတ်ကျဝေဒနာဖြစ်နိုင်ခြေကို လျှော့ချနိုင်

**အမ်စတာဒမ် ဖေဖော်ဝါရီ ၁၅**

ရုပ်မြင်သံကြား ကြည့်ရှုမည့်အစား လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်းတို့က စိတ်ကျဝေဒနာဖြစ်နိုင်ခြေကို သိသိသာသာ လျှော့ချပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။

နယ်သာလန်နိုင်ငံ ဂရိုနင်ဂျင်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သက်လတ်ပိုင်းများ အနေဖြင့် ရုပ်မြင်သံကြား တစ်နာရီကြည့်မည့်အစား အခြားကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် စိတ်ကျဝေဒနာဝင်နိုင်ခြေကို ၁၈ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလားတူ သက်ကြီးပိုင်းများဆိုလျှင် ရုပ်မြင်သံကြားကြည့်ရှုမည့်အစား အခြားကိုယ်လက်လှုပ်ရှားမှုပုံစံများဖြင့် အစားထိုးပါက စိတ်ကျဝေဒနာဝင်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ယခုနှစ်အတွင်း ပေါ်ထွက်လာသည့် လေ့လာချက်တစ်ရပ်အရ ရုပ်မြင်သံကြားကို ပုံမှန်ထက်တစ်နာရီပိုကြည့်တိုင်း စိတ်ကျဝေဒနာဝင်နိုင်ခြေ ငါးရာခိုင်နှုန်းမြင့်မားလာတတ်ကြောင်း သိရသည်။

နယ်သာလန်သုတေသနပညာရှင်များသည် အရွယ်ရောက်သူ ၆၅၄၅၄ ဦးတို့ကိုလေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စာဖတ်ခြင်း၊ စာရေးခြင်းတို့ဖြင့် အယ်လ်ဇိုင်းမားရောဂါ ဖြစ်နိုင်ခြေကိုလျှော့ချနိုင်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

စာဖတ်ခြင်း၊ စာရေးခြင်း သို့မဟုတ် ဘာသာစကားတစ်ခုခု သင်ကြားခြင်းတို့ဖြင့် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို ၄၀ ရာခိုင်နှုန်းနီးပါး လျှော့ချနိုင်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများတွင် ရေးသားထားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ စိတ်ကိုလှုံ့ဆော်ပေးသည့် လှုပ်ရှားမှုများနှင့် ဘဝတစ်လျှောက်လုံး သင်ကြား လေ့လာမှုများသည် အယ်လ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကိုလျှော့ချနိုင်သကဲ့သို့ အယ်လ်ဇိုင်းမားရောဂါ ဝင်ရောက်မှုအရှိန်ကို ငါးနှစ်ကျော်ထိ ထိန်းပေးထားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အသက် ၈၀ အရွယ် သက်ကြီးပိုင်း ၁၉၃၉ ဦးတို့ကို အချိန်ယူ စောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့် ရလဒ်များအရ ဘာသာစကားသင်ကြားခြင်း၊ စာဖတ်ခြင်း စသည်တို့ကို အများဆုံးလုပ်သူများသည် အနည်းဆုံးပြုလုပ်သူများထက် အယ်လ်ဇိုင်းမားရောဂါ ဝင်ရောက်ချိန် ငါးနှစ်ပိုနောက်ကျကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Qatar Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်မယ် မူချိုဗာ ဆွတ်ခူး

**ဒိုဟာ ဖေဖော်ဝါရီ ၁၅**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပခဲ့သည့် Qatar Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ချက်တင်းနစ်မယ် မူချိုဗာနှင့် ကနေဒါတင်းနစ်မယ် အမ်ဘိုကိုတို့ ယှဉ်ပြိုင်ခဲ့ရာ မူချိုဗာက (၆-၄၊ ၇-၅)ရလဒ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆယ်ကျော်သက်တင်းနစ်မယ် အမ်ဘိုကိုသည် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ရန် ရေပန်းစားခဲ့သော်လည်း အတွေ့အကြုံရှိသည့် မူချိုဗာက ပွဲကိုအကောင်းဆုံး ထိန်းချုပ်ကစားခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

ပထမပွဲငယ်တွင် မူချိုဗာက ဖိအားပေးကစားခဲ့ကာ ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ဒုတိယပွဲငယ်၌ အမ်ဘိုကိုက အမှားများကို ပြင်ဆင်ကာ အနိုင်ရရှိရေးအတွက် အကောင်းဆုံး ကြိုးစားခဲ့သော်လည်း tie-break တွင် မူချိုဗာကအနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။

မူချိုဗာက "ပွင့်ပွင့်လင်းလင်း ဝန်ခံရရင်တော့ ပွဲမကစားမီက အရမ်းကိုစိုးရိမ်ပြီး စိတ်လှုပ်ရှားနေခဲ့ပါတယ်။ သိပ်ကိုစိတ်လှုပ်ရှားနေပေမဲ့လဲ အကောင်းဆုံးကစားနိုင်ဖို့အတွက် သိပ်ကိုတည်ငြိမ်အောင်ကြိုးစားခဲ့ရတယ်။ ပွဲအပေါ်လဲ သေချာအာရုံစိုက်ခဲ့ပါတယ်။ အာရုံစိုက်နိုင်လို့လဲ ဗိုလ်လုပွဲစဉ်မှာ အကောင်းဆုံး ကစားနိုင်ခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**



# ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်း ကစားသမားဘဝ သွင်းဂိုး ၅၀၀ ပြည့်မြောက်

**မြူးနစ် ဖေဖော်ဝါရီ ၁၅**

ဘိုင်ယန်မြူးနစ် အသင်းက ဝါဒါဘရီမင်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူခဲ့သည့် တိုက်စစ်မှူးဟယ်ရီကိန်းသည် ကစားသမားဘဝတွင် နိုင်ငံအသင်းနှင့် ကလပ်အသင်း နှစ်ခုပေါင်း သွင်းဂိုး ၅၀၀ ပြည့်မြောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဟယ်ရီကိန်းသည် ပွဲကစားချိန် ၂၂ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည့်အပြင် ပွဲချိန် ၂၅ မိနစ်တွင်လည်း ဒုတိယသွင်းဂိုးသွင်းယူခဲ့သောကြောင့် ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုး ၁၂၆ ဂိုး သွင်းယူခဲ့ပြီး ကစားသမားဘဝတွင် ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့်အတူ သွင်းဂိုး ၂၈၀၊ လေတန်အသင်းနှင့်အတူ သွင်းဂိုး ငါးဂိုး၊ လက်စတာအသင်းနှင့်အတူ သွင်းဂိုးနှစ်ဂိုး၊ မီဝေါအသင်းနှင့်အတူ သွင်းဂိုး ကိုးဂိုး၊ နိုင်ငံလက်ရွေးစင် အင်္ဂလန်အသင်းနှင့်အတူ သွင်းဂိုး ၇၈ ဂိုး သွင်းယူခဲ့ပြီးနောက် ကလပ်အသင်းနှင့် နိုင်ငံအသင်းတို့တွင် စုစုပေါင်း သွင်းဂိုး ၅၀၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် ဝါဒါဘရီမင်အသင်းကို ဟယ်ရီကိန်း၊ ဂိုရက်ဇ်ကာတို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သည့်အတွက် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယနေရာမှ ဒေါ့မွန်အသင်းကို ရမှတ်ခြောက်မှတ်ထိ ဖြတ်တောက်ထားကြောင်း သိရသည်။

**Ref : Fotmob**
**Trs : ML**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)တွင် ISPEအသင်းနိုင်ပွဲရပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ISPE အသင်းနိုင်ပွဲရပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၈)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် ဟံသာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက် အသင်းနှင့်အတူ အကောင်းဆုံး လက်စွမ်းပြသခဲ့သည့် ဂိုးသမားနေလင်းထက်က ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၄ နာရီက သုဝဏ္ဏ အားကစားကွင်းတွင် ရာမည ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၈၁ မိနစ်တွင် ကောင်းမြတ်ငြိမ်းနှင့် ပွဲချိန် ၉၄ မိနစ်တွင် စောအောင်မျိုးဦးတို့က သွင်းယူခဲ့ကြကာ ရာမညယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် သုံးမိနစ်တွင် ညီညီအောင်က သွင်းယူခဲ့ခြင်းဖြစ်ပြီး အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ISPE အသင်းမှ ကောင်းမြတ်ငြိမ်းက ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၈) လက်ကျန်ပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီ ၁၉ရက်တွင် ရွှေဝတီယူနိုက်တက် အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ ဒဂုံစတားအသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ ဆက်လက်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**STA**

# Rotterdam Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည့် ဖိလစ်အူကာနှင့် ဒီမီနောတို့ ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်း

**ရော့တာဒမ် ဖေဖော်ဝါရီ ၁၅**

နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့တွင် ကျင်းပနေသည့် Rotter-dam Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြသည့် ကနေဒါတင်းနစ်ကစားသမား ဖိလစ်အူကာနှင့် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနောတို့က ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖိလစ်အူကာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ကာဇက်စတန်တင်းနစ်ကစားသမား ဘူဘလစ်နှင့်ယှဉ်ပြိုင်ခဲ့ပြီး ဖိလစ်အူကာက (၆-၁ ၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရကာ ဖိုင်နယ်အဆင့်သို့ တက်လှမ်းခဲ့သည်။

ဒီမီနောက ဆီမီးဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား ဟမ်ဘက်နှင့်ယှဉ်ပြိုင်ခဲ့ပြီး ဒီမီနောက (၆-၄ ၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရကာ ဗိုလ်လုပွဲအဆင့်သို့တက်လှမ်းခဲ့ခြင်းဖြစ်သည်။

ဖိလစ်အူကာက "ဆီမီးဖိုင်နယ်အဆင့်ဟာ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ သက်သောင့်သက်သာနဲ့ အနိုင်ရခဲ့တာမျိုးတော့ မဟုတ်ပါဘူး။ ပွဲစကတည်းက အမှားအနည်းဆုံးဖြစ်အောင် ကစားနိုင်ခဲ့တယ်။ ပြိုင်ဘက်ကစားသမားကိုလဲ ဖိအားပေးနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ဒီမီနောက "ကျွန်တော့်မှာရှိတဲ့ အကောင်းဆုံး စွမ်းဆောင်ရည်တွေကို အသုံးချနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ခက်ခဲတဲ့ပွဲစဉ်တစ်ပွဲပါ။ ဗိုလ်လုပွဲအဆင့်မှာ ဒီထက်ပိုပြီးတော့ ခက်ခဲမှာဖြစ်တဲ့အတွက် အတတ်နိုင်ဆုံးတော့ အကောင်းဆုံး ကစားနိုင်အောင် ကြိုးစားသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : AZL**

# LIV Golf's Adelaide ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆုကို အမေရိကန်ဂေါက်သီးရိုက်ကစားသမား အန်တိုနီကင် ဆွတ်ခူး

**အဒယ်လစ် ဖေဖော်ဝါရီ ၁၅**

ဩစတြေးလျနိုင်ငံ အဒယ်လစ်မြို့တွင်ကျင်းပခဲ့သည့် LIV Golf's Adelaide ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန် ဂေါက်သီးရိုက်ကစားသမား အန်တိုနီကင်က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၃ ချက် လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



စပိန် ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်ခဲ့ပြီး အမေရိကန် ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် ပီတာယူလိန်း၊ ဒီချန်ဘို၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဟက်တန်တို့က စုစုပေါင်းသတ် မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်ခဲ့ကြသည်။

အန်တိုနီကင်သည် နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် ကိုးချက်ထိ လျော့ရိုက်နိုင်ခဲ့သည့်အတွက် ပြိုင်ဘက်ကစားသမားများနောက်မှ လိုက်ကစားခဲ့ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အန်တိုနီကင်က "တတိယနေ့ပြီးတဲ့ထိ ကျွန်တော့်အနေနဲ့ ချန်ပီယံဖြစ်ဖို့အတွက် ရာခိုင်နှုန်းသိပ်ကိုနည်းခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်လုပ်နိုင်တာ အကောင်းဆုံးလုပ်မယ်ဆိုပြီး နောက်ဆုံးနေ့မှာ ပွဲအပေါ်ပဲအာရုံစိုက်ခဲ့ပါတယ်။ အခုတော့ကာလရှည် အောင်မြင်မှုတွေနဲ့ ကင်းကွာနေရတဲ့အခြေအနေကို ကျော်ဖြတ်နိုင်ခဲ့ပါပြီ။ အောင်မြင်မှုရဖို့ထက် တစ်ရက်ထက်တစ်ရက်ပိုပြီးတော့ ကောင်းလာအောင်ကစားမယ်ဆိုတဲ့စိတ်နဲ့ ပွဲအပေါ်သေချာဂရုစိုက်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Golf Magic**
**Trs : AZL**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူကီယဲနိုင်ငံ ASELSAN ကုမ္ပဏီက နောက်တွဲယာဉ်တင် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ကို ထုတ်ဖော်ပြသ




တူကီယဲနိုင်ငံ၏ ထိပ်တန်းကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီဖြစ်သော ASELSAN သည် နောက်တွဲယာဉ်ပေါ်တွင် တပ်ဆင်အသုံးပြုနိုင်သည့် SARP 100/35 လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်ကို ထုတ်ဖော်ပြသလိုက်ကြောင်း Defence Turk Magazine က ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လက်နက်စနစ်သစ်ကို တူကီယဲနိုင်ငံ အဆင့်မြင့်အရာရှိကြီး Bayraktaroğlu က ASELSAN စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည့် ခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မြင်တွေ့ခဲ့ရခြင်းဖြစ်သည်။ ယခင်က KORHAN ဟု လူသိများခဲ့သည့် ဤလက်နက်စနစ်ကို သံချပ်ကာယာဉ်များပေါ်တွင် တပ်ဆင်အသုံးပြုလေ့ရှိသော်လည်း ယခုအခါ နောက်တွဲယာဉ်ပုံစံဖြင့် ပြောင်းလဲပြင်ဆင်လိုက်ခြင်းကြောင့် စစ်ဆင်ရေးနယ်ပယ်တွင် ပိုမိုပြောင်းလွယ်ပြင်လွယ် အသုံးပြုလာနိုင်မည်ဖြစ်သည်။

ဤစနစ်တွင် ၃၅ မီလီမီတာ စက်အမြောက်ကို အသုံးပြုထားပြီး ATOM ဟုခေါ်ဆိုသည့် ပရိုဂရမ်သွင်းထားနိုင်သော ကျည်ဆန်များကို ထည့်သွင်းပစ်ခတ်နိုင်သည်။ ဒရုန်းများအပါအဝင် လေကြောင်းရန် ခြိမ်းခြောက်မှုများကိုသာမက မြေပြင်မှလာရောက်သော အန္တရာယ်များကိုပါ တားဆီးချေမှုန်းနိုင်စွမ်းရှိသည်။ အဆိုပါ နောက်တွဲယာဉ်တင်လက်နက်စနစ်ကို အမြဲတမ်းတပ်စွဲထားသည့် စစ်အခြေစိုက်စခန်းများ၊ ဆိပ်ကမ်းများနှင့် အရေးကြီးသော အခြေခံအဆောက်အအုံများတွင် လုံခြုံရေးအတွက် အဓိကထား အသုံးပြုရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

Defence Turk Magazine ပူးတွဲတည်ထောင်သူ Ahmet Alemdar ၏ ပြောကြားချက်အရ အဆိုပါ လက်နက်စနစ်ကို ရှစ်ဘီးယက် (8x8) သံချပ်ကာ တိုက်ခိုက်ရေးယာဉ်များပေါ်တွင် ပေါင်းစပ်တပ်ဆင်ရန် စီစဉ်ထားသော်လည်း ယခုကဲ့သို့ နောက်တွဲယာဉ်ပုံစံဖြင့် ထုတ်ဖော်ပြသခြင်းမှာ ပုံသေအဆောက်အအုံများကို ကာကွယ်ရန်အတွက် အစားထိုးအသုံးပြုနိုင်မည့် နည်းလမ်းသစ်တစ်ခုအဖြစ် တင်ပြခြင်းဖြစ်ကြောင်း သိရသည်။

SARP 100/35 လေကြောင်းရန် ကာကွယ်ရေး လက်နက်စနစ်သည် အဝေးထိန်းစနစ်ဖြင့် လုပ်ဆောင်နိုင်သော (Remotely Operated) လက်နက်တပ်ဆင်ထားသည့် စက်အမြောက်စင်တစ်ခုဖြစ်ပြီး ၎င်းတွင် ၃၅ မီလီမီတာ အမြောက်ကို တပ်ဆင်ထားသည်။ ဤစနစ်သည် လေကြောင်းရန် ကာကွယ်ရေးနှင့် မြေပြင်တိုက်ခိုက်ရေးကဏ္ဍနှစ်ရပ်စလုံးအတွက် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် ၃၅ မီလီမီတာ ATOM ပရိုဂရမ်သွင်းလေကွဲကျည်နှင့် တွဲဖက်အသုံးပြုနိုင်သဖြင့် ဒရုန်းများအပါအဝင် လေကြောင်းပစ်မှတ်များကို ထိရောက်စွာ တားဆီးနိုင်သည့်အပြင် မြေပြင်ခြိမ်းခြောက်မှုများကိုလည်း ချေမှုန်းနိုင်စွမ်းရှိသည်။

ယခုကဲ့သို့ နောက်တွဲယာဉ်တင်ပုံစံဖြင့် ပြင်ဆင်လိုက်ခြင်းကြောင့် သံချပ်ကာယာဉ်များမလိုအပ်ဘဲ သီးခြားလွတ်လပ်စွာ လည်ပတ်နိုင်ပြီး ပုံသေကာကွယ်ရေးစခန်းများတွင် လျင်မြန်စွာ ချထားနိုင်မည်ဖြစ်သည်။ ထိုသို့သော ပြင်ဆင်မှုမျိုးသည် အမြဲတမ်းလေကြောင်းရန်ကာကွယ်ရေးလိုအပ်သော်လည်း တိုက်ခိုက်ရေးတပ်ဖွဲ့များကို အမြဲတစေတပ်ဖြန့်ချထားရန်မလိုသည့် အရေးကြီးအခြေခံအဆောက်အအုံများတွင် အသုံးပြုရန် သင့်လျော်ကြောင်း သိရသည်။

**Aselsan develops trailer-mounted counter-drone system ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဒီဂျစ်တယ်ကွန်ရက်ကို အဆင့်မြှင့်တင်ရန် Elbit Systems ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) သည် နည်းပညာစနစ်များကို ပဉ္စမမျိုးဆက် နည်းဗျူဟာမြောက် ဆိုက်ဘာကွန်ရက်အဖြစ် ကူးပြောင်းနိုင်ရန်အတွက် Elbit Systems ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ ဒီဂျစ်တယ်နည်းပညာဆိုင်ရာ စာချုပ်ချုပ်ဆို လိုက်ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုစာချုပ်၏ အဓိကရည်မှန်းချက်မှာ အစ္စရေးစစ်ဘက်၏ ကဏ္ဍအသီးသီးမှ စွမ်းဆောင်ရည်များကို တစ်ခုတည်းသော ကွန်ရက်အောက်တွင် ချိတ်ဆက်နိုင်ရန်ဖြစ်သည်။ ၎င်းတွင် C4ISR ကွပ်ကဲမှု၊ ထိန်းချုပ်မှု၊ ဆက်သွယ်ရေး၊ ကွန်ပျူတာ၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်လုပ်ငန်းများကို တစ်ပြိုင်နက်လုပ်ဆောင်ခြင်း၊ ဒီဂျစ်တယ်စနစ်သုံး ပစ်ခတ်မှုထိန်းချုပ်ရေး၊ နယ်စပ်ဒေသ ကာကွယ်ရေးလုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။ ဤကဲ့သို့ နယ်ပယ်အစုံမှ အချက်အလက်များကို ပေါင်းစပ်လိုက်ခြင်းဖြင့် စစ်မြေပြင်တွင် ကြည်း၊ ရေ၊ လေ ကဏ္ဍစုံပေါင်းစပ်စစ်ဆင်ရေးကို ပိုမိုမြန်ဆန်တိကျစွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အဆိုပါနည်းပညာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးညွှန်ကြားမှုဦးစီးဌာန (Directorate of Defense Research & Development) နှင့် အစ္စရေးကြည်းတပ် (Israeli Ground Forces) တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစာချုပ်၏ အဓိကလုပ်ငန်းစဉ်တစ်ခုမှာ Next Generation Digital Ground Army သို့မဟုတ် Tzayad ဟု အမည်ပေးထားသည့် စီမံကိန်းကို အကောင်အထည်ဖော် လုပ်ဆောင်ပေးသွားရန်ဖြစ်သည်။ ဤသည်မှာ စစ်ဌာနချုပ်များမှသည် ရှေ့တန်းတိုက်ခိုက်ရေးတပ်ဖွဲ့များထိ အဆင့်ဆင့်သော ကွပ်ကဲမှုစနစ်များကို နယ်ပယ်စုံချိတ်ဆက်ပေးနိုင်မည့် အဆင့်မြင့်အီလက်ထရွန်နစ်စစ်ဆင်ရေးနည်းပညာပင်ဖြစ်သည်။ ၎င်း၏ အဓိကရည်မှန်းချက်များမှာ ရန်သူ့တည်နေရာကို ထောက်လှမ်းမိသည်နှင့် ချက်ချင်းချေမှုန်းနိုင်မည့် လုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ရန်၊ ဉာဏ်ရည်တု (AI) နည်းပညာကို အသုံးပြု၍ စစ်ဆင်ရေးနှင့် နည်းဗျူဟာပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များကို ပိုမိုမြန်ဆန်တိကျစွာ ချမှတ်နိုင်ရန်ဖြစ်ပြီး အနာဂတ်တွင် ပေါ်ပေါက်လာမည့် အာရုံခံကိရိယာအသစ်များနှင့် စစ်လက်နက်ပလက်ဖောင်းများကို အလွယ်တကူ ထပ်မံချိတ်ဆက်နိုင်ရန် Open Architecture ပုံစံဖြင့် တည်ဆောက်ထားခြင်းမျိုး ဖြစ်ကြောင်း သိရသည်။




အစ္စရေး၏ နယ်စပ်လုံခြုံရေးအတွက် MARS ဟု အမည်ပေးထားသည့် ဘက်စုံသုံး အာရုံခံစနစ်ကိုလည်း အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ဤအာရုံခံစနစ်သည် လတ်တလောစစ်ပွဲများမှရရှိခဲ့သော သင်ခန်းစာများကို အခြေခံ၍ တည်ဆောက်ထားခြင်းဖြစ်ပြီး AI နည်းပညာဖြင့် ပစ်မှတ်များကို အလိုအလျောက်ရှာဖွေခြင်း၊ အမျိုးအစားခွဲခြားခြင်းနှင့် တပ်ဖွဲ့အသီးသီးကြား ချိတ်ဆက်ညှိနှိုင်းခြင်းတို့ကို လုပ်ဆောင်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

**Elbit Systems to Upgrade IDF Digital Network Under $100M+ Contracts ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# သာယာပေစွ တပေါင်းလ

**ကျော်စိုး(ခင်ကြီး)**

"ခိုင်ရွှေညာဝင်း xxx နှင်းကြွင်းကွဲတဲ့ မိန်လရာသီ xxxလေသွေးရာချီ xxx ရွှေဖီငုံသင်းအင်ကြင်း တွေကနီ xxx သန္တာရည်တောလုံးဖြာဝေပြီ xxx"။

တပေါင်းလသို့ရောက်လေတိုင်း မြန်မာ့အသံမှ ထုတ်လွှင့်နေကျဖြစ်သည့် မြန်မာသံစဉ်ဂန္ထဝင် အဆိုတော်ကြီး ကိုအံ့ကြီး၏ "မိန်ရာသီ" တေးသီချင်းသံကို လွမ်းဟန်နွဲ့စွာ ကြားနေရမြဲပင် ဖြစ်သည်။တပေါင်းလသာယာပုံနှင့်အတူ အဆိုတော် ကိုအံ့ကြီး၏တေးသံကလည်း အမှန်တကယ်ပင် သာယာငြိမ့်ညောင်းလှပါဘိ။

တပေါင်းလ၏အမည်သည် ထန်းပင်နှင့် သက်ဆိုင်သော အမည်ဖြစ်သည်။ တပေါင်းလတွင် ထန်းဖိုပင်များမှ ခံယူရရှိသည့် ထန်းရည်ကို မီးနှင့် ကျိုချက်ပြီး ထန်းလျက်ပြုလုပ်ကြသည်။ ထန်းရည်များပေါင်းစပ်ကျိုချက်သဖြင့် ထန်းပေါင်းဟူသော စကားမှ တဖြည်းဖြည်းရွေ့လျားကာ တပေါင်းလ ဟုခေါ်တွင်သည်ဟုလည်း ဆိုကြသည်။

ကမ္ဘာဦးအစကလူများသည် မိမိတို့ကိုယ်ရောင် ကိုယ်ဝါများ၏ အလင်းဖြင့်နေကြရသည်။ ၎င်းတို့၏ ကိုယ်ရောင်ကိုယ်ဝါများ ပျောက်ဆုံးသွားသောအခါ အမှောင်အတိဖြင့်နေရကြရာမှ "အလင်းရောင်ရလျှင် ကောင်းလေစွ"ဟု လူအများတမ်းတကြရာ တပေါင်းလပြည့်နေ့တွင် နေ၊ လ၊ နက္ခတ်တာရာတို့ စုံညီစွာ ပေါ်ထွန်းလာ၍ နေ့ညအလင်းရောင်များ ပြန်လည်ရရှိလာသည်ကို အကြောင်းပြု၍ ခတ်ပေါင်းလဟုခေါ်ဆိုရာမှ တဖြည်းဖြည်း ကာလရွေ့လျားကာ တပေါင်းလဟူ၍ အမည်တွင် လာခဲ့သည်ဟု ရှေးစာပေပညာရှင်တို့က ဖွင့်ဆိုကြသည်။ တပေါင်းလ၏ ရာသီမှာ မိန်ရာသီဖြစ်၏။ ရာသီရုပ်မှာ ငါးကြင်းပွတ်ဖြစ်သည်။ စန်းယှဉ်နက္ခတ်ကား ဖလဂုနီတည်း။ ဤလ၏ အထိမ်းအမှတ်ပန်းသည် သရဖီပန်းဖြစ်သည်။ အင်ကြင်းပန်းတို့လည်းပွင့်ကြသည်။

ထို့ကြောင့် အဆိုတော် ကိုအံ့ကြီးက ရွှေဖီငုံသင်းပန်းအင်ကြင်းတို့၏ရနံ့သည် လေချီရာပါ၍ တောတောင်အနှံ့သင်းပျံ့မွှေးနေသည်ဟု သီဆိုထားသည်။ တပေါင်းလ၏ရာသီပွဲမှာ သဲပုံစေတီပွဲဖြစ်သည်။ "သာစွလေ၊ဆီးကြွေနှင်းခဲ၊ သာလွန်ကဲ၍၊ ရဲရဲမိုးလ၊ ဖဂ္ဂုဏနှင့်၊ ပြည့်ဝအညီ၊မိန်ရာသီဟု၊ သရဖီပိတောက်၊ ခိုင်မြောက်ညွန့်ညောင်း၊ ဝတ်မှုန်လောင်းသည်၊ တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူလွှသောင်ပြင်၊ ငှက်ပေါင်းရွှင်၍၊ သဘင်အညီ၊ သဲစေတီဟု၊ မျှော်ချီရွှင်ပ၊ လှူဒါန်းကြ၏"ဟု အင်းဝခေတ်စာဆိုရှင် ဆီသည်ရွာစားဦးအောင်ကြီးက လူးတားကဗျာစပ်ဆိုခဲ့သည်။ ပိတောက်ပန်းများလည်းပွင့်ကြသည်။ "လတကာထက်၊ နှိုင်းရာဖက်ရှောင်၊ လများနောင်"ဟု ရေးစပ်ထားသည်မှာ အခြားမဟုတ် တပေါင်းလတွင် ဘာသာရေးဆိုင်ရာမှတ်တမ်းများ များစွာရှိခဲ့သည်။ သဲပုံစေတီအစတည်ရာအကြောင်းကို စာရေးသူလက်လှမ်းမီသမျှ တင်ပြချင်ပါသေးသည်။

တပေါင်းလသဲပုံစေတီပွဲကို ပရိယတ္တိစာပေထေရအပဒါန်၌ သဲပုံစေတီသမိုင်းကို ပြဆိုထားသည်။ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် ပုလိနထူပီယ မထေရ်တစ်ပါးရှိသည်။ ထိုမထေရ်သည် ခုနစ်နှစ်သားအရွယ်တွင် ရဟန္တာဖြစ်သည်။ ထိုမထေရ်၏ မိဘများသည် သာဝတ္ထိပြည်၌နေ၏။ နေ့စဉ်နေ့တိုင်းဘုရားရှင်ကို ဝတ်ကပ်ဝတ်တက်ပြုသည်ကိုမြင်၍အတိတ်ဘဝက သဲပုံစေတီတည်၍ ဆီမီး၊ ပန်း၊ ရေချမ်းကပ်၍ပူဇော်ခဲ့သည်ကို ပြန်လည်နှလုံးသွင်းမိရာမှ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သွားသည်။ ပုလိနထူပီယမထေရ်တစ်ဖြစ်လဲ နာဒရ ရသေ့သည် ယမကတောင်အနီး ကျောင်းသခ်န်းတွင် သီတင်းသုံးနေစဉ် ဤသို့သော တပေါင်းကာလတွင် အမရိကမည်သောမြစ်ကို ချဉ်းကပ်၍ သဲပုံစေတီတည်ကာ သက်တော် ထင်ရှားမြတ်ဘုရားအမှတ်ဖြင့် အာရုံယူကာ ကြည်ညိုခြင်းဖြင့် ရည်စူးကန်တော့၏။ ဤအကျိုးဆက်ကြောင့် နာဒရ ရသေ့ကွယ်လွန်သော် ဗြဟ္မာ့ပြည်၌ ဗြဟ္မာမင်းအဖြစ်ကိုလည်းကောင်း၊ နတ်ပြည်၌ သိကြားမင်းအဖြစ်ကိုလည်းကောင်း၊ လူ့ပြည်၌ စကြဝတေးမင်းအဖြစ်ကိုလည်းကောင်း ရရှိခဲ့သည်။ နောက်မှ ဂေါတမဘုရားရှင်လက်ထက် ပုလိနထူပီယမထေရ်ဖြစ်လာသည်။ သဲပုံစေတီပွဲသမိုင်းသည် ထိုမှစခဲ့သည်။

မြန်မာပြည်တွင် သဲပုံစေတီပွဲကို ပုဂံခေတ် မတိုင်မီကပင် ကျင်းပခဲ့ကြသည်။ အထက်တွင် ပြဆိုခဲ့သောအင်းဝခေတ်စာဆိုရှင် ဆီသည်ရွာစား

**❖ တပေါင်းလသည် လယ်ယာခွင်သိမ်းချိန်ဖြစ်၍ ရှင်ပြုအလှူပွဲများပေါများသောလဖြစ်သည်။ ရာသီဥတုသည်လည်း မပူလွန်း၊ မအေးလွန်း နေထိုင်ရသက်သာသောလဖြစ်သည်ဟုဆိုရမည်။ မိုးလေကင်းစင်လယ်ယာခွင်နှင့် သစ်ပင်အထူးပုရစ်ဖူးတို့ အထူးဝေဆာသောလဖြစ်သည်။ သဘာဝအလှတွင်သာမက ဘာသာရေးအလှလည်း လတကာထက်သာမြဲဖြစ်သည်။ မြတ်ဗုဒ္ဓဘုရားရှင်သည် ကာဠုဒါယီမထေရ်၏ ပင့်လျှောက်ချက်အရ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ရှိရာ ကပိလဝတ်ပြည်သို့နောက်ပါ သံဃာငါးရာနှင့်အတူ ကြွရောက်တော်မူခဲ့သည်မှာ ဤတပေါင်းလပင်ဖြစ်သည်။ ❖**

ဦးအောင်ကြီးနှင့် အခြားသော အင်းဝခေတ်စာဆိုများက သဲပုံစေတီပွဲကို ထည့်သွင်းစပ်ဆိုခဲ့သဖြင့် အင်းဝခေတ်တွင် သဲပုံစေတီတည်သည့်ဓလေ့ရှိနေပြီဟုယူဆ၍ရသည်။ အလောင်းမင်းတရားလက်ထက်ပြုစုခဲ့သည့် အင်ရုံစာတမ်း၊ ၁၂ လ ရာသီပွဲတော်များတွင် သဲပုံစေတီပွဲတော် မပါရှိခဲ့သော်လည်း လက်ဝဲသုန္ဒရ၏ သာဓိနပျို့တွင်" ဂူလုံးသဲပုံ"ဟူသည့် စကားလုံးကို ထည့်သွင်းရေးဖွဲ့ခဲ့သည်။ ထို့ကြောင့် ပျို့ပါအထောက်အထားအရ သိရသည်။ ကင်းဝန်မင်းကြီး၏ တပေါင်းလဖွဲ့သံပေါက်တွင် "တပေါင်းခါချိန် ရာသီမိန် တောက်ထိန် ဖဂ္ဂုဏ။ သရဖီဖူးဆဲ ပိတောက်ပွဲ သဲပုံစေတီပ"ဟု စပ်ဆိုထားသဖြင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်လည်း သဲပုံစေတီတည်ထားကျင်းပသည့်ဓလေ့ရှိခဲ့ကြောင်း မှန်းဆနိုင်သည်။

သဲပုံစေတီများတည်ပုံကို စာရေးသူ လက်လှမ်းမီဖတ်ရှုရသမျှ ဖော်ပြချင်ပါသေးသည်။ သဲပုံစေတီတော်ကိုတည်ရာတွင် ယေဘုယျအားဖြင့် ဉာဏ်တော်အမြင့်မှာ အလွန်အရေးမကြီးဘဲ သုံးပေမှ ကိုးပေကြားတည်ကြပြီး အဝိုင်းပုံ အခွေငါးဆင့်၊ အဆင့်ဆင့်ပါရှိသည်။ အပေါ်သို့ တစ်ဆင့်မှတစ်ဆင့် သေးငယ်သွားသည့်ခွေငါးဆင့်သည် မြင်းမိုရ်တောင်၏ ဘုံငါးဆင့်ကို ရည်ညွှန်းသည်ဟုဆိုသည်။ သဲပုံစေတီတည်ရန် ခွေများကို ကြိမ် သို့မဟုတ် ဝါးဖြင့်ရက်လုပ်၍ အတွင်းသို့ သန့်ရှင်းသော သဲဖြူများဖြည့်သွင်းကာ ဘေးပတ်လည်ကို ရွှေလွှာ၊ ငွေလွှာများဖြင့် အလှဆင်သကဲ့သို့ ငှက်ပျောဖက်များဖြင့်လည်း ပတ်ထားကြသည်။

စေတီ၏ထိပ်တွင် တံခွန်ကုက္ကားများစိုက်ထူပြီး နောက် သဲပုံစေတီကို အနေကဇာတင်ကာ ဆွမ်း၊ ပန်း၊ ဆီမီး၊ သစ်သီးနှင့်လှူဖွယ်ဝတ္ထုများ လှူဒါန်းကြသည်။ ရွာသူ၊ ရွာသားများက အိုးစည်ဗုံမောင်းများ တီးခတ်ကခုန်၍ စေတီတော်ကို သုံးပတ်လှည့်လည် ပူဇော်ကြကာ သဲပုံစေတီပွဲကျင်းပကြသည်။

ရှေးအခါက သဲပုံစေတီများကို မြစ်ချောင်းကမ်းများအနီး၌ တည်ထားလေ့ရှိသည်။ နွေရာသီ တပေါင်းလသို့ရောက်လျှင် မြစ်ချောင်းများတွင် ရေလျော့နည်းကာ သဲသောင်များပေါ်လာလေ့ရှိသဖြင့် ထိုသဲများဖြင့် စေတီတည်ကာ ကုသိုလ်ယူကြသည့် ဓလေ့သည် ရှေးမြန်မာဘုရင်ခေတ်မှ ယခုခေတ်တိုင် ဗုဒ္ဓဘာသာဝင်များအတွက် အလွန်မြတ်နိုးဖွယ်ရာ ဓလေ့ထုံးတမ်းတစ်ရပ်ဖြစ်သည်။

ယခုခေတ်အခါတွင် သဲပုံစေတီပွဲဟူ၍ မကျင်းပကြတော့ပါ။ သို့သော်လည်း တပေါင်းလပြည့်တွင် တပေါင်းပွဲဟူ၍ မြို့၊ ရွာ နေရာတိုင်းတွင် ဗုဒ္ဓပူဇနိယပွဲတော်များကို နှစ်စဉ်နှစ်တိုင်း ကျင်းပကြမြဲဖြစ်သည်။ "အနေကဇာတိ သံသာရံ"အစချီသော ဥဒါန်းဂါထာတော်တို့ဖြင့် တပေါင်းလပြည့်အရုဏ်တက်ချိန်အရောက်တွင် သံဃာတော်အရှင်မြတ်တို့မှ စေတီပုထိုးများနှင့်ဗုဒ္ဓရုပ်ပွားတော်တို့ကို အနေကဇာတင်ခြင်းဖြင့် ဗုဒ္ဓါဘိသေကမင်္ဂလာပြုကြသည်။ ထို့နောက် ဗုဒ္ဓဘာသာအနွယ်ဝင် သူတော်စင်အပေါင်းတို့ကလည်း ဘုရားစေတီတော်များကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးစုံလင်စွာဖြင့် ဆပ်ကပ်ပူဇော်ကြသည်။ ထို့နောက် သံဃာတော်အရှင်မြတ်အပေါင်းကိုလည်း ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ကုသိုလ်ယူကြသည်။ ဘာသာတရား၏အဆုံးမဖြင့် ရတနာသုံးပါးအပေါ်ကြည်ညိုခြင်း၊ လေးစားခြင်းအမှုကို ပြုကြသည်။ အလွန်ပင် ကြည်နူးစရာကောင်းသည်။

စာရေးသူတို့ဌာနေ အညာမြေတွင် တပေါင်းလသဲပုံစေတီပွဲကို ဘုရားရှင်ကိုရည်မှန်းပူဇော်ပြီး ဆွမ်းကပ်လှူဒါန်းခြင်း၊ သံဃာတော်များကို လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းစသော ကုသိုလ်ကောင်းမှု အစုစုတို့ကို ပြုလုပ်ကြသည်။ ယခုပင်လျှင် တပေါင်းလ ခါသမယသို့ရောက်လာပေပြီ။ စာရေးသူတို့ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ ကုသိုလ်ရယူရင်းပျော်ရွှင်ဖွယ်ရာနေ့ရက်နှင့် ကြုံကြရပေဦးမည်ဖြစ်သည်။

တပေါင်းလသည် လယ်ယာခွင်သိမ်းချိန်ဖြစ်၍ ရှင်ပြုအလှူပွဲများ ပေါများသောလဖြစ်သည်။ ရာသီဥတုသည်လည်း မပူလွန်း၊မအေးလွန်း နေထိုင်ရသက်သာသောလဖြစ်သည်ဟု ဆိုရမည်။ မိုးလေကင်းစင် လယ်ယာခွင်နှင့် သစ်ပင်အထူးပုရစ်ဖူးတို့ အထူးဝေဆာသောလဖြစ်သည်။သဘာဝ အလှတွင်သာမက ဘာသာရေးအလှလည်း လတကာထက်သာမြဲဖြစ်သည်။ မြတ်ဗုဒ္ဓဘုရားရှင်သည် ကာဠုဒါယီမထေရ်၏ ပင့်လျှောက်ချက်အရ ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ရှိရာ ကပိလဝတ်ပြည်သို့နောက်ပါ သံဃာငါးရာနှင့် အတူ ကြွရောက်တော်မူခဲ့သည်မှာ ဤတပေါင်းလပင်ဖြစ်သည်။

တပေါင်းလသာယာပုံကို "ရှင်အုန်းညို" ဂါထာခြောက်ဆယ်ပျို့တွင် ကာဠုဒါယီမထေရ်က ဘုရားရှင်ကို ကပ္ပိလဝတ်ပြည်သို့ပင့်တော်မူရာတွင် တပေါင်းလသာယာပုံအခန်း၌ ဩကာသလောကကြီး တစ်ခုလုံးသာယာနေပုံနှင့် ဤအခါသမယသည် မပူလွန်း မအေးလွန်းအခါရာသီမို့ ဒေသစာရီခရီးကြွမြန်းရန် အသင့်တော်ဆုံးအချိန်ဖြစ်ကြောင်း လျှောက်ထားသည်မှာ "ဤအခါကား၊ ဟေမာချမ်းဆောင်း၊ ကြွလုံပြောင်းသား၊ တပေါင်းနွေလ၊ ဂိန်မာနဟု၊ သာလှပျော်မှု၊ သည်ရတု၌၊ ညွန့်နုဆဲဆဲ၊ မီးလျှံခဲသို့၊ ရဲရဲပြောင်ပြောင်၊ တောကုန်အောင်လည်း၊ ပွင့်ရောင်တိချည်းဖြင့်ပေါ်ပြည်း၏၊ ခမည်းတော်ကောင်း၊ ပြည်တော်ဟောင်းသို့၊ ဖူးပေါင်းစိမ့်ငှါ၊ တောင်းပန်ထွာသည်၊သွားခါကာလတန်ပြီတည်း"ဟု အမျိုးစုံလင်စွာဖြင့် တပေါင်းဂုဏ်အင်ကို ဖွဲ့ဆိုထားသည်။

ဘုရားရှင် ကပိလဝတ်နေပြည်တော်သို့ကြွတော်မူခြင်းကြောင့် နိဂြောဓာရုံကျောင်းကြီး ပေါ်ပေါက်လာသည်။ "မွေးဘသုဒ္ဓေါ်၊ မင်းမြတ်ကျော်လည်း၊ သားတော်ကြွလာ၊ နေရာအသင့်၊ ဆောက်ထားနှင့်သည်၊ ဖြိုးမြင့်သာယာ၊ နိဂြောဓါရုံ၊ ကျောင်းရွှေဘုံသို့"ဟူ၍ ရှင်မဟာသီလဝံသက "ဗုဒ္ဓုပ္ပတ္တိပျို့" စာမျက်နှာလေးဆယ်တွင် စပ်ဆိုထားသည်။ ဂါထာ ၁၀ဝဝ ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကြီးကို ဟောတော်မူခဲ့သည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည်လည်း မဟာဓမ္မပါလဇာတ်တော်ကြီးကို ကြားနာရသဖြင့် အနာဂါမ်တည်ခဲ့သည်။ နောင်အခါ အရဟတ္တဖိုလ်တည်သွားသည်။ ဗုဒ္ဓဘုရားရှင်ကပိလဝတ်ပြည်သို့ကြွရောက်တော်မူ၍ တရားဟောတော်မူသဖြင့် မိထွေးတော်ဂေါတမီသည်လည်း သောတာပန်တည်သည်။ ယသော်ဓရာကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကိုလည်း ဘုရားဟောတော်မူခဲ့သည်။ ညီတော်နန္ဒမင်းသား ရဟန်းပြုဖြစ်သည်။ သားတော်ရာဟုလာ သာမဏေဘဝသို့ ရောက်ရှိသည်။ သာကီဝင်မင်းသားတစ်ထောင်ရဟန်းဘောင်သို့ ရောက်ရှိသည်။ ဆွေမျိုးတို့ဘုရားရှင်ကို ကြည်ညိုစေရန် ဆောင်ရွက်ရာ၌ အထူးအောင်မြင်ခဲ့သည်။ ဘုရားရှင်ကို ကပိလဝတ်ပြည်သို့ ပင့်ဆောင်နိုင်ခဲ့သော ကာဠုဒါယီမထေရ်ကို ကုလပ္ပသာဒတေဒဂ်ဘွဲ့ ချီးမြှင့်တော်မူခဲ့သည်ဟု ဘုရားရှင်၏ ပြည်တော်ပြန်ခရီးအကြောင်းကို ရှင်မဟာသီလဝံသက ဗုဒ္ဓုပ္ပတ္တိပျို့တွင် စေ့စုံအောင် စပ်ဆိုခဲ့သည်။

တပေါင်းလ "မိန်ရာသီ" သည် ပျက်ခြင်း၊ ဖြစ်ခြင်းတို့ကို နှစ်မျိုးလုံးမြင်တွေ့ရသော လရာသီတစ်ခုဖြစ်သည်။ သတိချပ်မည်ဆိုလျှင် တရားယှဉ်သူတော်စင်များသာမက ပုထုဇဉ်များပင်လျှင် ဖြစ်ပျက်သဘောကို သံဝေဂယူရသော လရာသီတစ်ခုဖြစ်သည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်နုကြသည်။ တောတောင်တစ်ခွင်လုံး သာယာသဖြင့်လည်း ကျေးငှက်တို့ ငှက်သဘင်ကျင်းပသောလ လည်းဖြစ်သည်။

မိန်ရာသီလတပေါင်း၏ ရာသီဥတုသည် လူနေမှုကဏ္ဍဘက်၌ သာသာယာယာရှိသကဲ့သို့ ဘာသာသာသနာရေးကဏ္ဍဘက်တွင်လည်း သာသာယာယာဖြစ်ခဲ့သော လတစ်လဖြစ်သည်။ ထို့ကြောင့် ဘာသာရေးသမိုင်းလည်းကောင်းခဲ့သော နေချင်ဖွယ်ရာလည်းကောင်းသော တပေါင်းလ၏ ဝိသေသထူးတို့ကို တင်ပြရေးသားလိုက်ပါသည် ။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)**
- **ရှင်မဟာသီလဝံသ၏ "ဗုဒ္ဓုပ္ပတ္တိပျို့"**

# SSPC Chairman Commander-in-Chief of Defence Services Senior General Min Aung Hlaing meets officers, other ranks and families in Homalin Station

## It is necessary to turn out capable Tatmadaw members to build a powerful Tatmadaw


Senior General Min Aung Hlaing meets officers, other ranks and families in Homalin Station.

**Nay Pyi Taw February 15**

Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing held a meeting with officers, other ranks and families of Homalin Station under the North-West Command this morning.

Also present at the meeting were Daw Kyu Kyu Hla, the wife of the Senior General, Commission Secretary General Ye Win Oo and his wife, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) General Tun Aung and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of North-West Command, and officers, other ranks and families of Homalin Station.

**Fair and prestigeous election held successfully**

Speaking on the occasion, the Senior General said that due to the irregularities that occurred in the 2020 general election, Tatmadaw carried out the State's responsibilities in accordance with the 2008 Constitution. At the time Tatmadaw initially took responsibility, there were widespread protests and armed violence. The government was able to manage and resolve the protests calmly. Although the protests later decreased, elections could not be held during the two-year period due to armed conflicts.

Similarly, in 2023, due to incidents in Rakhine State such as the cyclone Mocha, and in 2024, natural disasters such as flooding in central Myanmar and the Mandalay earthquake, the government had to undertake reconstruction efforts. In carrying out State-led reconstruction in Rakhine State, the Tatmadaw assigned separate responsibilities to senior military officers, and within approximately six months, reconstruction activities were successfully implemented.

As the situation in the country improved, a multiparty democratic general election was held. Starting from 28 December 2025, the government conducted the election in three phases. In carrying out the election, preparatory work was undertaken to ensure a fair and credible election. To obtain accurate voter lists, population and household data were collected in 2024. During voting, the Myanmar Electronic Voting Machines (MEVMs) were used to prevent electoral fraud. During the election period, there was maximum engagement with the public, and it was observed that the parties trusted and relied upon by the people were the ones that won.

**Efforts to build a powerful and capable Tatmadaw**

As the Tatmadaw must carry out the State's security and defence responsibilities regardless of which political government is in power. Historical records show that since the country gained independence, the Tatmadaw has been involved in resolving internal armed conflicts. While maintaining internal armed conflicts is officially the responsibility of the Myanmar Police Force, the Tatmadaw has participated as needed and continues to assist in enhancing the capabilities of the police. The Tatmadaw is fulfilling the nation's defence duties and must continue to operate as a capable and powerfularmed force.

In today's era of technology, advanced technologies are being applied on the battlefield. Therefore, efforts are being made to ensure that both the Tatmadaw and Myanmar Police Force can fully apply modern technologies. The police and the Tatmadaw must operate together as coordinated forces, and for regional peace and stability, the Tatmadaw, MPF, and local communities must collaborate in their efforts.

The Tatmadaw is striving to make itself a capable and powerful armed force. To ensure a Tatmadaw that can compete internationally in combat capability, the Tatmadaw (Navy) and Tatmadaw (Air) are continuously upgrading and adding ships and aircraft, while the Tatmadaw (Army) is steadily enhancing and supplementing necessary vehicles, weapons, equipment, and modern military technologies.

It is necessary for Tatmadaw members to become capable soldiers who can fully utilize the combat power, modern weapons, and military technologies provided by the State and the Tatmadaw. Therefore, efforts must be made to develop competent Tatmadaw members who can skillfully apply their mastered military techniques. They must continuously study, train, and follow procedures to become strong and resilient, and they must always learn and practise new military tactics and weapons to be able to use them effectively on the battlefield. Likewise, they must constantly train to handle and operate military equipment skillfully. They must study modern military strategies and apply them in ways suited to our country. The Tatmadaw must implement necessary changes in response to evolving global circumstances. Educational programs and research must be continuously conducted. To build a strong and capable Tatmadaw, it is essential to develop competent personnel, and efforts must be made to ensure that Tatmadaw members achieve this level of capability.

**Comprehensive efforts to strengthen the country's economy**

In terms of the economy, the country has a population of around 55 million, with about half engaged in agriculture and livestock, while nearly 75 percent live in rural areas. Therefore, agricultural and livestock production are being encouraged to strengthen rural-based businesses. At the same time, the education sector is being promoted nationwide to nurture skilled human resources. Expanding agricultural and livestock production across the country will significantly contribute to national GDP growth.

For rural development, agricultural and livestock production must be implemented in a systematic manner, and opportunities for everyone to participate in productive work need to be created. If agricultural production is fully cultivated and expanded, export volumes will rise and foreign earnings will increase. Therefore, all are encouraged to boost the production of marketable goods to support regional development.

**To serve the interests of the state and Tatmadaw to the fullest extent possible**

The Senior General said that all military personnel should diligently fulfill their individual duties, work towards building a capable and strong Tatmadaw, and carry out the responsibilities assigned to them in the interests of the State and the Tatmadaw. They should uphold the quality and standards of the Tatmadaw by performing their duties conscientiously, while also supporting education to improve the lives of their children. He urged them to strive to become reliable human resources for the State, noting that such efforts would benefit not only their families but also the nation. He emphasized that all personnel should serve the interests of the State and the Tatmadaw to the best of their ability and carry out their national defense duties with full commitment.

Afterwards, the Senior General presented food items to the officers, other ranks and their families, which were received by the station commander. The wife of the Senior General also presented cash awards to the maternal and child welfare association of the military station, and these were accepted by the station commander's wife.

After the meeting, the Senior General and members warmly greeted the families of the officers and other ranks in attendance. 100

# Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets district- and township-level departmental officials and local elders from Homalin



Senior General Min Aung Hlaing meets departmental officials and local elders from Homalin, Sagaing Region.

**Nay Pyi Taw February 15**

Acting President of the Republic of the Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met departmental officials and local elders from Homalin, Sagaing Region at the town hall this afternoon, and discussed regional development

Also present at the meeting were SSPC Secretary General Ye Win Oo, union ministers, Sagaing Region Chief Minister U Myat Kyaw, senior military officers from Office of Commander-in-Chief, the North-West Command commander, deputy ministers, district- and township-level departmental officials, local elders, members of ethnic traditional literature and culture associations and local people.

**Regional points and requirements for regional development discussed**

The region chief minister reported on points of Sagaing Region, education, health and sports promotion activities, agriculture and livestock undertakings, endeavours for MSME development and facilitation of commodity flow, successful holding of the election in Sagaing Region, progress in carrying out reconstruction and rehabilitation activities after hit by the Mandalay earthquake, implementation of hydropower projectsin the region, and U Ye Win, Chair of Homalin District Management and Administration Committee, on points in connection with administration, social sector and economy of the district, implementation of regional development projects in accord with the directives of the State, progress in agriculture and livestock farming, education and health promotion undertakings and successful holding of the election.

Local elders presented a report on the gratefulness of the local people for upgrading Homalin from a township to a district town, requirements for youth domestic training school, extending flights because of the transport difficulties, programs for ensuring adequate drinking water supply, adequate electricity supply, the basic need for regional development, earliest completion of hydropower projects in the area, enforcingconservation activities at Htamanthi wildlife sanctuary, upgrading of Homalin College into a university and other requirements.

**Discussions of region chief minister, union ministers and deputy ministers**

Regarding the reports, the region chief minister, union ministers and deputy ministers explained matters relating to the day-wise regular flights of State-owned and private airlines to Homalain area, cargo flights for local food sufficiency, apart from passenger flights to the area, action being taken against those who were selling air tickets at the prices higher that the set rates, field surveys to erect river water pumping stations to ensure adequate water supply for Homalin, efforts for completion ofNampanga hydropower project in 2027 to meet the power demand of the area, encouragement for growing lowland coffee that can be suitable with the condition of the local terrain, availability of seeds and inputs at the relevant ministries, available help from the relevant ministries for agriculture and livestock undertakings, requirements to apply for use of vacant and virgin lands in accord with the legal procedures set by the State and regulations to prevent the use of land through other means, continued progress in forest conservation in Homalin District according to a study of its forested areas, local and national development through production of quality and finished bamboo and rattan based goods as the area has an abundant supply of the said two plants, arrangements to further enforce conservation progress at Htamanthi wildlife sanctuary through field surveys and necessary support, national level cooperation to alleviate the problem of cross-country haze and air pollution, progress in upgrading Homalin-Kattha-Mowainlut road, collective maintenance of Homalin-Katha bridge by local people, establishment of cooperative societies and provision of support for progress of villages in the district, efforts for earliest completion of Nampanga hydropower project and cable installation and infrastructure project for meeting the local electricity demand and the need for local people's collection protection, progress in rebuilding and repairing religious buildings in Sagaing Region hit by the Mandalay earthquake.

**Discussed matters related to regional development**

Then, the Senior General stated that Homalin region still needs to carry out more regional development activities than it is currently doing. As an example regarding education, he noted that grade transition rates remain low and that it is necessary to encourage and promote education. He added that if academic proficiency is weak, there will continue to be weaknesses in knowledge, which will further delay the implementation of regional development. He also stated that regional development can only be more effectively implemented when there are human resources enriched with knowledge and skills. By producing abundant human resources skilled in agriculture and livestock—the primary businesses of the region and the nation—abright future for the region and the country can be shaped. He noted that success in agriculture can be achieved if the four requirements—quality seeds, soil, water, and technique—are met. He added that yields will increase by utilizing systematic modern techniques instead of traditional methods in agriculture and livestock farming. He then stated that human resources are required to carry out systematic agriculture and livestock farming. He noted that it is necessary to conduct modern farming activities rather than just local traditional ones. He added that if local chickens, pigs, and cattle are raised using modern techniques instead of traditional methods, it will support the food security of the region.

He stated that during their tenure, they strived for the nation's food security. He noted that measures were taken to ensure an adequate supply of meat, fish, drinking water, and rations for consumption. He mentioned that while Homalin region is self-sufficient in rice, it is necessary to cultivate high-quality paddy. Regarding water requirements, he added that as the Chindwin River and numerous creeks are abundant, water from these sources can be effectively utilized to obtain sufficient irrigation and drinking water. He pointed out that technical skills are required to utilize these resources and that solar-powered river water pumping projects can be implemented to carry out water pumping operations.

Similarly, he stated that the government is working to complete the Nam Panga hydropower project as soon as possible to ensure sufficient power supply in the region. He noted that solar power generation activities can also be carried out to provide local electricity and urged residents to consider such options. He emphasized that since regional development requires educated human resources with academic and vocational skills, it is necessary to produce them locally. He added that people must work genuinely for the progress of their region, while the state must create opportunities for them to do so. He concluded by urging everyone to strive together for the development of their native region.

He stated that if food and consumer goods can be sufficiently produced within the region, it will support the stability of regional commodity prices; therefore, he urged efforts to improve agriculture and livestock production activities. He noted that animal feed required for livestock farming can be produced using local agricultural products. He concluded by calling for collaborative efforts to promote the regional education sector and to enhance the agriculture and livestock production sectors.

*See Page 13*


Senior General Min Aung Hlaing presents gifts for departmental personnel.


Senior General Min Aung Hlaing presents gifts for local people.

*From Page 12*

Regarding agriculture, he stated that it is necessary to carry out modern farming activities based on the four pillars—quality seeds, soil, water, and technique—to increase per-acre yields. Regarding food supplies, he noted the need to cultivate kitchen crops within the region and urged efforts toward regional food self-sufficiency. He pointed out that although the Institute of Agriculture and Livestock (Homalin) has been opened, enrollment is low, with no students currently attending the livestock courses; therefore, it is necessary to ensure students take up livestock studies to produce human resources that can support the region's livestock sector. He also mentioned that to secure markets for local agricultural products, market research must be conducted to ensure products meet quality standards. He added that human resources proficient in economics are required for such tasks and that these subjects are being taught at universities and colleges. Finally, he stated that the government is opening Polytechnic Universities across Regions and States to ensure an abundance of technically skilled human resources.

It can fundamentally be seen that there are insurgencies in some areas of Sagaing Region as a result of weaknesses in knowledge and wisdom. Although political differences should be resolved through political means, acts of terror are being committed. Citing politics, large volumes of natural resources of the country are being exploited for self-interests. Similarly, they are forcefully collecting money from local residents by using their weapons for their self-interests. As such acts place burdens on local residents, it is necessary to combat them in cooperation with local authorities.

The government has had to assume the responsibilities of the State due to voting frauds in the 2020 general election in accordance with the 2008 constitution. The Tatmadaw cooperated with respective governments during the two terms of the democracy governments. Since assuming State responsibilities, we have adopted objectives, and promised to transfer State responsibilities to the winning party after the election process.

The Tatmadaw held three phases of elections successfully starting from 28th December, 2025 in accordance with the aspiration of the people as a fair and dignified election. To hold the elections, we conducted population and household census to compile correct voters' lists.

To restore lasting peace in the country, we consistently hold peace talks and it is necessary for all to jointly oppose to eliminate terrorist organizations that are destroying peace in the region. It is necessary for all of us to make concerted efforts for the development of the country, which requires abundant supplies of educated human resources, therefore, we are exerting efforts for promotion of the education sector.

Concerning flights to the Homalin region, the government is scheduling as many as possible. Measures are also being taken to operate flights systematically. It is also necessary for local residents to make concerted efforts for the development of the people.

Then, the Senior General presented gifts for local departmental officials and members of the Shan national cultural troupe, the Chin national cultural troupe and the Naga national cultural troupe presented gifts to the Senior General.

Afterward, the Senior General cordially greeted the departmental officials, town elders and local residents at the meeting.

Afterward, the Senior General and party viewed the exhibition booths of local MSME products attentively one by one and gave necessary instructions on reports of the officials.

100

# Kidney bean planted in Indaw Township exceeding the target cultivation

**Indaw February 15**

Local farmers planted kidney bean as cold season crop in Indaw Township of Sagaing Region, exceeding the target cultivation this cold season, according to the township Agriculture Department.

During the 2025-2026 winter crop planting season, Indaw Township planned to cultivate kidney beans on 3,314 acres. Planting began in October 2025, and as of now, 3,430 acres have been successfully planted.

"During the winter crop season in Indaw Township, 3,314 acres of kidney beans were planned, and we have managed to plant 3,430 acres, exceeding the planned allocation. To ensure good yields and high-quality beans, we are working closely with farmers to provide them with high-quality seeds, fertilizers, and post-harvest technical guidance," said U Thein Zaw, Head of the Indaw Township Agriculture Department.

In Indaw Township, farmers planting kidney beans receive guidance from the Township Agriculture Department to expand planting areas, achieve high yields, implement GAP (Good Agricultural Practices) techniques, use high-quality seeds, and cultivate varieties with good productivity.

Crops grown using GAP techniques have higher quality and command better prices compared to those grown with other methods. Because of their superior quality, these crops can be sold not only in domestic markets but also exported to international markets. Farmers who adopt these techniques are therefore able to increase their benefits and profits. 206

# At least 11 killed in Israeli strikes across Gaza: civil defence

**Gaza February 15**

Gaza's Civil Defence agency said on Sunday that at least 11 Palestinians were killed in Israeli airstrikes across the enclave, revising an earlier toll of nine.

Civil Defence spokesperson Mahmoud Basal said Israeli aircraft carried out strikes from dawn to midday in several areas.

One person was killed and several others wounded when a drone struck a group in the Tel al-Hawa neighborhood west of Gaza City, he said. Local sources identified the dead man as Sami al-Dahdouh, a member of the Islamic Jihad movement. The group did not immediately comment.

Basal said three people were seriously wounded in a separate drone strike west of Beit Lahia in northern Gaza.

Earlier, 10 people were killed in two airstrikes that hit a tent sheltering displaced people in the Jabalia refugee camp in the north and a gathering in Khan Younis in the south, he added.

Residents said Israeli forces also demolished homes near the Sheikh Zayed area north of Jabalia, accompanied by artillery fire and gunfire. Artillery shelling was also reported in the al-Tuffah neighbourhood in eastern Gaza City. Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns retake and control Hpasaung Town temporarily held by KNPP, KNDF groups and PDF designated terrorists



Tatmadaw columns retake control of Hpasaung Town temporarily held by terrorist insurgents.



Tatmadaw columns retake control of Hpasaung Town temporarily held by terrorist insurgents.

**Nay Pyi Taw February 15**

The Tatmadaw, with the participation of local residents, is making efforts to conduct counter-terrorism clearance operations in regions temporarily held by terrorist insurgents who are committing acts of terror, in order to bring peace, stability, and development to the state, and is regaining control. It has been reported that today, February 15, the Tatmadaw has fully retaken control of Hpasaung Town, Kayah State, which was temporarily held by KNPP, KNDF groups and PDF designated terrorists, and is continuing necessary security and area clearance operations.

It is reported that the KNPP, KNDF groups and PDF designated terrorist groups, starting from December 2021, have been committing violent destructive acts aimed at disrupting the government's administrative mechanism in Kayah State and instilling fear among the local ethnic people. They launched battles to seize control of Loikaw, the capital of Kayah State. When Tatmadaw columns, in cooperation with local residents, fought back and cleared the terrorist insurgents, the terrorist insurgents fled in disarray into Demoso Township. They infiltrated and took cover in towns and villages, disguising themselves as villagers, and then, using armed force, intimidated and oppressed the people, carried out destructive activities to collapse the government's administrative machinery, and cut off and blocked communication routes in the area, forcing local residents to flee to safer places.

Therefore, Tatmadaw columns launched a counter-terrorism operation codenamed "Yan Naing Min" to quickly retake control of towns, villages, and communication routes that were temporarily held and blocked by terrorist insurgents. As a result, Demoso Town and its surrounding areas, which were temporarily held by KNPP, KNDF groups and PDF designated terrorist insurgents, were retaken on August 19, 2025.

The terrorist insurgents who fled in disarray from Demoso Town then temporarily held Hpasaung Town and continued destructive activities within Hpasaung Township. In order to gain total control over that entire region, as a decisive battle, the local based regional commands were attacked with full force in four major offensives, being surrounded and blocked, on June 26 and 30, 2025, and on July 5 and 7, 2025. However, the officers, soldiers, and family members, with the spirit of fighting to the last man and resisting fiercely, resolutely fought back to prevent their unit from falling into enemy hands. Due to their brave resistance, the terrorist insurgents could not capture the regional command headquarters and suffered many casualties, retreating in disarray. They only managed to temporarily hold Hpasaung Town by shelling it from a distance with heavy weapons, while their main core groups carried out successive blockades at locations where Tatmadaw reinforcement columns were expected to come. During this period, 8 major and minor battles occurred, and 6 bodies and 11 various types of weapons were captured from the terrorist insurgents.

Tatmadaw columns made necessary preparations and regrouped to retake Hpasaung Town and its surrounding areas, which were temporarily held by KNPP, KNDF groups and PDF designated terrorist insurgents. Starting from September 30, 2025, they began clearance operations, methodically advancing from the western side of the Bawlakhe-Htoochaung-Hpasaung communication route. They first took control of the Htoochaung bridge area, which had been destroyed by mine blasts set by terrorist insurgents, on November 27. Continuing with tactically divided column maneuvers, they cleared areas step by step, fiercely engaging the enemy. On February 12, 2026, they managed to capture and control the core villages of the terrorist insurgents, Namkit Village and Papu Village, after hard-fought battles. Following that, they continued clearing and advancing towards Hpasaung Town, and today, February 15, 2026, Tatmadaw columns have permanently recaptured and controlled Hpasaung Town.

During this recapture operation, 31 major and minor battles occurred with the terrorist insurgents. From the enemy, 17 various types of weapons, bodies of terrorists, and explosives-related materials used in terrorist activities were seized. It is reported that some security force members made the supreme sacrifice for the state, and others were injured.

It is reported that during the period KNPP, KNDF groups and PDF designated terrorist insurgents temporarily held Hpasaung Town, they used religious buildings, schools, departmental buildings, hospitals/clinics, and residential houses as cover, building bunkers inside them to attack Tatmadaw columns. They broke into local residents' homes and market stalls, forcibly taking valuable items, foodstuffs, and supplies. They planted mines between residential buildings and on public communication routes. They used local residents as human shields while firing and attacking. They also committed arson and destruction. In response, it is reported that security force members, in cooperation with local residents, will carry out urgent repair work on the buildings and residences destroyed by the terrorist insurgents.

News has been received that with the Tatmadaw columns successfully recapturing Hpasaung Town in this manner, the main Loikaw-Demoso-Phruso-Bawlakhe-Hpasaung communication road will soon be reopened. It is reported that local residents are happy and joyful about this. The Tatmadaw columns are increasing necessary security operations in coordination with local residents to ensure that this main road can be reopened as soon as possible. 100


Documentary photo of Htoochaung Bridge, which was mined and destroyed by terrorist insurgents.


Documentary photo of the bodies of terrorist insurgents.


Documentary photo of the bodies of terrorist insurgents.

# ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်(တပေါင်းပွဲတော်)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



ယခင်နှစ်က ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား၏ ဗုဒ္ဓပူဇနီယပွဲတော်ကိုတွေ့ရစဉ်။

**ပင်းတယ ဖေဖော်ဝါရီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်(တပေါင်းပွဲတော်)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယပူဇော်ပွဲတော် ကျင်းပရေးကော်မတီထံမှ သိရသည်။

ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယပူဇော်ပွဲ (တပေါင်းပွဲတော်)ကို လာမည့် တပေါင်းလဆန်း ၁၀ ရက် (ဖေဖော်ဝါရီ ၂၅ ရက်)မှ တပေါင်းလပြည့်နေ့(မတ်၂ ရက်)ထိ ကျင်းပသွားမည်ဖြစ်ပြီး ဗုဒ္ဓပူဇနီယပွဲတော် ကာလအတွင်း အစဉ်အလာအတိုင်း ဇာတ်သဘင်နှင့်တွဲဖက်၍ ဓနုဒေသ တိုင်းရင်းသားများ ကပြဖျော်ဖြေခြင်းများနှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

"ဗုဒ္ဓပူဇနီယပူဇော်ပွဲ (တပေါင်းပွဲတော်)အတွင်း ဓနုဒေသမှာနေထိုင်ကြတဲ့ဓနု၊ တောင်ရိုး၊ ပအိုဝ့်၊ ပလောင်၊ ရှမ်း၊ အင်းသား၊ ဗမာစတဲ့ တိုင်းရင်းသားပြည်သူတွေက ရွှေဥမင် သဘာဝလိုဏ်ဂူတော် အတွင်းမှာရှိတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၈၀၉၄ ဆူကို ဆွမ်းခဲဖွယ်ဘောဇဉ်တွေ ဆက်ကပ်လှူဒါန်းခြင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ နဝကမ္မ အလှူတော်ငွေတွေ ဆက်ကပ်လှူဒါန်းခြင်း၊ ဓနုဒေသ ပင်းတယမြို့နယ်လုံးကျွတ် သံဃာတော်တွေ၊ ရပ်နီးရပ်ဝေးက သံဃာတော်တွေကို အရုဏ်ဆွမ်း ဆက်ကပ်ခြင်းနဲ့ ဆွမ်းဆန်စိမ်း လောင်းလှူခြင်းတွေကို ဆောင်ရွက်မှာဖြစ်ပြီး ဓနုတိုင်းရင်းသားတွေ ဆုံဆည်းရာနေ့ အခမ်းအနားကိုလဲ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်" ဟု ရွှေဥမင် သဘာဝလိုဏ်ဂူတော်ဘုရား ဗုဒ္ဓပူဇနီယပူဇော်ပွဲတော် ကျင်းပရေးကော်မတီဝင် ဦးစိုင်းပေတိက ပြောပြသည်။

ASH

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (ဓာတ်ပုံ) ခြောက်ဆုရ ရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးသန်းညွန့်(ပန်းသာ) လူကြီးရောဂါဖြင့် ကွယ်လွန်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (ဓာတ်ပုံ) ခြောက်ဆုရ ရုပ်ရှင်ဓာတ်ပုံပညာရှင် ဦးသန်းညွန့်(ပန်းသာ) သည် လူကြီးရောဂါဖြင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နေအိမ်တွင် ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၇၇ နှစ်ရှိပြီဖြစ်သည့် ဦးသန်းညွန့်(ပန်းသာ) သည် ရုပ်ရှင်အနုပညာလောကတွင် ရုပ်ရှင်ဓာတ်ပုံပညာရှင်အဖြစ် နှစ်ပေါင်း ၄၀ ကြာရပ်တည်ခဲ့သူဖြစ်ပြီး ကွယ်လွန်ချိန်ထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(ဓာတ်ပုံ) ခြောက်ဆုထိ ရရှိထားသော ရုပ်ရှင်ဓာတ်ပုံပညာရှင်ဖြစ်ကြောင်း သိရသည်။



"ကျွန်တော်တို့ရဲ့ ရုပ်ရှင်လောကသားထဲက ပညာရှင်တစ်ယောက် ဆုံးရှုံးရတာလဲဖြစ်ပါတယ်။ သူက အာရုံကြောအားနည်းတော့ လမ်းမလျှောက်နိုင်ဘဲ အမြင်အာရုံတွေပါ အားနည်းခဲ့တာပါ။ အသက်အရွယ်ရလာတော့ ဆီးချိုသွေးတိုးလဲရှိတယ်။ လေလဲနဲနဲဖြန်းထားတော့ နာတာရှည်ပုံစံမျိုးဖြစ်နေတာပါ။ အခုလို ရုပ်ရှင်ဓာတ်ပုံပညာရှင်တစ်ဦး ဆုံးရှုံးသွားတဲ့အတွက် စိတ်မကောင်းဖြစ်ရပါတယ်"ဟု မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြသည်။

ရုပ်ရှင်ဓာတ်ပုံ ပညာရှင် ဦးသန်းညွန့်(ပန်းသာ)၏ ရုပ်ကလာပ်ကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁၁ နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ ရေဝေးသုသာန်တွင် သင်္ဂြိုဟ်သွားမည်ဖြစ်ကြောင်း ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

# The Mummy ထိတ်လန့်သည်းဖို့ရုပ်ရှင်ဇာတ်ကားသစ်ကို ၂၀၂၈ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသမည်ဖြစ်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

The Mummy ထိတ်လန့်သည်းဖို့ ရုပ်ရှင်ဇာတ်ကားသစ်ကို



၂၀၂၈ ခုနှစ် မေ ၁၉ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၄ ရက်သတင်းများအရ သိရသည်။

ယူနီဗာဆယ်၏ The Mummy ဇာတ်ကားသစ်တွင် The Mummy (1999)မှ မင်းသား ဘရန်ဒန်ဖရေဇာနှင့် မင်းသမီး ရေချယ်ဝိုက်စ်တို့ ပြန်လည် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် The Mummy ဇာတ်ကား၏ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို ယူနီဗာဆယ် ကုမ္ပဏီက လျှို့ဝှက်ထားဆဲဖြစ်ကြောင်းသိရသည်။

The Mummy ဇာတ်ကားသစ်ကို ဒါရိုက်တာ မက်ဘတ်တီနယ်လီအော်ပင်နှင့်တေလာဂျီးလက်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကော့ဂျက်ဟောက ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားရိုက်ကူးမည့်ရက်ကို ယူနီဗာဆယ်ကုမ္ပဏီက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ဆိုနီရုပ်ရှင်၏ Helldivers ဇာတ်ကား၌ မင်းသား ဂျေဆင်မက်မိုအာ ပါဝင်သရုပ်ဆောင်မည်




**နယူးယောက် ဖေဖော်ဝါရီ ၁၅**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Helldivers ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဂျေဆင်မက်မိုအာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Helldivers ဇာတ်ကားသည် Arrowhead Game Studios ၏ ခေါင်းစဉ်အမည်တူ ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Helldivers ဇာတ်ကားကို ဒါရိုက်တာ ဂျက်စတင်းလင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Helldivers ဇာတ်ကားသည် Helldivers ခေါ် လက်ရွေးစင်တပ်ဖွဲ့ဝင်များနှင့် ဂြိုဟ်သားများအကြား စစ်ပွဲကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Helldivers ဇာတ်ကားကို ၂၀၂၇ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

မင်းသား ဂျေဆင်မက်မိုအာသည် Supergirl: Woman of Tomorrow ဇာတ်ကားသစ်တွင်လည်း ပါဝင်သရုပ်ဆောင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# Bodyman အက်ရှင်ဇာတ်ကား၌ မင်းသား နစ်ခ်ဂျိုးနပ်စ် ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၅**

Bodyman အမည်ရှိ လျှို့ဝှက်သည်းဖို့ အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား နစ်ခ်ဂျိုးနပ်စ် ပါဝင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၄ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

Bodyman ဇာတ်ကားသည် စိတ်နေစိတ်ထား ထူးဆန်းသည့် ဘီလျှံနာသူကြွယ်တစ်ဦးက ၎င်း၏ ကိုယ်ပိုင် လက်နက်ကိုင်တပ်ကို သက်တော်စောင့်လက်ထဲ လွှဲပေးခဲ့ပြီးနောက် ပေါ်ထွက်လာသည့် မိသားစုတွင်း အားပြိုင်မှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Bodyman ဇာတ်ကားကို Homefront ဒါရိုက်တာဂါရီဖလီဒါက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘိုင်ရွန်ဘာလက်စကိုက တာဝန်ယူရေးသားပေးထားသည်။

Bodyman ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဇွန်လအတွင်းစတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

Bodyman ဇာတ်ကား ရုံတင်ပြသမည့်အချိန်ကို ထုတ်လုပ်သူများက ကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

## စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့် တပ်မတော်သားများ လိုအပ်





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဟုမ္မလင်း တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့

ထိုသို့တွေ့ဆုံအမှာစကားပြောကြားရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ စတင်တာဝန်ယူခဲ့ရသည့် အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ လက်နက်ကိုင် အကြမ်းဖက်ခြင်းများဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဆူပူဆန္ဒပြမှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့ပြီးနောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများလျော့ပါးသွားခဲ့သော်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နှစ်နှစ်တာကာလအတွင်း ရွေးကောက်ပွဲကျင်းပနိုင်ခဲ့မှု မရှိကြောင်း။

အလားတူ ၂၀၂၃ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ အလယ်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်းနှင့် မန္တလေးငလျင်ကြီးစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် နယ်မြေဒေသအလိုက် တပ်မတော်အရာရှိကြီးများကို သီးခြားတာဝန်များပေးအပ်ပြီးဆောင်ရွက်ခဲ့ရာ ခြောက်လခန့်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

တိုင်းပြည်အခြေအနေ တိုးတက်လာသည်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ စတင်၍ ရွေးကောက်ပွဲကို အပိုင်းသုံးပိုင်းခွဲပြီး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုသို့ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ရာတွင် တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများ မှန်ကန်စွာရရှိစေရေးအတွက်လည်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ဆန္ဒမဲများပေးရာတွင်လည်း မဲမသမာမှုများကို လုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစနစ်(MEVM)များကို အသုံးပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ပြည်သူလူထုနှင့် ထိတွေ့မှုအများဆုံးရှိပြီး ပြည်သူလူထုက ယုံကြည်အားကိုးသည့်ပါတီများ အနိုင်ရရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

**တိုက်စွမ်းအားနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ရှိ ရေယာဉ်၊ လေယာဉ်များကို အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော်(ကြည်း)အတွက် လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက်အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့်လျော်ညီသည့် စစ်ဘက်နည်းပညာများ အဆင့်မြှင့်တင်ဖြည့်ဆည်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိ . . .**

### စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော် ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်

တပ်မတော်အနေဖြင့် နိုင်ငံရေးအစိုးရများ မည်ကဲ့သို့ပင်ပြောင်းလဲသည်ဖြစ်စေ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ဖြေရှင်းနေရသည်ကို သမိုင်းကြောင်း အထောက်အထားများအရ သိရှိနိုင်ကြောင်း၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကို ထိန်းသိမ်းဆောင်ရွက်ရမည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်ဖြစ်သော်လည်း လိုအပ်ချက်အရ တပ်မတော်မှပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း စွမ်းရည်မြှင့်တင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်အောင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် အဆင့်မြင့် နည်းပညာများကို အသုံးချလာကြကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့တွင် ခေတ်နှင့်အညီ နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့သည် ညီနောင်တပ်ဖွဲ့များ အဖြစ် လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေး အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စွမ်းရည်၊ စွမ်းအားရှိသည့်တပ်မတော်ဖြစ်စေရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ **တိုက်စွမ်းအားနှင့် ပတ်သက်၍ နိုင်ငံတကာနှင့်ယှဉ်နိုင်သည့် တပ်မတော်ဖြစ်စေရေး တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)တို့ရှိ ရေယာဉ်၊ လေယာဉ်များကို အဆင့်မြှင့်တင်ခြင်းနှင့် ထပ်မံဖြည့်တင်းဆောင်ရွက်ခြင်းနှင့် တပ်မတော်(ကြည်း) အတွက်လိုအပ်သည့် ယာဉ်ယန္တရားများ၊ လက်နက်အသုံးအဆောင်ပစ္စည်းများ၊ ခေတ်နှင့်လျော်ညီသည့် စစ်ဘက်နည်းပညာများ အဆင့်မြှင့်တင် ဖြည့်ဆည်းခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း။**

နိုင်ငံတော်နှင့် တပ်မတော်ကဖြည့်ဆည်းပေးထားသော တိုက်စွမ်းအားနှင့် ခေတ်မီလက်နက်နည်းပညာများကို အပြည့်အဝအသုံးချနိုင်ရေး စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့် စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့တတ်မြောက်ထားသည့် စစ်အတတ်ပညာများကို ကျွမ်းကျင်တတ်မြောက်စွာအသုံးချနိုင်သည့်၊ ကျန်းမာကြံ့ခိုင်သည့် တပ်မတော်သားများဖြစ်အောင် **အမြဲလေ့လာ၊ လေ့ကျင့်၊ လိုက်နာ**ဆောင်ရွက်သွားကြရန် လိုကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန်လိုကြောင်း၊ အလားတူ မိမိတို့အသုံးပြုရသည့် စစ်အသုံးအဆောင်ပစ္စည်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးချနိုင်ရေးအမြဲလေ့ကျင့်နေကြရန် လိုကြောင်း၊ ခေတ်သစ်စစ်နည်းဗျူဟာများကို အမြဲလေ့လာပြီး မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် စစ်နည်းဗျူဟာများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ကမ္ဘာပေါ်တွင် ဖြစ်ပျက်ပြောင်းလဲနေသည့်အခြေအနေများအလိုက် တပ်မတော်အနေဖြင့် ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပညာပေးမှုများ၊ သုတေသနပြုမှုများကို အမြဲဆောင်ရွက်သွားကြရန်**လိုကြောင်း၊ **စွမ်းအား**




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ရာ တပ်နယ်မှူးက လက်ခံရယူစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ တပ်နယ်မှူး၏ဇနီးက လက်ခံရယူစဉ်။

ရှိသည့်တပ်မတော်ဖြစ်စေရေး စွမ်းရည်ရှိသည့် တပ်မတော်သားများလိုအပ်သဖြင့် စွမ်းရည်ရှိသည့်တပ်မတော်သားများဖြစ်စေရေးဆောင်ရွက်သွားကြရန်လိုကြောင်း။

**ကမ္ဘာပေါ်တွင် ဖြစ်ပျက်ပြောင်းလဲနေသည့်အခြေအနေများအလိုက် တပ်မတော်အနေဖြင့် ပြောင်းလဲမှုများကို ဆောင်ရွက်သွားရမည်ဖြစ်၊ ပညာပေးမှုများ၊ သုတေသနပြုမှုများကို အမြဲဆောင်ရွက်သွားကြရန်လို . . .**

### နိုင်ငံ့စီးပွားတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး ထက်ဝက်ခန့်မှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ကြပြီး အဆိုပါလူဦးရေ၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြကြောင်း၊ ထို့ကြောင့် ကျေးလက်ကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများတိုးတက်လာစေရေး မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပညာတတ်လူသားအရင်းအမြစ်များလိုအပ်ခြင်းကြောင့် တစ်နိုင်ငံလုံး၏ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို တစ်နိုင်ငံလုံးတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP တိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ကြောင်း။

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အားလုံးက အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရန်လိုကြောင်း၊စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများကို အပြည့်အဝစိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ ပိုမိုရရှိလာမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း၊သို့မှသာ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

### နိုင်ငံတော်နှင့်တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်

တပ်မတော်သားများအနေဖြင့် မိမိတို့တစ်ဦးချင်းထမ်းဆောင်ရသည့် တာဝန်များအလိုက် ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်း၊ စွမ်းရည်ရှိသည့် တပ်မတော်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **တပ်မတော်သားများအားလုံးအနေဖြင့်လည်း မိမိတို့ကို ပေးအပ်ထားသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် တာဝန်ကျေပွန်ရမည်ဖြစ်ကြောင်း၊** မိမိတို့လုပ်ဆောင်ရမည့်တာဝန်များကို ကောင်းမွန်ကျေပွန်စွာထမ်းဆောင်ခြင်းအားဖြင့် တပ်မတော်၏အရည်အသွေး၊ တပ်မတော်၏အဆင့်အတန်းကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့၏ သားသမီးများ၏ ဘဝတိုးတက်စေရေးအတွက်လည်း ပညာရေးအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရသော လူသားအရင်းအမြစ်များဖြစ်စေရေးအထိ မျှော်မှန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့သားသမီးများ၏ ဘဝအတွက်သာမက နိုင်ငံတော်၏အကျိုးအတွက်ပါ ဆောင်ရွက်ပေးခြင်းပင် ဖြစ်ကြောင်း၊ **တပ်မတော်သားများအားလုံး အနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်သွားကြရန်နှင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို အင်ပြည့်အားပြည့်ထမ်းဆောင်သွားကြရန်မှာကြားလိုကြောင်းဖြင့်** ပြောကြားသည်။

**တပ်မတော်သားများအားလုံးအနေဖြင့်လည်း မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခြင်းအားဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် တာဝန်ကျေပွန်ရမည်ဖြစ်၊ တပ်မတော်သားများအားလုံးအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏အကျိုးကို တတ်နိုင်သမျှ အကောင်းဆုံးထမ်းဆောင်သွားကြရန်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အင်ပြည့်အားပြည့်ထမ်းဆောင်သွားကြရန်မှာကြားလို . . .**

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တပ်နယ်မှူး၏ ဇနီးကလည်းကောင်း လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၀၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ -၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၀၉၄၀၇၁

(သတင်းစဉ်)



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ရှေ့ဖုံးမှအဆက်

## ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးအတွက်လိုအပ်ချက်များကို အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စစ်ကိုင်းတိုင်းဒေသကြီးဆိုင်ရာ အချက်အလက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှု၊ မန္တလေးငလျင်ကြီးဖြစ်ပေါ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း၊ ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲဝင်းက ဟုမ္မလင်းခရိုင်၏ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာအချက်အလက်များနှင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ ဆောင်ရွက်နိုင်ခဲ့မှုတို့နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့မိမြို့ဖများက ဟုမ္မလင်းမြို့နယ်ကို မြို့နယ်အဆင့်မှ ခရိုင်အဆင့်အထိတိုးမြှင့်ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများက ဝမ်းမြောက်ကျေးဇူးတင်ရှိလျက်ရှိမှု၊ ဒေသအတွက်လိုအပ်လျက်ရှိသည့် လူငယ်သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးစေလိုမှု၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများရှိသည့်အတွက် လေကြောင်းလိုင်းများတိုးချဲ့ပြေးဆွဲပေးစေလိုမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးစေလိုမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်စွမ်းအား လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးစေလိုမှုနှင့် ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အမြန်ဆုံး ပြီးစီးမှုရှိစေရေး ဆောင်ရွက်ပေးစေလိုမှု၊ ထမံသီတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို ယခုထက် ပိုမိုထိန်းသိမ်းဆောင်ရွက်ပေးစေလိုမှု၊ ဟုမ္မလင်းကောလိပ်အား တက္ကသိုလ်အဆင့်တိုးမြှင့်ပေးစေလိုမှုနှင့် အခြားဒေသဆိုင်ရာ လိုအပ်ချက်များကို အသီးသီးတင်ပြကြသည်။

## တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ဟုမ္မလင်းဒေသသို့ နိုင်ငံတော်ပိုင်နှင့်ပုဂ္ဂလိကပိုင် လေကြောင်းလိုင်းများ နေ့အလိုက် ပုံမှန်ပြေးဆွဲဆောင်ရွက်လျက်ရှိမှုနှင့် ခရီးသည်တင်လေကြောင်းလိုင်းများအပြင် ဒေသစားရေးအဆင်ပြေစေရေးအတွက် ကုန်စည်တင်လေကြောင်းလိုင်းများကိုလည်း ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိမှု၊ လေကြောင်းလက်မှတ်များ အခက်အခဲမရှိစေရေးနှင့် ပုံမှန်ဈေးနှုန်းထက် ဈေးမြှင့်တင်ရောင်းချနေသူများကို ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိမှု၊ ဟုမ္မလင်းမြို့ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများဆောင်ရွက်ဖြေရှင်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းလျှပ်စစ်ဓာတ်အားဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပငရေအားလျှပ်စစ်စီမံကိန်းကို ၂၀၂၇ ခုနှစ်တွင် ပြီးစီးနိုင်ရေးဆောင်ရွက်လျက်ရှိမှု၊ ဟုမ္မလင်းဒေသ၏ မြေမျက်နှာသွင်ပြင်အနေအထားအရ မြေနိမ့်ကော်ဖီစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်သည်ဖြစ်သဖြင့် စိုက်ပျိုးဆောင်ရွက်သွားရန်တိုက်တွန်းလိုမှုနှင့် လိုအပ်သည့် မျိုးများနှင့် သွင်းအားစုများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်သွယ်ဆွေးနွေးနိုင်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆွေးနွေးညှိနှိုင်းအကူအညီတောင်းခံနိုင်မှု၊ ဟုမ္မလင်းဒေသအတွင်း မြေလွတ်မြေရိုင်းအသုံးချမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ကချမှတ်ပေးထားသည့် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြတောင်းခံဆောင်ရွက်သွားရန်လိုအပ်မှုနှင့် အခြားနည်းဖြင့် သုံးစွဲမှုမရှိစေရေးကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်မှု၊ ဟုမ္မလင်းခရိုင်၏ သစ်တောဖုံးလွှမ်းမှုကို လေ့လာချက်များအရ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားနိုင်မှုနှင့် ဝါးမျိုးစုံနှင့် ကြိမ်ထွက်ရှိသည့် ဒေသဖြစ်သဖြင့် ဝါးနှင့်ဝါးအခြေခံ အဆင့်မြင့်ထုတ်ကုန်များ၊ ကြိမ်ကုန်ချော ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မှု၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ယခုထက်ပိုမိုထိန်းသိမ်းဆောင်ရွက်ပေးနိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းနှင့် အခြားလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံဖြတ်ကျော်မီးခိုးငွေ့ လျော့ကျရေးနှင့် လေထုညစ်ညမ်းမှု လျော့ကျရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှု၊ ဟုမ္မလင်း-ကတ်သာ-မိုဝိုင်းလွတ် ဆက်သွယ်ရေးလမ်းကြောင်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိမှု၊ ဟုမ္မလင်း - ကတ်သာ ဆက်သွယ်ထားသည့် တံတားကို ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ ဟုမ္မလင်းခရိုင်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းအဖွဲ့များဖွဲ့စည်း၍ လိုအပ်သည့်ထောက်ပံ့ကြေးနှင့် ရင်းနှီးမတည်ငွေများကို ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒေသတွင်းလျှပ်စစ်ဓာတ်အားဖူလုံစွာပေးဝေနိုင်ရေးအတွက် နမ့်ပငရေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ ဓာတ်အားလိုင်းသွယ်တန်းရေးလုပ်ငန်းများ၊ အခြေခံအဆောက်အအုံ ထည့်သွင်းတည်ဆောက်ရေးလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်လျက်ရှိမှု၊ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ဘုရားစေတီပုထိုးများ၊ သာသနိက အဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေးပြောကြားကြသည်။

## ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြား

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ဟုမ္မလင်းဒေသအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခုထက်ပိုမိုဆောင်ရွက်သွားရန်လိုအပ်ချက်ရှိနေဆဲဖြစ်ကြောင်း၊ ဥပမာတစ်ခုအနေဖြင့် ပညာရေးပိုင်းနှင့်ပတ်သက်၍ တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းနေဆဲဖြစ်ပြီး ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အတန်းပညာတတ်မြောက်မှုအားနည်းပါက အသိပညာပိုင်း၌လည်း အားနည်းချက်များရှိနေဦးမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရာ၌ နှောင့်နှေးနေဦးမည်ဖြစ်ကြောင်း၊ **အသိပညာ အတတ်ပညာနှင့်ပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာလျှင် ဒေသဖွံ့ဖြိုး တိုးတက်မှုကို ပိုမိုအကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်**ကြောင်း၊ ဒေသနှင့် နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အသိပညာအတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်များ များစွာရရှိခြင်းအားဖြင့် ဒေသနှင့် နိုင်ငံ၏ အနာဂတ်ကောင်းကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသော နည်းလမ်းလေးသွယ်ဖြင့် ပြည့်စုံပါက အောင်မြင်ဖြစ်ထွန်းနိုင်မည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများအစား စနစ်ကျနသည့် ခေတ်မီနည်းစနစ်များ အသုံးချဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ တိုးမြှင့်လာမည်ဖြစ်**ကြောင်း၊ စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ဒေသန္တရ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းထက် ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဒေသန္တရ ကြက်၊ ဝက်၊ နွားများကို မိရိုးဖလာနည်းဖြင့် မွေးမြူခြင်းထက် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူသွားမည်ဆိုပါက ဒေသ၏ စားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။ စာမျက်နှာ ၁၉ သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရှမ်းအမျိုးသားယဉ်ကျေးမှုအဖွဲ့၊ ချင်းအမျိုးသားယဉ်ကျေးမှုအဖွဲ့တို့မှ တိုင်းရင်းသားများက တိုင်းရင်းသားရိုးရာလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများအစား စနစ်ကျနသည့် ခေတ်မီနည်းစနစ်များ အသုံးချဆောင်ရွက်ခြင်းဖြင့် အထွက်နှုန်းများ တိုးမြှင့်လာမည်ဖြစ်၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်စေရေး ဈေးကွက်သုတေသနပြုခြင်းများကိုလည်း ဆောင်ရွက်သွားကြရန်လို . . .**

စာမျက်နှာ ၁၈ မှအဆက်

မိမိတို့အနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်တွင် နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ စားသောက်ရေးအတွက် အသား၊ ငါးများ၊ သောက်သုံးရေများနှင့် ရိက္ခာများကို ဖူလုံစွာရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ ဟုမ္မလင်းဒေသတွင် ဆန်ဖူလုံမှုရှိကြောင်း၊ အရည်အသွေးကောင်းသည့် စပါးများ စိုက်ပျိုးရန်လိုကြောင်း၊ ရေလိုအပ်ချက်နှင့်ပတ်သက်၍ ချင်းတွင်းမြစ်နှင့် ချောင်းမြောင်းများ ပေါများစွာတည်ရှိသဖြင့် အဆိုပါမြစ်ချောင်းများမှ ရေများကို အကျိုးရှိစွာအသုံးချ၍ စိုက်ပျိုးရေးနှင့် သောက်သုံးရေများ လုံလောက်စွာရရှိအောင် ဆောင်ရွက်နိုင်ကြောင်း၊ ထိုသို့ အသုံးချနိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ကြောင်း၊ မြစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း။

အလားတူ ဒေသတွင်းလျှပ်စစ်ဓာတ်အား ဖူလုံစွာပေးဝေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နမ့်ပငရေအားလျှပ်စစ်စီမံကိန်းကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းလျှပ်စစ်ဓာတ်အားရရှိရေးအတွက်လည်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ကြောင်း၊ ထို့ကြောင့် ဒေသခံများအနေဖြင့် စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အတန်းပညာ၊ အတတ်ပညာများတတ်မြောက်သည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်သဖြင့် ဒေသအလိုက် မွေးထုတ်ပေးကြရန်လိုကြောင်း၊ မိမိတို့ဒေသတိုးတက်ရေးအတွက် အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် နိုင်ငံတော်က အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုကြောင်း၊ မိမိတို့၏ဇာတိဒေသ တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

ဒေသအတွင်း စားသောက်ကုန်များနှင့် လူသုံးကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစားအစာများကိုလည်း ဒေသမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် အသုံးပြုနိုင်ကြောင်း၊ ဒေသတွင်း ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုကဏ္ဍမြှင့်တင်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်းတိုးတက်စေရေး မျိုး၊ မြေ၊ ရေ၊ နည်းကိုအခြေခံပြီး ခေတ်နှင့်လျော်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရိက္ခာနှင့်ပတ်သက်၍ ဒေသတွင်း၌ မီးဖိုချောင်သုံး သီးနှံများကိုလည်း စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထို့ကြောင့် ဒေသအလိုက် ဝမ်းစာဖူလုံရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ (ဟုမ္မလင်း)ကို ဖွင့်လှစ်ထားရှိသော်လည်း တက်ရောက်သူနည်းပါးပြီး မွေးမြူရေးပညာရပ်နှင့်ပတ်သက်၍ တက်ရောက်သူလုံးဝမရှိသဖြင့် မွေးမြူရေးပညာရပ်ပါ တက်ရောက်သင်ကြား၍ ဒေသ၏မွေးမြူရေးကို အထောက်အကူပြုနိုင်သည့် လူသားအရင်းအမြစ်များ ရရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ဒေသမှ ထွက်ရှိသည့်စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်စေရေး ဈေးကွက်သုတေသနပြုခြင်းများကိုလည်း ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးပညာရပ်များကို တတ်မြောက်သည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ စီးပွားရေးပညာရပ်များကို တက္ကသိုလ်၊ ကောလိပ်များ၌ သင်ကြားပေးနေကြောင်း၊ မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နည်းပညာတတ်လူသားအရင်း အမြစ်များ ပေါ်ထွက်ဝစေရေး Polytechnic University များကို ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး အချို့နေရာများ၌ ဆူပူသောင်းကျန်းမှုများ ပေါ်များခြင်းသည် အသိပညာအားနည်းမှု၊ အတတ်ပညာအားနည်းမှုများနှင့် ဆက်စပ်နေသည်ကို အခြေခံအားဖြင့် တွေ့ရှိနိုင်ကြောင်း၊ နိုင်ငံရေးအရသဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်သော်လည်း အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးကိုအကြောင်းပြပြီး မိမိတို့၏ ကိုယ်ကျိုးအတွက် နိုင်ငံတော်၏ သယံဇာတများကို တရားမဝင်ထုတ်ယူခြင်းများကို အမြောက်အမြား ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ လက်နက်အားကိုးဖြင့် ဒေသခံပြည်သူများထံမှ ငွေကြေးများ အတင်းအဓမ္မကောက်ခံပြီး ၎င်းတို့၏ ကိုယ်ကျိုးအတွက် အသုံးပြုနေကြကြောင်း၊ ထိုသို့လုပ်ဆောင်နေမှုများကြောင့် ဒေသခံပြည်သူများ ဝန်ထုပ်ဝန်ပိုးများဖြစ်နေသဖြင့် သက်ဆိုင်ရာတာဝန်ရှိသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဝိုင်းဝန်းတိုက်ဖျက်သွားကြရန်လိုကြောင်း။

မိမိတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ယခင် ဒီမိုကရေစီအစိုးရ သက်တမ်းနှစ်ခုတွင် နိုင်ငံတော်၏ အကျိုးအတွက် သက်ဆိုင်ရာအစိုးရများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အစိုးရ တာဝန်ထမ်းဆောင်ချိန်မှစတင်၍ ဦးတည်ချက်များချမှတ်ဆောင်ရွက်ခဲ့ပြီး ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များပြီးဆုံးချိန်တွင် ရွေးကောက်ပွဲကျင်းပပြီး အနိုင်ရရှိသည့် ပါတီကို နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းပေးအပ်မည်ဟု ပါရှိပြီးဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်သူများ၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး အပိုင်းသုံးပိုင်းခွဲ၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲအဖြစ် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရန်အတွက် မိမိတို့အနေဖြင့် မဲစာရင်းများ မှန်ကန်စွာရရှိရေး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများကို အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ **ဒေသတည်ငြိမ်အေးချမ်းရေးကိုပျက်စီးအောင် လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့များ မရှိစေရေး အားလုံးဝိုင်းဝန်းဆန့်ကျင်ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် ပညာတတ် လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လိုအပ်သဖြင့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဟုမ္မလင်းဒေသသို့ လေကြောင်းခရီးစဉ်များပြေးဆွဲမှုနှင့်ပတ်သက်၍ နိုင်ငံတော်က တတ်နိုင်သမျှပြေးဆွဲဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လေကြောင်းပြေးဆွဲမှုများ စနစ်တကျဖြစ်စေရေးအတွက်လည်း ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟုမ္မလင်းဒေသ တိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဌာနဆိုင်ရာတာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ရှမ်းအမျိုးသားယဉ်ကျေးမှုအဖွဲ့၊ ချင်းအမျိုးသားယဉ်ကျေးမှုအဖွဲ့နှင့် နာဂအမျိုးသားယဉ်ကျေးမှုအဖွဲ့များမှ တိုင်းရင်းသားများက နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ တိုင်းရင်းသားရိုးရာ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား**
**မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ် ၈၀ ပြည့်အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီးတို့ တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားဝန်ထမ်းများ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(ရန်ကုန်ရုံး)နှင့် ထပ်ဆင့်လွှင့်စက်ရုံတို့မှ ဝန်ထမ်းများက Online မှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ် ၈၀ ပြည့်အထိမ်းအမှတ်အခမ်းအနားကို ပင်မအဆောက်အအုံရှိ Auditorium ခန်းမ၌ LED Animation ပြသ၍ စတင်ဖွင့်လှစ်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက “ထာဝရမြန်မာ့အသံ” တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က MRTV DVB-T2 နှင့် MRTV DTH စနစ်တို့တွင် ပုဂ္ဂလိကရုပ်သံလိုင်း Channel အသစ် သုံးခုဖြစ်သည့် Uni TV HD Channel၊ SNDSY Entertainment HD Channel နှင့် Channel 24 တို့ စတင်တိုးချဲ့ထုတ်လွှင့်မှုနှင့် ပုဂ္ဂလိက DTH ရုပ်သံဝန်ဆောင်မှု လုပ်ငန်းအသစ်ဖြစ်သည့် Softtech - DTH စနစ် စတင်ထုတ်လွှင့်မှုတို့ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် “နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတော်မီဒီယာ” Video Clip ကို ပြသသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် မြန်မာနိုင်ငံတွင် သက်တမ်းမြင့်မားသည့် နိုင်ငံတော်မီဒီယာဌာနတစ်ခုဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်နှင့် ပြည်သူအတွက် တာဝန်ကျေပွန်ခဲ့ပြီး ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်နေသည့် နည်းပညာ၊ အတတ်ပညာများနှင့် လိုက်လျောညီထွေပြုပြင်ပြောင်းလဲလိုက်ပါဆောင်ရွက်နိုင်သည့် ဌာနတစ်ခုအဖြစ် နှစ် ၈၀ ပြည့်တိုင် သမိုင်းမော်ကွန်းမှတ်တိုင်ကို ဝင့်ကြွားစွာ စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် နုပျိုသစ်လွင်၍ သွက်လက်ထက်မြက်ပြီး ဆန်းသစ်ခေတ်မီသည့် နိုင်ငံတော်မီဒီယာပုံစံအသစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်အတွက် မူလရည်မှန်းချက်သုံးရပ်ဖြစ်သည့် သတင်းအချက်အလက်များ ပြန်ကြားပေးရန်၊ အသိပညာမျှဝေပေးရန်နှင့် ဖျော်ဖြေပေးရန် တာဝန်များကို စဉ်ဆက်မပြတ် ထုတ်လွှင့်တင်ဆက်ပေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် မီဒီယာကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်၏ ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ ထမ်းဆောင်နေကြသည့် တပ်မတော်သားများကို တပ်စခန်းနေရာများထိ သွားရောက်ဖျော်ဖြေ၍ စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ သဘာဝဘေးဒဏ်ကျရောက်ခဲ့သည့်ဒေသများနှင့် ယာယီနေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ကြရသည့် ပြည်သူများ အပန်းဖြေစိတ်ခွန်အားသစ်များရရှိစေရန် ဖျော်ဖြေပေးခြင်း အပါအဝင် နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များ၊ ရည်မှန်းချက်များ တိုးတက်အောင်မြင်စေရန် တက်ကြွစွာပါဝင်ဆောင်ရွက်နေသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း။

အလားတူ တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ ကာလရှည်ကြာစွာ လက်တွဲနေထိုင်ခဲ့ကြသည့် မိမိတို့နိုင်ငံအပေါ် ပြည်တွင်း၊ ပြည်ပမှ ဆန့်ကျင်ဘက်မီဒီယာများက နည်းမျိုးစုံအသုံးပြု လုပ်ကြံဝါဒဖြန့်ကာ နိုင်ငံတော်ပြိုကွဲအောင် ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် အချင်းချင်းယုံကြည်လေးစားမှု၊ နားလည်မှုများ အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်ကို တည်ဆောက်ကြရမည်ဖြစ်ပြီး မီဒီယာကဏ္ဍမှလည်း လုပ်ကြံဝါဒဖြန့်မှု၊ သတင်းတု၊ သတင်းမှားများကို မီဒီယာစွမ်းအားဖြင့် ချေဖျက်ပြီး သတင်းမှန်ပြန်ကြားပေးနိုင်အောင် အလေးထားဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

ခေတ်အဆက်ဆက် MRTV ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မီဒီယာကဏ္ဍက တာဝန်ကျေပွန်ခဲ့ကြသကဲ့သို့ မျိုးဆက်သစ်ဝန်ထမ်းများအနေဖြင့်လည်း သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ဆက်လက်ထမ်းရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ အားထားရသည့် တိုင်းကျိုးပြည်ပြုဝန်ဆောင်မှုပေးနေသော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် နှစ် ၈၀ ပြည့်မှသည် ရှေ့ရာစုနှစ်ပေါင်းများစွာတိုင် အောင်မြင်မှုများစွာဖြင့် ရှင်သန်ရပ်တည်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ် ၈၀ ပြည့် အထိမ်းအမှတ်တံဆိပ်ကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့ကြသူများနှင့် နယ်မြေအခြေအနေအရ ခေတ္တရပ်နားခဲ့ရသော ဒေသများရှိ ရုပ်သံလွှင့်စက်ရုံများ အမြန်ဆုံးပြန်လည်ထုတ်လွှင့်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နိုင်ငံတော်သံစုံတီးဝိုင်း၊ နိုင်ငံတော်ဆိုင်းဝိုင်းကြီးနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့တို့ဖြင့် တွဲဖက်၍ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ နှစ် ၈၀ ပြည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် နေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြဝ)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**ပြည်သူများထံ အသိပေးပန်ကြားချက်**

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Online Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**❑ ကျောဖုံးမှအဆက်**

ဆက်လက်၍ အာဆီယံ၏ အခြေခံမူများနှင့် အလေ့အထများကို ဖောက်ဖျက်သည့် တီမောလက်စ်တေ၏အပြုအမူများကို ပြင်းပြင်းထန်ထန်ပြစ်တင်ရှုတ်ချသည့် သတင်းထုတ်ပြန်ချက်ကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၁၈-၁-၂၀၂၆ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အလားတူ ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်သည် တီမောလက်စ်တေနိုင်ငံခြားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးနှင့် ၂၉-၁-၂၀၂၆ ရက်တွင် တွေ့ဆုံစဉ် တီမောလက်စ်တေ၏ အပြုအမူကို ပြစ်တင်ရှုတ်ချသည့် မြန်မာအစိုးရ၏ ရပ်တည်ချက်သဘောထားကို ထပ်မံအသိပေးခဲ့ပြီး တီမောလက်စ်တေအစိုးရအနေဖြင့် ၎င်း၏ ကတိကဝတ်များနှင့် အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုယိုယွင်းသွားစေနိုင်သည့်အရေးကိစ္စများကို ရှောင်ရှားနိုင်ရေးအတွက် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပေးပို့ရန် ထပ်မံတောင်းဆိုခဲ့ရာ ဝန်ကြီးက ဖြေရှင်းချက်ကို တစ်ပတ်အတွင်းပေးပို့မည်ဟု ကတိပြုခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် တီမောလက်စ်တေဘက်မှ ပေးပို့လာမည့် ဖြေရှင်းချက်ကို စောင့်ဆိုင်းနေသည့်ကာလအတွင်း တီမောလက်စ်တေအစိုးရသည် ချင်းလူ့အခွင့်အရေးအဖွဲ့၏ တရားစွဲဆိုမှုကို လက်ခံ၍ အမှုကိုလေ့လာကြည့်ရှုရန် ဝါရင့်ရှေ့နေတစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ကြောင်းဖော်ပြပါရှိသည့်သတင်းများကို စိတ်ပျက်ဖွယ်ရာတွေ့ရှိရသည်။ တရားစွဲဆိုမှုကို လက်ခံသည့် အလားတူဖြစ်စဉ်မျိုး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ယခင်က မရှိခဲ့ဖူးသဖြင့် ဤဖြစ်စဉ်သည် ယခင်ကမရှိခဲ့ဖူးသည့်အစဉ်အလာနှင့် အပြုသဘောမဆောင်သည့်ဘက်မှ အဓိပ္ပာယ်ကောက်ယူမှုများကို ဖြစ်ပေါ်စေခဲ့သည့်အပြင် မြန်မာပြည်သူများ၏နာကြည်းခံပြင်းမှုများကိုလည်း ပိုမိုမြင့်တက်စေခဲ့သဖြင့် နောက်ဆုံးတွင် အကျိုးဆက်အဖြစ် မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ လက်ရှိနှစ်နိုင်ငံဆက်ဆံရေးအပေါ် မလိုလားအပ်သည့်တန်ပြန်ဆိုးကျိုးများ သက်ရောက်စေခဲ့သည်။

ယခင်ကလည်း အကြိမ်ကြိမ် ထောက်ပြပြောဆိုခဲ့သည့်နည်းတူ တီမောလက်စ်တေသမ္မတ၏ အပြုသဘောမဆောင်သည့် ပြုမူဆောင်ရွက်ချက်များနှင့် ချဉ်းကပ်မှုပုံစံများသည် အာဆီယံပဋိညာဉ်ပါ အခြေခံမူများ၊ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို လေးစားရန်၊ အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်မဟုတ်သည့် အခြားနိုင်ငံတစ်နိုင်ငံကသော်လည်းကောင်း၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုတို့ကို ခြိမ်းခြောက်ရေးအတွက် မိမိ၏ ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပြုခြင်းမှ ရှောင်ကြဉ်ရန် ပြဋ္ဌာန်းထားသည့် ပဋိညာဉ် အပိုဒ် ၂၊ အပိုဒ်ခွဲ ၂ (က)၊ (င)နှင့် (ဍ)ပါ အချက်များကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် တီမောလက်စ်တေနိုင်ငံတို့၏ နှစ်နိုင်ငံအစိုးရတို့အကြား ဆက်ဆံရေးကောင်းမွန်မှုရှိသော်လည်း တီမောလက်စ်တေသမ္မတအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို မကြာခဏဝင်ရောက်စွက်ဖက်နေသည့်အတွက်ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနသည် ရန်ကုန်မြို့ရှိ တီမောလက်စ်တေသံရုံးယာယီတာဝန်ခံ မစ္စတာ အဲလီစီယို ဒို ရိုဆားရီရို ဒီ ဆော်ဆာအား ၁၃-၂-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း (၁၉၆၁) အပိုဒ် ၉ နှင့် အညီ ၂၀-၂-၂၀၂၆ ရက်မတိုင်မီ မြန်မာနိုင်ငံမှအပြီးအပိုင်ထွက်ခွာရန် ၎င်းအားညွှန်ကြားခဲ့ပြီး အကယ်၍ တီမောလက်စ်တေအနေဖြင့် မြန်မာနိုင်ငံအပေါ်ထားရှိသည့် ၎င်း၏ ရပ်တည်ချက်သဘောထားများပြောင်းလဲခြင်းမရှိသေးပါက ပိုမိုပြင်းထန်သည့်အစီအမံများ ထပ်မံချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း အသိပေးပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံများအကြား တန်းတူရည်တူရှိရေး၊ အပြန်အလှန်လေးစားရေး၊ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး၊ အချုပ်အခြာအာဏာလေးစားရေးနှင့် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်ပါအခြေခံမူများကို လေးစားလိုက်နာရေး စသည့်မူဝါဒများအပေါ်တွင် အခြေပြု၍ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းထားရှိရန် ဆက်လက်ကတိကဝတ်ပြုသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်**

# ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီကင်ဆာရောဂါလူနာလေးဦးကို ခြင်ဆီအစားထိုးကုသခြင်း အောင်မြင်စွာဆောင်ရွက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ရိုးတွင်းခြင်ဆီအစားထိုးကုသဌာန (Bone marrow Transplant Centre) သို့ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း၌ ဆေးရုံတက်ရောက်ခဲ့သောခြင်ဆီကင်ဆာလူနာလေးဦးအား ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့၊ သွေးရောဂါအထူးကုဌာနမှပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ အထောက်အကူပြုဝန်ထမ်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လူနာလေးဦးမှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်မှ ၆၃ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်မှ ၄၆ နှစ်အရွယ် အမျိုးသားတစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်မှ ၄၇ နှစ်အရွယ် အမျိုးသား တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်မှ ၆၂ နှစ်အရွယ် အမျိုးသားတစ်ဦးတို့ဖြစ်သည်။

ရန်ကုန် ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခုနစ်ထပ်ကုသဆောင်သစ်ဖွင့်လှစ်ခဲ့ရာ သွေးရောဂါအထူးကုဌာန၌ ရိုးတွင်းခြင်ဆီအစားထိုးကုသဌာနကို ပိုမိုပြည့်စုံကောင်းမွန်သော ဌာနအဖြစ် တိုးချဲ့ထည့်သွင်းတည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ရိုးတွင်းခြင်ဆီအစားထိုးကုသမှု ပိုမိုဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်အတွင်း လူနာ ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ လူနာလေးဦး စုစုပေါင်းလူနာ ၂၉ ဦးကို ဆောင်ရွက်နိုင်ခဲ့သည်။



ရိုးတွင်းခြင်ဆီအစားထိုးကုသခြင်းကို ပြည်ပနိုင်ငံများတွင် ပြုလုပ်ပါက ကျန်းမာရေးကုန်ကျစရိတ်များစွာ ကုန်ကျနိုင်ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်း၌ ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ထူးခြားသည့် ညအပူချိန်များ (၁၅-၂-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ဟားခါး | - ၁ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့်နံပါတ်ပြားများတပ်ဆင်ခြင်း၊အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍ မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ယာဉ်ထိန်းရဲတပ်ဖွဲ့

## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ မြို့မရဲစခန်း ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

☆ **ဖားဆောင်းမြို့မှအဆက်**

စိမ့်ဝင်ပုံဖျက် ဝင်ရောက်နေရာယူပြီး ပြည်သူများကို လက်နက်အားကိုးဖြင့် အနိုင်ကျင့်နှိပ်စက်ကာ အုပ်ချုပ်မှုယန္တရားများ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင် အစိုးရ၏ ပျက်ပြားစေရန် ခြင်းနှင့် ဒေသအတွင်း ဆက်သွယ်ရေး လမ်းကြောင်းများ ဖြတ်တောက် ပိတ်ဆို့ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုး ပိတ်ဆို့ထားသည့် မြို့ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကို အမြန်ဆုံး ပြန်လည်ထိန်းချုပ်နိုင်ရေး "ရန်နိုင်မင်း" စစ်ဆင်ရေးအမည်ဖြင့် အကြမ်းဖက် ချေမှုန်းမှုစစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဒီးမော့ဆိုမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

ဒီးမော့ဆိုမြို့မှ ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားသည့် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖားဆောင်းမြို့ကို ယာယီစိုးမိုးလျက် ဖားဆောင်းမြို့နယ်အတွင်း အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အဆိုပါဒေသတစ်ခုလုံးကို အလုံးစုံထိန်းချုပ်နိုင်ရေးအတွက် အဆုံးအဖြတ်တိုက်ပွဲအဖြစ် နယ်မြေခံတပ်ရင်းဌာနချုပ်များအား ၂၀၂၅ ခုနှစ် ဇွန် ၂၆ ရက်နှင့် ၃၀ ရက်တွင်လည်းကောင်း၊ ဇူလိုင် ၅ ရက်နှင့် ၇ ရက်တွင်လည်းကောင်း စုစုပေါင်းတိုက်ပွဲကြီး လေးကြိမ်ဖြင့် အင်အားအလုံးအရင်းဖြင့် ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ခဲ့သော်လည်း အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအနေဖြင့် မိမိတပ် ရန်သူ့လက်သို့ ကျရောက်မှု မရှိစေရေးအတွက် လေ့ခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်၊ တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် ရွပ်ရွပ်ချွံချွံ ပြန်လည်ခုခံတိုက်ခိုက်မှုကြောင့် **စာမျက်နှာ ၂၃ သို့**





အကြမ်းဖက်သောင်းကျန်းသူများ၏ ရုပ်အလောင်းများ မှတ်တမ်းဓာတ်ပုံ။







အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတား မှတ်တမ်းဓာတ်ပုံ။

**စာမျက်နှာ ၂၂ မှအဆက်**

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အဆိုပါတပ်ရင်းဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခြင်းမရှိဘဲ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဆုတ်ခွာထွက်ပြေးခဲ့ရပြီး ဖားဆောင်းမြို့ကိုသာ အဝေးမှ လက်နက်ကြီးဖြင့်ပစ်ခတ်၍ ယာယီစိုးမိုးထားခဲ့ပြီး အဓိကအမာခံအဖွဲ့များက တပ်မတော်စစ်ကူစစ်ကြောင်း အဓိကလာမည့်နေရာများ၌ အဆင့်ဆင့်ပိတ်ဆို့ခြင်း ဆောင်ရွက်ခဲ့သည်။ ဖြစ်စဉ်တွင် တိုက်ပွဲကြီးငယ် ရှစ်ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက် သောင်းကျန်းသူများထံမှ အလောင်း ခြောက်လောင်း၊ လက်နက်မျိုးစုံ ၁၁ လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကို ပြန်လည်ထိန်းချုပ်နိုင်ရေး လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်မှစ၍ ဘောလခဲ-ထူးချောင်း-ဖားဆောင်းဆက်သွယ်ရေးလမ်းကြောင်း၏ အနောက်ဘက်ခြမ်းမှစတင်ပြီး အဆင့်ဆင့်ခြေကုပ်ယူ၍ နယ်မြေရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထူးချောင်းတံတားနေရာတစ်ဝိုက်ကို နိုဝင်ဘာ ၂၇ ရက်တွင် ဦးစွာထိန်းချုပ်နိုင်ခဲ့ပြီး ဆက်လက်၍ နယ်မြေရှင်းလင်းရေး လုပ်ငန်းများကို စစ်နည်းဗျူဟာမြောက် စစ်ကြောင်းများခွဲ၍ တစ်ဆင့်ပြီးတစ်ဆင့် တိုက်ခိုက်ချေမှုန်းခဲ့ရာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အမာခံကျေးရွာကြီးများဖြစ်သည့် နမ့်ကစ်ကျေးရွာ၊ ပါပုကျေးရွာတို့ကို ခက်ခက်ခဲခဲတိုက်ခိုက်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး ဖားဆောင်းမြို့သို့ ဆက်လက်ရှင်းလင်းချီတက်ခဲ့ရာ ဖေဖော်ဝါရီ ၁၅ ရက်ယနေ့တွင် ဖားဆောင်းမြို့ကို တပ်မတော်စစ်ကြောင်းများက အပြီးတိုင်ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၃၁ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ လက်နက်မျိုးစုံ ၁၇ လက်၊ အကြမ်းဖက်သမားရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုသည့်ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရပြီး အချို့ ထိခိုက်၊ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် ဖားဆောင်းမြို့ကို ယာယီစိုးမိုးထားစဉ်အတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် လူနေအိမ်များကို အကာအကွယ်ယူ၍ ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ နေအိမ်များနှင့် ဈေးဆိုင်ခန်းများကို ဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများ၊ လူနေအိမ် အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေး လမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် အဆောက်အအုံများနှင့် လူနေအိမ်များကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ တပ်မတော်စစ်ကြောင်းများက ဖားဆောင်းမြို့ကို ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည့်အတွက် လွိုင်ကော်-ဒီးမော့ဆို-ဖရူဆို-ဘောလခဲ-ဖားဆောင်း ဆက်သွယ်ရေးလမ်းမကြီးကို မကြာမီအချိန်တွင် ပြန်လည်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်းသိရှိရပြီး တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းမကြီးကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# မူဆယ်မြို့တွင် ငွေကျပ်သိန်း ၂၀၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



လမောင်ဆိုင်းအောင် ခေါ် ဆိုင်းအောင်ကို ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၅** မူဆယ်မြို့တွင် ငွေကျပ်သိန်း ၂၀၁၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မူဆယ်မြို့ စွမ်စော်ရပ်ကွက် မူဆယ်-နမ့်ခမ်းကားလမ်းတွင် လမောင်ဆိုင်းအောင် ခေါ် ဆိုင်းအောင်၃၀ နှစ် ဆိုင်းတောင်ကျေးရွာ ဖားကန့်မြို့နယ်နေသူ မောင်းနှင်လာသော TOYOTA LANDCRUISER မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၂၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၁၀ ဖမ်းဆီးရမိသဖြင့် လမောင်ဆိုင်းအောင် ခေါ် ဆိုင်းအောင်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်းသည်။

ထို့အတူဖေဖော်ဝါရီ ၁၁ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်မိုင်(ကွက်သစ်) ပုံလို့လမ်းတွင် လမ်းလျှောက်လာသူ ကျော်စန်းဦး ခေါ် ကုလား ၃၁ နှစ် ဆန်ဆိုင်း(ခ)ရပ်ကွက် တာချီလိတ်မြို့နေသူကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ အိုက်စ်(မက်သ်အဖက်တမင်း) သုံးကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၈၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၂၄၀) ဖမ်းဆီးရမိပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ယင်းနေ့ ည ၆ နာရီတွင် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် အိမ်တွင်းမှုကျောင်းလမ်းတွင် ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များ ရောင်းချပေးသူ ဝင်းကျော်စွာ ခေါ် ကိုထွန်း ၄၀ နှစ် ရန်အောင်မြေရပ်ကွက် တာချီလိတ်မြို့နေသူကို စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ ဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃ ဒသမ ၅ သိန်း)နှင့် အိုက်စ်(မက်သ်အဖက်တမင်း) သုည ဒသမ ၁ ကီလို (တစ်ကီလိုလျှင်ငွေကျပ်သိန်း ၈၀ ဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ရှစ်သိန်း)ထပ်မံဖမ်းဆီးရမိသဖြင့် ကျော်စန်းဦး ခေါ် ကုလားနှင့် ဝင်းကျော်စွာ ခေါ် ကိုထွန်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |




**ယမန်နေ့မှအဆက်**

ကျွန်တော့်ငယ်ဘဝ ကျောင်းပိတ်ရက်လေးများသည် အဖေ၏မေတ္တာရနံ့တို့ဖြင့် ထိုသို့ပင်မွှေးပျံ့ခဲ့ပါသည်။

(၄)

အဖေသည် သူ့မိသားစုတွင် တစ်ဦးတည်းသောသားဖြစ်သော်လည်း ကျွန်တော့်အတွက် ထူးချွန်သောစားဖိုမှူးကောင်းတစ်ဦးဖြစ်သည်။ အဖေသည် ထိုခေတ်၊ ထိုအချိန်အခါက ကျွန်တော်တို့ရွာတွင် လက်ချိုးရေ၍ရသော ပညာတတ်အနည်းငယ်ထဲတွင် ပါဝင်နေပါလိမ့်မည်။ သည်တော့ အဖေသည် မြို့သို့လည်း အရောက်အပေါက်များပါလိမ့်မည်။ မြို့စာ၊ မြို့အစားအသောက်များကိုလည်း ကောင်းမွန်စွာသိပါလိမ့်မည်။ သို့သော် ထိုအရသာကောင်းများကို ကျွန်တော့်အတွက်လည်း ဆောင်ယူခဲ့ချင်ပါလိမ့်မည်။ ထန်းလျက်နှင့် မြေပဲလှော်ကို အကောင်းဆုံး သရေစာလုပ်ပြီး တောထမင်း၊ တောဟင်းနှင့် ကြီးပြင်းလာရသော ကျွန်တော့်အတွက် အဖေ့လက်ရာများကို ယခုအချိန်ထိ တခုတ်တရမှတ်မိနေခြင်းမှာ ထူးဆန်းလှမည်မထင်ပါ။

၁၉၈၀ ပြည့်နှစ်ကျော်များတွင် ကျေးလက်တောရွာလေးတစ်ရွာ၌ ကျွန်တော်သည် အာလူးကြော်ကို တဖြောက်ဖြောက်ဝါးနေသည်ဆိုလျှင် ကျွန်တော်တို့အိမ်ကလေး၏ မီးဖိုချောင်ထဲမှ စားဖိုမှူးအဖေ၏လက်ရာပင်ဖြစ်သည်။ ကျွန်တော်၏ အာလူးကြော်တဖြောက်ဖြောက် ဝါးနေသံသည် အာလူးကို အလုံးလိုက် ရေစင်စင်ဆေး၊ အခွံပါးကလေးရအောင် နွှာ၊ ဓားပါးပါးဖြင့် အလွှာလိုက်လှီး၊ အစေးများပြောင်အောင် ပုံသဏ္ဌာန်မပျက် ဆားနှင့်နယ်၊ ထုံးရည်ကြည်ကလေးစိမ်၊ ခြောက်သွေ့အောင် နေဖန့်ဖန့်လှန်းစသည့်လက်ဝင်လှသောလုပ်ငန်းစဉ်များကို မပျင်းမရိဆောင်ရွက်ဖြစ်အောင် အဖေ့ကိုတွန်းအားဖြစ်စေခဲ့ပါလိမ့်မည်။

ဝက်သားကို လက်တစ်ဆစ်လောက် အတုံးသေးသေးကလေးတွေတုံး၊ မုန်လာဥနီ၊ ကြက်သွန်နီ၊ ပန်းမုန်လာပွင့်၊ ပဲသီးစိမ်း၊ ကြက်သွန်ဖြူစားပြားရိုက်တို့နှင့် ခရမ်းချဉ်သီးလေးခွဲစိတ်ကာ ကြာညို့ပါရုံမှ ရေထွေးလျက် ခပ်စပ်စပ်၊ ခပ်ဖန်ဖန်ကလေးကြော်ထားသည့် ဟင်းလျာသည် ကျွန်တော့်ငယ်ဘဝအတွက် အဖေ့၏အထူးဆန်းဆုံး လက်ရာတစ်ခုလည်းဖြစ်ခဲ့ပါသည်။

(၅)

တစ်ခါသော သင်္ကြန်အခါတွင် အဖေ့ကြောင့် ကျွန်တော်ဝမ်းနည်းခဲ့ရ ဝမ်းသာခဲ့ရဖူးသည်။ သင်္ကြန်ချိန်နီးပြီဆိုလျှင် အဖေသည် ကျွန်တော့်အတွက် မြို့မှ ရေပြွတ်ကလေးများ ကြိုမှာပေးစမြဲဖြစ်သည်။ တစ်နှစ်တွင်တော့ သင်္ကြန်သာကျသွားသည်။ အဖေမှာပေးထားသော ကျွန်တော့်အတွက်ရေပြွတ်မှာ အကြောင်းအမျိုးမျိုးကြောင့် အချိန်မီရောက်မလာခဲ့။ ကျွန်တော် အဖေ့ကို စိတ်ကောက်ပြီ။

"လူလေးရေ အဖေ့ကို မုန့် ဝိုင်းလုံးပါအုံးကွ"

"ဟိုလူကြီးနော်၊ ကျွန်တော့်ကို မခေါ်နဲ့"

အဖေက ကျွန်တော့်ကိုချဉ်းကပ်ပြီး ချော့မော့ရန်ကြိုးစားသည်။ ကျွန်တော်က အဖေကြောက်သောလက်နက်ဖြင့် ခြိမ်းခြောက်သည်။

"အသိန်းရေ၊ မင်းသားက ဟိုလူကြီးတဲ့၊ လုပ်ပါအုံးဟ"

အဖေက အမေ့ကိုလှမ်းတိုင်သည်။ အမေကား သားအဖနှစ်ဦးကို အကဲခတ်ရုံမှ ခပ်ပြုံးပြုံး။

"ဖြစ်ရပြန်ပြီ၊ စိတ်များကောက်ကြပြီဆိုရင် မင်းသားတဲ့"

အဖေ ခေါင်းကုတ်သည်။ ခဏနေတော့ မုန့်လုံးရေပေါ်လုံးနေရာမှ အိမ်ပေါ်တက်သွားပြီး ချက်ချင်းပြန်ဆင်းလာသည်။ အဖေ့လက်ထဲတွင် အရာဝတ္ထုတစ်ခု။

"လူလေးရေ ရေပြွတ်ရပြီကွ၊ ရော့ ..ရော့"

"ဟာဗျာ၊ အဖေ့ဟာက ရေပြွတ်မှမဟုတ်ဘဲ၊ နွားဆေးထိုးတဲ့ဟာကြီး"

"ရေပြွတ်ပါကွ၊ နွားဆေးထိုးတဲ့ဟာမဟုတ်ပါဘူး"

"အဖေနော်၊ အဖေပဲ လိမ်မပြောရဘူး သင်ထားပြီးတော့၊ ဒါကြီးနဲ့ အဖေ နွားဆေးထိုးတာတွေ့တွေ့နေတာကို"

"မဟုတ်ပါဘူးကွ။ နွားဆေးထိုးတဲ့ဟာ မဝယ်ရသေးလို့ အဖေက ဒီရေပြွတ်နဲ့ ထိုးနေရတာပါ။ ကြည့်စမ်း၊ ပက်ကြည့်ရအောင်... အဝေးကြီးရောက်ပါတယ်ကွ"

သည်တုန်းက အဖေ ကြံရာမရဖြစ်ပြီး သုနွားဆေးထိုးသည့် စတီးရေပြွတ်ကြီးကို ယူလာခြင်းဖြစ်ပုံရပါသည်။ တကယ်လည်း ရေပြွတ်နှင့်တူပြီး ပုံသဏ္ဌာန်အားဖြင့် မကွာလှပါ။ ကော်ရေပြွတ်ထက်တော့ အနည်းငယ်လေးပါသည်။ အဖေက ရေထည့်ပြီး စမ်းပြတော့လည်း ကလေးသဘာဝ စိတ်လည်လာပြီး ထိုစတီးရေပြွတ်ကြီးနှင့်ပင် ကျွန်တော် ရေကစားပါတော့သည်။ အခြားကလေးများ အမြင်တွင် ကျွန်တော့် ရေပြွတ်ဝင်းဝင်းပြောင်ပြောင်သည် ထူးခြားနေပုံရသည်။ ဟိုကလေးက ကိုင်ကြည့်၊ သည်ကလေးက ယူကြည့်နှင့် ကျွန်တော့် စတီးရေပြွတ်မှာ ကလေးအုပ်စုကြား ပေါ်ပြူလာဖြစ်လိုက်ပါသေးသည်။

သည်တော့ ကျွန်တော့်မှာ ရေပြွတ်မရှိ၍ ဝမ်းနည်းခြင်းနှင့် ထူးခြားသော ရေပြွတ်ရှိခြင်းကြောင့် ဝမ်းသာခြင်းတို့ တစ်ပြိုင်နက် ခံစားခဲ့ရသည်ကို မှတ်မိနေပါသေးသည်။

(၆)

လေက တသုန်သုန် တိုက်ခတ်နေသည်။ အဖေနှင့်ကျွန်တော်သည် ရွာအစွန်လယ်ကန်သင်းအစပ်တွင် ရပ်နေကြသည်။ အဖေသည် ပုဆိုးကို တိုတိုဝတ်ထားသည်။ ကျွန်တော်သည် အဖေဝယ်ပေးသည့် ချည်ထည်ဘောင်းဘီတိုကလေး ဝတ်ဆင်ထားသည်။

အဖေက လက်ကိုင်ပဝါအပါးလေးကို လေသင့်သည့်ဘက်သို့ဦးတည်၍ ရှီးပြတ်ငုတ်များအပေါ် လွှားတင်လိုက်သည်။ အရှိန်ရလာသောလေသည် မြူးမြူးသုန်သုန် တိုက်ခတ်လာ၏။ အဖြူရောင်သန်းသော လက်ကိုင်ပဝါလေးသည် လေကြောင်းသင့်ရာသို့ တစ်ဟုန်ထိုးလွင့်ပါသွားသည်။

"လူလေးရေ၊ ပြေးတော့"

အဖေရော ကျွန်တော်ပါ လက်ကိုင်ပဝါလေးနောက်သို့ အပြေးလိုက်ကြသည်။ ကျွန်တော့်ခြေထောက်အောက်တွင် ရှီးပြတ်များ ရိပ်ခနဲရိပ်ခနဲကျန်ရစ်ခဲ့သည်။ ခဏအတွင်းမှာပင် ကန်သင်းပေါင်များကို ကျွန်တော်တို့ လွှားခနဲလွှားခနဲ ကျော်ပစ်ခဲ့ကြသည်။ ကျွန်တော့်ဘေးတိုက်တွင် အဖေသည် ကျွန်တော်နှင့်အတူ ကပ်လျက်ရှိ၏။

တာပေါင်ကိုကျော်၍ ကျေးရွာချင်းဆက်လမ်းပေါ်ရောက်သည်ထိ အဖေနှင့်ကျွန်တော် ပြေးလာကြသည်။ အဖေလွှင့်ပစ်လိုက်သော လက်ကိုင်ပဝါလေးသည် လေနှင့်အတူ ထနောင်းပင်တွင် ကပ်ငြိနေလေသည်။ ကျေးရွာချင်းဆက်လမ်း၏ ရှေ့တစ်မျှော်တွင် မြောင်းဆုံကိုဖြတ်ထိုးထားသည့် ကွန်ကရစ်တံတားအတိုလေးရှိသေးသည်။

"လူလေး၊ မောပြီလား"

အဖေက ကျွန်တော့်ကို ပြုံး၍မေးသည်။ ကျွန်တော်မမောသေး။အဖေ့ကိုခေါင်းခါပြလိုက်သည်။

"ကဲ ... လူလေးရေ အသင့်"

အဖေနှင့်ကျွန်တော် လက်ဝါးချင်းရိုက်ပြီး တံတားလေးပေါ်ရောက်သည်ထိ ဆက်ပြေးကြသည်။

ထိုနေ့က ကျွန်တော်တို့ အိမ်ပြန်ရောက်တော့ အမှောင်ထုက ဆီးကြိုနေပြီ။ အမေသည် ထမင်းပွဲပြင်ကာ ကျွန်တော်တို့ သားအဖနှစ်ဦးကို စောင့်နေရှာသည်။ အဖေ့ကိုမူ ကျေနပ်ပုံမရ၊ မျက်နှာကိုသုန်မှုန်ထားသည်။ အမေသည် ကျွန်တော်တို့အတွက် မြွေပါးကင်းပါးအန္တရာယ်ကို စိတ်ပူသည်။ ကျင်းတွေ ချိုင့်တွေထဲ လဲကျကျိုးပဲ့မည်ကို ကြောင့်ကြသည်။ ဆူးငြောင့်ခလုတ်များနှင့် ထိခိုက်ရှနာဖြစ်မည်ကို စိုးရိမ်သည်။ အမေသည် ကျွန်တော့်ကို ဂရုတစိုက်အမှတ်သညာရှိစေရန် သတိပေးသည်။ အဖေသည် ကျွန်တော့်ကို ရဲရင့်သန်မာစေရန် နှိုးဆော်သည်။

(၇)

ဘဝ၏ အချိုးအကွေ့တစ်ခုဝယ် သံတိုင်များ၏ နောက်သို့ အဖေရောက်သွားခဲ့ဖူးသည်။ အဖေသည် ကျွန်တော်တို့ရွာလေးနှင့် အတန်ငယ်ဝေးကွာသည့် ခရိုင်မြို့ကြီးတစ်မြို့သို့ ရောက်ရှိနေခဲ့သည်။ တောသူတောင်သားဖြစ်သောအမေသည် ရွာကလေးမှနေ၍ ထိုမြို့ကြီးမှ အဖေရှိရာဆီသို့ ဘယ်သူ့ အကူအညီမှ မပါဘဲ ရောက်အောင်သွားခဲ့သည်။

သံတိုင်များနောက်ကွယ်မှ ဣန္ဒြေရစွာထွက်လာခဲ့သောအဖေသည် အမေ့ခါးထစ်တွင် ကျွန်တော့်ကိုမြင်သည်နှင့် မျက်စိမျက်နှာပျက်တော့သည်။ ကျွန်တော်တို့ကို ညှိုးနွမ်းစွာပြုံးပြသည်။ ပြီးတော့ အမေ့ကို ကျိတ်၍ဆူသည်။ ငေါက်သည်။ ထို့နောက် အထဲသို့ လျင်မြန်စွာပြန်ဝင်သွားသည်။ ကျွန်တော်တို့သားအမိသည် တစ်နေ့လုံးခရီးနှင်၍ အဖေ့ထံလာခဲ့ရသည်။ တွေ့ခွင့်ရသည့်အချိန်မှာလည်း ခဏကလေးမျှသာဟု သိထားခဲ့သည်။ သို့သော် ထိုခဏကလေးမျှအချိန်ကိုပင် အဖေသည် ကုန်လွန်အောင် အသုံးမပြုခဲ့။

ထိုနေရာ ထိုအချိန်မျိုးတွင် သားဖြစ်သူကျွန်တော်က သူ့ကိုမတွေ့မမြင်စေလိုသည်မှန်း ယခုကျွန်တော်သိတတ်ခဲ့ပြီ။ ရုက်ရွံ့ရမလား၊ ဂုဏ်ယူရမလား ဘဝက သင်ကြားပေးခဲ့၍ ယခုကျွန်တော် သိတတ်ခဲ့ပြီ။ အဖေသည် ထိုသံတိုင်များနောက်ကွယ်မှအပြန်တွင် အခြားခရီးတစ်ခုမှ ပြန်လာသလိုပင် ဘာမှမဖြစ်သည့်ဟန်ဖြင့် ကျွန်တော့်အတွက် အရုပ်များ၊ မုန့်များ ဝယ်လာသေးသည်။ အဲသည် တစ်ခေါက်၌ ပီကေဆိုသည့် ရောင်စုံဆေးပြားလေးများနှင့်တူသော မုန့်ကို ကျွန်တော် စပြီးစားဖူးခြင်း၊ ဝါးဖူးခြင်းဖြစ်သည်။

သည့်နောက်တွင်မှ ရွာကလေးသို့ မည်သည့် ဒီရေလှိုင်းလုံးများ ဖုံးလွှမ်းလာစေကာမူ အဖေသည် ခပ်မဆိတ်သာနေလေတော့သည်။ ကျွန်တော့်အနာဂတ်အတွက် ပညာတတ်တစ်ယောက်၏ မာနလှိုင်းအလျားကို အဖေချိုးနှိမ်ခဲ့ပုံရပါသည်။

(၈)

တစ်ရွာမပြောင်း သူကောင်းမဖြစ်ထုံးကို နှလုံးမူလျက် ဘုရင့်နောင်ဖောင်ဖျက်ကာ ရွာကလေးကို အဖေစွန့်ခွာခဲ့သည်။ လယ်ယာကိုင်းကျွန်း၊ လှည်းနွားပိုင်ဆိုင်သမျှသောဥစ္စာပစ္စည်းများကို အဖေဖောင်ဖျက်သည်။ စာအုပ်သေတ္တာကြီးများကို အဖေဖောင်ဖျက်သည်။ ဆွေမျိုးမိတ်သင်္ဂဟများကို အဖေဖောင်ဖျက်သည်။ သို့သော် ကျွန်တော့်ပညာရေးကိုမူ အဖေဖောင်မဖျက်။

ပြောင်းရွှေ့မည့်မြို့တွင် ပထမတန်းစတက်ရမည့် ကျွန်တော်သည် အဖေ့အတွက်မူ ဘွဲ့လွန်တက်ရမည့် ကျောင်းသားတစ်ဦးကဲ့သို့ အရေးပါ၏။ သည်ဘက်မှ ကျောင်းထွက်လက်မှတ်ကို ဆရာကြီး ဦးကျော်စိုးတို့နှင့်အသင့်လုပ်ထားသည်။ ဟိုဘက်ကျောင်းသို့ ကျောင်းဖွင့်ချိန်အမီ သင်ခန်းစာ မလစ်ဟင်းရအောင် စီမံချိန်ဆပြီးမှ မိသားစုတစ်စုလုံး၏ ပြောင်းရွှေ့ရေးကို မီးစိမ်းပြသည်။

ကျေးတောသားလေး ကျွန်တော်သည် မြို့ကျောင်းတွင် စာမလိုက်နိုင်ဘဲ မျက်နှာငယ်ရမည်ကို အဖေစိုးရိမ်ပုံရသည်။ စာမျက်နှာ ၂၅ သို့ ➤

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၃၂၇၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ချောင်းဦး ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၃၂၇၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၅၆၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၃၂၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၇၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နှမ်း ၁၅၆၁၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ နှမ်း ၁၃၂၇၈ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးရေး၊ စိုက်ပျိုးသည့် နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးနိုင်ရေး အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

ã စာမျက်နှာ ၂၄ မှအဆက်

မြို့ကျောင်းသည် နယ်ကျောင်းနှင့်စာလျှင် စနစ်ကျ၏။ လစဉ်လပတ်စာမေးပွဲဖြေရသည်။ အမှတ်စာရင်းနှင့် ရီပို့ကတ်များ မိဘထံပြရသည်။ ဆရာဦးတင်မျိုးဌေးလို မှတ်ဆိတ်မွေးထူလပျစ်နှင့်မဟုတ်၊ သပ်ရပ်စွာဝတ်ဆင်ထားသော ဆရာ၊ ဆရာမများက အချိန်အလဲ အလှယ်နှင့် သင်ကြားကြသည်။ အတန်းထဲတွင် ကျောင်းသား ၅၀ ခန့်ရှိသည်။ ကျွန်တော် အဆင့် (၆) ရသည်။ အဆင့် (၅) ရသည်။ အဆင့် (၇) တစ်လှည့်ရသည်။ အဆင့် (၁၀) အပြင်သို့ မထွက်သေးသလို အဆင့် (၁) ကိုလည်း မကပ်နိုင်သေး။ အဖေနှင့် အမေတို့ကျေနပ်ကြသည်။

"ကိုကျော်မြင့် လူလေးကို ကျူရှင်ထားပေးမှထင်တယ်"

"နေပါစေဟာ၊ လူလေး လွတ်လွတ်လပ်လပ်ကစားပါစေ၊ နောက်တော့ အသားကျသွားမှာပေါ့၊ အခုလဲ အဆင့်ကကောင်းပါတယ်"

မြို့တွင် အနေမကျုံ့စေဘဲ လွတ်လွတ်လပ်လပ်ဆော့ကစားခွင့်ပေးမြဲပေးထားသည့်အဖေ့ကို ကျေးဇူးတင်ပါသည်။ ထိုစဉ်က အဖေထမ်းထားရသောဝန်နှင့် အား၏အတိုင်းအဆကို ကျွန်တော်မသိသေး။ ကျွန်တော်တက်သောကျောင်းနှင့် ကျွန်တော်တို့ငှားနေသောအိမ်မှာ တစ်လမ်းမျှသာခြား၏။ နေ့လယ်စာ ထမင်းပြန်စားလျှင်လည်း ဆယ်မိနစ်ထက်အချိန်ပိုမပေးရ။ သို့သော် ကျွန်တော်အဖေ့ကို ထမင်းဘူးလှလှကလေးများ၊ ရေဘူးလှလှကလေးများ တောင်းသည်။

အဖေသည် ကျွန်တော့်ကို ရွာမှာတုန်းကလောက် အချိန်မပေးနိုင်။ မိုးလင်းမိုးချုပ် အလုပ်ခွင်ကိုသွားနေရသည်။ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ရှိသေးသဖြင့် ရတနာများဖင်ခုထိုင်ထားသည်ဆိုသော မြေကြီးပေါ်တွင် တွင်းငါးတွင်းလောက်ကို အဖေ တစ်ပြိုင်တည်းလုပ်နေသည်။ အခြေအနေကောင်းများ တွေ့စပြုနေပြီဟုလည်း ပြုံး၍ပြောသည်။ သူတစ်ပါးရပ်ရွာတွင် အိမ်ငှားနေရသည်မှာ တစ်နှစ်ပြည့်တော့မည်။ ကျွန်တော် ကိုယ်ပိုင်အိမ်နှင့် နေချင်သည်။ ကိုယ်ပိုင်အိမ်ဝင်းထဲမှာ ဆော့ကစားချင်သည်။ ငှားနေရသောအိမ်တွင် အခြားအိမ်ငှားများလည်းရှိသဖြင့် ကျွန်တော် လွတ်လွတ်လပ်လပ်ဆော့၍မရ။

အဖေက ကျွန်တော့်ကို တင်းကျပ်စွာပိုက်ထွေးထားသည်။ ကျွန်တော်တို့ ပြောင်းရွှေ့လာသော တောင်ပေါ်မြို့လေးသည် အလွန်အေး၏။ အဖေက ကျွန်တော့်ကိုပြောသည်။

"ခဏခဏ ပြင်မဆောက်ချင်ဘူး လူလေးရယ်။ အဖေ လူလေးအတွက် အိမ်ကောင်းကောင်း တစ်ခါတည်း ဆောက်ပေးချင်တယ်။ ခဏတော့သည်းခံပါအုံးကွယ်"

အဖေသည် လူကြီးတစ်ယောက်ကိုပြောသလို ကျွန်တော့်ကို အလေးအနက် ပြောနေခဲ့ခြင်းဖြစ်သည်မှာ သေချာပါသည်။ ကျွန်တော် အဖေ့ကို အိမ်အကြောင်း နောက်တစ်ကြိမ် မပြောဖြစ်တော့ပါ။

ကျွန်တော်သည် နံဘေး၌ အဖေကပ်လျက်မပါတော့ဘဲ စာသင်ခန်းထဲတွင် အပြေးလေ့ကျင့်နေရပါသည်။ အဖေသည်လည်း သူ့လုပ်ငန်းခွင်ထဲတွင် မိသားစုနှင့် သားဖြစ်သူကျွန်တော့်ကို မြင်ယောင်လျက် အပြေးလေ့ကျင့်နေမည်ထင်ပါသည်။ အဖေသည် အပြေးသမားကောင်းတစ်ဦးဖြစ်မည်ဟု ကျွန်တော်ယုံကြည်ပါသည်။ သို့သော် ရောဂါဘယတည်းဟူသော နတ်ဆိုးတစ်ကောင်သည် အဖေ့ ပြေးလမ်းပေါ်တွင် ခြေထိုးခံထားလိမ့်မည်ဟု ကျွန်တော်မထင်ခဲ့ပါ။ အဆိုးရွားဆုံးမှာ အဖေသည် ထိုနတ်ဆိုးကို ကျွန်တော်မမြင်မတွေ့နိုင်အောင် နောက်ဆုံးအချိန်ထိ သူ့အပြုံးများနှင့် ဖုံးကွယ်သွားခဲ့ခြင်းဖြစ်သည်။

(၉)

အဖေနှင့်ကျွန်တော်သည် ဘဝတူ၏။ တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်သော အဖေသည် ဟိုမှသည်သို့ ရွာစဉ်လှည့်ကာ အိမ်နှင့်မကြာခဏခွဲခွာနေရတတ်၏။ ထို့နည်းတူ တပ်မတော်သားတစ်ဦးဖြစ်သော ကျွန်တော့်အတွက် အိမ်ဆိုသည်မှာ ခဏတစ်ဖြုတ် ဝင်ထွက်နားခိုရာ နေရာတစ်ခုသာဖြစ်၍နေ၏။

တစ်ခုဖြေသာသည်မှာ မကြာခဏခရီးသွားရလေ့ရှိသော အဖေနှင့် ကျွန်တော်၏ အကွာအဝေးက ဆယ်မိုင်ပတ်လည်အတွင်းမျှသာ။ ကျွန်တော်နှင့်ကျွန်တော့်သား၏ အကွာအဝေးမှာကား မိုင်တစ်ရာ၊ မိုင်နှစ်ရာ၊ မိုင်သုံးရာမက။ တစ်ခါတစ်ရံ ထို့ထက်ပို၍ ဝေးကွာလွန်းသော ခရီးအခြေအနေများလည်းရှိသေး၏။ အဖေနှင့်ကျွန်တော့်အတွက် ခွဲခွာရခြင်းကာလအချိန်မှာ တစ်ပတ်ဆယ်ရက်ထက် ပိုလေ့မရှိ။ ကျွန်တော်နှင့်သား၏ ကွေကွင်းရခြင်းရာသီစက်ဝန်းမှာကား ရက်ပေါင်းများစွာ၊ လပေါင်းများစွာ၊ အခါအားလျော်စွာ နှစ်ပေါက်အောင် ကြာမြင့်တတ်သည်လည်း ရှိသေး၏။

သို့သော် အဖေနှင့်ကျွန်တော့်ခေတ်တုန်းက တယ်လီဖုန်းမရှိ။ အသံရောရုပ်ပါကြားနိုင်မြင်နိုင်သည့် ကြားခံမီဒီယာပစ္စည်းများမရှိ။ ကျွန်တော်နှင့်ကျွန်တော့်သားခေတ်တွင်မူ တယ်လီဖုန်းရှိခဲ့ပြီ။ ဆက်သွယ်မှုကြားခံကိရိယာများ ထွန်းကားခဲ့ပြီ။ အဖေ့တုန်းက တစ်ပတ်ဆယ်ရက်သည် လုံးကြီးခဲကြီး တစ်ပတ်ဆယ်ရက်ဖြစ်သည်။ အိမ်တံစက်မြိတ်ကို ခြေပြန်ချမှမပင် သား၏အသံ၊ သား၏ရုပ်ရည်၊ သား၏အငွေ့အသက်ကို ထိတွေ့ခံစားရပေလိမ့်မည်။ ကျွန်တော့်အတွက်မူ မည်မျှပင်ဝေးကွာကြာမြင့်နေရသည်ဖြစ်စေ အခွင့်သာသောနေ့များတွင် သား၏အသံ၊ သား၏ရုပ်ဆင်းသွင်ပြင်ကို ကြားနိုင်မြင်နိုင်ခွင့်ရှိသည်။ ကျွန်တော်သည် အဖေ့ထက် ပိုမိုကံကောင်းသည့် ခေတ်သစ်ဖခင်တစ်ဦးဖြစ်ခဲ့လေပြီလား။ သည်သို့လည်း အတွေးဆန့်ထုတ်ခဲ့ဖူးသည်။ သို့သော်ငြား ဖခင်နှင့်သားတို့၏ နွေးထွေးရင်းချာမှုရင်ငွေ့များ ဝေးကွာမြဲ ဝေးကွာဆဲဖြစ်နေရသည်ကမူ အဖေနှင့် ကျွန်တော် တူညီလေသည်။

(၁၀)

အသက် ၃၃ နှစ်အရွယ်တွင် အဖေကွယ်လွန်ခဲ့သည်။ ကျွန်တော်ကား ခြောက်နှစ်သားမျှ။ အဖေသည် အသက်တိုရှာ၏။ ဘဝဟူသည် ဇာတ်ကားတစ်ကားဆိုပါလျှင် အဖေနှင့် ကျွန်တော့်ကြားမှ ဇာတ်ဝင်ခန်းတို့သည် နည်းပါးလွန်းလှပေစွ။ သို့သော် နုနယ်လှသော ကျွန်တော့်မှတ်ဉာဏ် ပါးလွှာလွှာကလေး၌ အဖေ့သဏ္ဌာန်၊ အဖေ့ပုံရိပ်၊ အဖေ့လှုပ်ရှားမှုတို့သည် ပြက်ပြက်ထင်ထင် ပေါ်လွင်နေဆဲသာဖြစ်၏။

ကမ္ဘာပေါ်ရှိ သားအဖအပေါင်းတို့သည် သူတို့၏ဇာတ်ဝင်ခန်းများကို မေတ္တာဖလင်ဖြင့် ရိုက်ကူးမှတ်တမ်းတင်ခဲ့ကြသောကြောင့်သာ သည်မျှ မြဲမြံခိုင်ခံ့နေခြင်းဖြစ်လိမ့်မည်ထင်ပါသည်။ ။

## မီးအန္တရာယ် တားဆီးကာကွယ်

- ရော်ရွက်တွေ မြေမှာခ
နွေကာလ ယခုချိန်ခါ၊
ဘုံရန်သူ အနီးလေး
မီးဘေးရှောင်ခွာ၊
ကြိုတင်လို့ဖြင့် ကာကွယ်ပါ
နေရာတကာ ပေါ့ဆမသုံး၊
မီးကြွင်းမီးကျန် သတိမထားတော့
များစွာဆုံးရှုံး။

- မီးကိုလေ အလေးထားသုံးလို့
ကလေးများအား မဆော့စေရာ၊
ဆေးလိပ်မီးပွားကို သတိထားလို့
စဉ်းစားသုံးပါ၊
ပေါက်ပြဲသည့် လျှပ်စစ်ဝိုင်ယာ
လဲလှယ်ပါ သတိထား၊
အမှိုက်များကို လှည်းကျင်းလို့
ရှင်းလင်းကြအများ။

- ရေ သဲပုံးတို့ အသင့်ထားလို့
မီးကပ်ဝါးမီးချိတ် ပြုလုပ်စေ၊
အမြင့်တက်ရန် လှေကားတို့
ဆောင်ထားကြလေ၊
မီးသတ်ဆေးဘူး အသင့်ရှိစေ
လုပ်ငန်းတိုင်းမှာလေ အမြဲထား၊
မီးလောင်လျှင်လေ သက်ဆိုင်ရာသို့
(မဆိုင်းမတွ…)
ချက်ချင်းအကြောင်းကြား။ ။

ရွှေတိုး(ထုံးဘို)

# ရေကြည်မြို့နယ် သရက်ပင်လှကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရေကြည် ဖေဖော်ဝါရီ ၁၅**

ရေဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် သရက်ပင်လှကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးတင်မောင်ဌေး၊ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေနှင့် တာဝန်ခံအင်ဂျင်နီယာများက သရက်ပင်လှကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

သရက်ပင်လှကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင် သုညဒသမ ၉၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၀ ဖြင့် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။ **သံသာ**

# နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိရှိအသုံးချကြပါစို့

**ညွန့်ဝင်း(နတ်တလင်း)**

ယခုအခါ အခြေခံပညာကျောင်းများတွင် နှစ်ဆုံးစာမေးပွဲများ ကျင်းပပြီးစီးသွားပြီဖြစ်၍ နွေရာသီကျောင်းပိတ်ရက်ရှည်ပိတ်ကာ ကျောင်းသား၊ ကျောင်းသူများကို အနားယူစေခဲ့သည်။ မြန်မာနိုင်ငံ၏ နွေရာသီသည် ပူပြင်းခြောက်သွေ့သော အခါဖြစ်၍ ငယ်ရွယ်နုနယ်သော အခြေခံပညာသင်အရွယ်ကျောင်းသား၊ကျောင်းသူတို့အတွက် အနားယူသင့်သည့်ကာလဖြစ်သည်။ သို့သော် ကျောင်းသား၊ ကျောင်းသူများသည် နွေရာသီကျောင်းပိတ်ရက်တွင် မည်သည့်လေ့လာမှု၊ လေ့ကျင့်မှုမျှ မလုပ်ဘဲ ကျောင်းပိတ်ရက်ရှည်ကာလကို အကျိုးမဲ့မကုန်ဆုံးစေသင့်ပေ။ ပညာခေတ်တွင် တတ်ပြီးပညာ၊ မလေ့လာ၊ မကြာမရှည်ပျောက်တတ်သည် ဆိုသည့်အတိုင်း ကျောင်းသင်ခန်းစာအပြင် အခြားလေ့လာသင်ယူစရာ အသိပညာ၊ အတတ်ပညာများကိုလည်း တတ်နိုင်သမျှ သင်ယူသင့်ပါသည်။

အချို့မိဘများက မိမိတို့သားသမီးကို ဖြေဆိုပြီးသော စာမေးပွဲကျိန်းသေအောင်မြင်မည်ဟု ယုံကြည်ထားကြသဖြင့် နောက်ထပ်တစ်ဆင့်မြင့်သောအတန်းမှ စာများကို ကြိုတင်သင်ယူလေ့လာစေကြသည်။ ကြိုတင်လေ့လာသင်ယူခြင်းဖြင့် ထူးချွန်ပေါက်မြောက်သော ကလေးများဖြစ်စေရန် ရည်ရွယ်ကြသည်။ ပညာသင်နှစ်တစ်နှစ်လုံး လေ့လာသင်ယူခဲ့ရသော မိမိတို့၏ ရင်သွေးများကို နွေရာသီကျောင်းပိတ်ရက်တွင်သင့်တင့်မျှတသော လေ့လာသင်ယူမှုမျိုးကိုသာ ပြုလုပ်သင့်သည်။ မြန်မာနိုင်ငံ၏ ရာသီဥတုသည် အခြားနိုင်ငံများ၏ ရာသီဥတုနှင့်မတူသဖြင့် အအေးပိုင်းနိုင်ငံများ၏ ပညာရေးစနစ်အတိုင်း ပုံတူကူးချ၍ကားမဖြစ်နိုင်ပေ။ မိမိတို့နိုင်ငံ ရာသီဥတု၊ မိမိတို့ကလေးများ၏ ခံနိုင်ရည်ရှိမှုတို့အပေါ်တွင်မူတည်၍ စဉ်းစားချင့်ချိန်ဆောင်ရွက်သင့်သည်။

နွေရာသီကျောင်းပိတ်ရက်ရှည်ကို အလဟဿကုန်ဆုံးစေမှုတော့မဖြစ်စေဘဲ ကလေးများကို အရွယ်အလိုက်သင့်တော်သော လေ့လာသင်ယူမှုများ ပြုလုပ်စေရန် ထိန်းကျောင်းလမ်းညွှန်ကြရပေမည်။ နွေရာသီတွင် သင်ယူပြီးခဲ့သော သင်ခန်းစာ၊ သိမှတ်စရာများကို ပြန်လေ့လာရန်လိုအပ်သကဲ့သို့ ကျောင်းစာပြင်ပ လေ့လာသင်ယူစရာများလည်း များစွာရှိသည်။ ငယ်ရွယ်နုနယ်သော ကလေးများကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော နှစ်သက်ရာကာတွန်း၊ စာစောင်စာအုပ်များ၊ ဘာသာရေးနှင့် အသိအလိမ္မာ ယဉ်ကျေးမှုစာအုပ်များ ဖတ်ရှုလေ့လာခြင်းဖြင့် အချိန်ကို အကျိုးရှိရှိကုန်ဆုံးသင့်ပေသည်။ လူငယ်များအနေဖြင့် နှစ်သက်ရာအားကစားသင်တန်းများ၊ ဘာသာစကားသင်တန်း၊ လက်မှုပညာသင်တန်း၊ ကွန်ပျူတာသင်တန်း၊ ကြက်ခြေနီသင်တန်း၊ အနုပညာသင်တန်း၊ ယဉ်ကျေးလိမ္မာသင်တန်း၊ စက်မှုသင်တန်း၊ အိမ်တွင်းမှုသင်တန်း စသည်ဖြင့် သင့်လျော်ပြီး အကျိုးဖြစ်ထွန်းမည့် လေ့လာသင်ယူမှုများကို အတတ်ပညာ၊ အသိပညာအလိမ္မာလည်းရ၍ အချိန်ကိုတန်ဖိုးရှိစွာ အသုံးချရာလည်း ရောက်အောင် ဆောင်ရွက်သင့်သည်။

နွေရာသီတွင် ကျောင်းသား၊ကျောင်းသူများ မိမိတို့ဝါသနာအလျောက် လေ့လာသင်ယူခဲ့သော လှုပ်ရှားသင်ယူမှုများမှ မိမိဘဝအတွက် အချိုးအကွေ့၊ အလှည့်အပြောင်းဖြစ်စေမည့် ကံကြမ္မာကိုလည်း ကြုံတွေ့ရစေနိုင်သည်။ အားကစားသင်တန်းတက်ရာမှ မိမိ၏ ကြိုးစားမှုနှင့် အစွမ်းအစကို ဆရာသမားများက အကဲခတ်သိရှိပြီး အနာဂတ်တွင် တောက်ပလာမည့် လက်ရွေးစင်အားကစားသမားဘဝကို ဦးတည်လျှောက်လှမ်းနိုင်မှုဖြစ်စေနိုင်သည်။ အလားတူပင် မိမိတက်ရောက်သော ဘာသာစကားသင်တန်း၊ စက်မှုလက်မှုသင်တန်း၊ ကွန်ပျူတာသင်တန်း၊ အိမ်တွင်းမှုသင်တန်း၊ အနုပညာသင်တန်းတို့တွင် မိမိ၏ ဗီဇနှင့် စွမ်းရည်ကို စောစီးထင်ပေါ်စွာ အကဲဖြတ်နိုင်ကြပြီး အကောင်းဆုံးလမ်းကို ရွေးချယ်လျှောက်လှမ်းခွင့်နှင့် အောင်ပန်းပန်ခွင့်ကို ရရှိနိုင်ပေသည်။

စင်စစ်အားဖြင့် ကျောင်းသားလူငယ်ဘဝတည်းဟူသော အချိန်ကာလသည် လူ့ဘဝသက်တမ်းနှင့်နှိုင်းစာလျှင် အလွန်တိုတောင်းလှပါသည်။ ထိုတိုတောင်းလှသောအချိန်အခါကလေးတွင် လေ့လာသင်ယူမှုများနှင့် မိမိဘဝကို ပညာပြည့်ဝအောင် ဆောင်ရွက်ရပေမည်။ ကျောင်းသားဘဝတွင် လွတ်လပ်မှု၊ ပျော်ရွှင်မှုအပြည့်ရှိသည်။ ထိုကဲ့သို့သော အချိန်တွင် ဝန်မပိသော ကောင်းမွန်သည့်လေ့လာသင်ယူမှုမှန်သမျှ သင်ယူဆည်းပူးရပေမည်။ နွေရာသီသည် ကျောင်းသားတို့အတွက် စိတ်လွတ်လပ်ပေါ့ပါးဆုံးအချိန်ဖြစ်၍ အကျိုးရှိရာပညာမှန်သမျှ နားနားနေနေ သင်ယူစုဆောင်းရပေမည်။ အားကစားသင်တန်းများတက်ခြင်းဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်မှုပြည့်ဝလာပြီး ကျန်းမာပျော်ရွှင်သော လူငယ်ဘဝကို တည်ဆောက်နိုင်ပေမည်။ ထို့ပြင် သူငယ်ချင်းများ စုပေါင်းလှုပ်ရှားသင်ယူခွင့်ရသဖြင့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်များ ကိန်းအောင်းလာပေမည်။ နည်းစနစ်တကျ ကစားလှုပ်ရှားတတ်မှုကြောင့်မှန်ကန်၍ ထက်မြက်သော ကိုယ်ကာယစွမ်းရည်များရရှိလာပေမည်။ ဘာသာစကားသင်တန်းများမှ တိုးတက်သော ဘာသာစကားကျွမ်းကျင်မှုများ ရရှိလာပြီး လူမှုရေးနှင့် လုပ်ငန်းတွင် ဝင်ဆံ့မှုများ ပိုမိုရရှိလာမည်ဖြစ်သည်။ ပြောရဲဆိုရဲ မေးမြန်းရဲသော သွက်လက်ဖျတ်လတ်မှုများ တိုးတက်လာမည်ဖြစ်သည်။

အနုပညာသင်တန်းများမှ စိတ်လက်ပျော်ရွှင်မှုနှင့် အနုပညာဗီဇအရည်အသွေးများ တောက်ပမှု ပိုမိုသက်ဝင်လာမည်ဖြစ်သည်။ ကွန်ပျူတာသင်တန်းများမှ မရှိမဖြစ်မတတ်မဖြစ်သော နည်းပညာများတတ်မြောက်လာပြီး ပညာနယ်ပယ်တွင်ကျယ်ပြန့်စွာ အသုံးချလာနိုင်မည်ဖြစ်သည်။ စက်မှုလက်မှုသင်တန်းများမှ ဘဝအခြေခံအသုံးချပညာရပ်များ၊ အတွေ့အကြုံများ၊ အိမ်တွင်းအခက်အခဲဖြေရှင်းနည်းများကို တတ်သိနားလည်လာမည်ဖြစ်သည်။ အခြေခံပညာကဏ္ဍတွင် ဆရာ၊ ဆရာမများနှင့် မပြတ်ထိတွေ့ဆက်ဆံနိုင်မှုကြောင့် တန်ဖိုးမဖြတ်နိုင်သော လေ့လာသင်ယူမှု အလေ့အထကောင်းများ ရရှိမည်ဖြစ်သည်။

အခြေခံပညာကျောင်းများတွင် ဘာသာရပ်ဆရာများ ဆွေးနွေးညှိနှိုင်း၍ နေ့စဉ်အချိန်ပိုင်း အလှည့်ကျ သင်ခန်းစာပြန်လည်ဆွေးနွေးမှုများ ပြုလုပ်ကြသည်။ ကျောင်းအဆင့်ဖွဲ့စည်းထားသော ဝါသနာပါရာ အသင်းအဖွဲ့အလိုက်သင့်လျော်သော နွေရာသီလှုပ်ရှားမှုများတွင် ကျောင်းသားများပါဝင်လှုပ်ရှားစေပါသည်။ ယဉ်ကျေးလိမ္မာသင်တန်းများ သင်ကြားသော ဆရာ၊ဆရာမများကလည်း သေချာဂရုတစိုက်သင်ပြဆွေးနွေးကြသည်။ ကျောင်းသား၊ ကျောင်းသူများကလည်း မေးမြန်းဆွေးနွေးကြသည်။ ကျောင်းသား၊ကျောင်းသူများကို စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးရေးသားနည်းသင်တန်း ဖွင့်လှစ်ပို့ချပေးသင့်သည်။ စာကြည့်တိုက်လှုပ်ရှားမှုအဖြစ် နှစ်သက်ရာစာအုပ်စာပေကို စာကြည့်တိုက်တွင် ဖတ်စေ၍ ကျောင်းသားများ အလှည့်ကျပြန်လည်ဆွေးနွေးခြင်းကို ဆောင်ရွက်စေသည်။ ကျောင်းသား၊ ကျောင်းသူများ အိမ်တွင်းမှု၊ စက်မှုလက်မှု ပြိုင်ပွဲကလေးများကျင်းပ၍ စစ်ဆေးအမှတ်ပေးကာ ဆုချီးမြှင့်ပေးသင့်သည်။ ထို့ကြောင့် နွေရာသီကျောင်းပိတ်ရက်ရှည်ဖြစ်သော်လည်း နံနက်ပိုင်းတွင် ကျောင်း၌ ကလေးများအချိန်ပိုင်းနှင့်စည်းဝေးလျက်ရှိပြီး နေ့လယ်ပိုင်းနှင့် ညနေပိုင်းနေပူချိန်များတွင် အနားပေးသင့်သည်။

နွေရာသီကာလ ကျောင်းပိတ်ရက်ရှည်တွင် အကျိုးရှိသောလှုပ်ရှားဆောင်ရွက်မှုများ ပြုလုပ်ရာ၌ ပညာလည်းရ၊ စိတ်လည်းပျော်ကြပြီးအပန်းဖြေသဘောမျိုးလည်းဆောင်ပါသည်။ စာသင်နှစ်တစ်နှစ်လုံး ကိုယ်စိတ်ပင်ပန်းခဲ့သမျှကို ကျောင်းသား၊ ကျောင်းသူများ အကျိုးရှိရှိ အပန်းဖြေအနားယူပုံအသွင်ဖြင့် ဆောင်ရွက်ကြခြင်းဖြစ်သည်။ ထိုသို့သောအသွင်ဖြင့် လှုပ်ရှားဆောင်ရွက်သောကြောင့် နောင်လာမည့်စာသင်နှစ်တွင် စိတ်သစ်၊ လူသစ်၊ ခွန်အားသစ်များမွေးမြူနိုင်မည်ဟု ယုံကြည်ပါသည်။ နိုင်ငံတော်က ရည်မှန်းသော ပညာရေးသည် ကျောင်းပညာရေးသက်သက်သာ မဟုတ်ဘဲ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့ဖွံ့ဖြိုးမှုဘက်စုံပညာများ ကျယ်ပြန့်စွာ တတ်သိနားလည် တိုးတက်လာစေရန် ရည်ရွယ်သည်။ ထို့ကြောင့် ပညာရေးတွင် အတတ်ပညာတစ်ခုခု၌ ထူးချွန်သူများ၊ အသက်မွေးဝမ်းကြောင်းကို ကိုယ်ပိုင်ပညာဖြင့် လုပ်ကိုင်နိုင်သူများ၊ ကောင်းမွန်သော ဗီဇဝါသနာအလျောက် ထူးချွန်၍ အသက်မွေးနိုင်သူများ၊ လေလွင့်စိတ်မရှိဘဲ မှန်ကန်စွာတွေးခေါ်လုပ်ကိုင်နိုင်စွမ်းရှိသော လူငယ်များပေါ်ထွန်းလာစေရေးဦးတည်လျက် နွေရာသီကျောင်းပိတ်ရက်ရှည်ကို အကျိုးရှိစွာ အသုံးချကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ**
- **ပညာရေးဝန်ကြီးဌာနညွှန်ကြားချက်များ**
- **နွေရာသီသင်တန်းစီမံချက်များ**

# မနုဖြူမြို့နယ်တွင် ငါးတန်များ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**မနုဖြူ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မနုဖြူမြို့နယ် သားငါးဈေးကွက်တွင် ငါးတန်များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း မနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

မနုဖြူမြို့နယ်မှ ငါးတန်များ ယခုနှစ် ဖေဖော်ဝါရီလပထမပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ်ငါးတန်ပိဿာချိန် ၄၅၀၀ မှ ၆၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"မနုဖြူမြို့နယ်မှာ ငါးတန်တွေ ဝယ်လိုအားကောင်းနေပါတယ်။ ဒီဘက်ကထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ငါးတန်တွေက အခြားငါးအမျိုးအစားတွေထက်ကို အရောင်းအဝယ်ဖြစ်နေတာပါ။ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်သားတွေ၊ ငါးမွေးမြူသူတွေ၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်"ဟု မနုဖြူမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

အဆိုပါအရောင်းအဝယ်ကောင်းသော ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၅၂၅၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၅၂၅၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေပဲ ၉၇၉၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၂၅၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၁ ဒသမ ၉၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၉၇၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၅၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော ဆီထွက်သီးနှံအနေနဲ့ကော အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ မြေပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# လေးမျက်နှာမြို့နယ် ဥတိုကျေးရွာ၌ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း စစ်ဆေး

**လေးမျက်နှာ ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေဖြင့် ရှားဖြူကျွင်းကျေးရွာအုပ်စု ဥတိုကျေးရွာ၌ လျှပ်စစ်မီးလင်းရေး ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် မြို့နယ်အင်ဂျင်နီယာဝန်ထမ်းများ အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ လျှပ်စစ်မီးလင်းရေးဗို့၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ လျှပ်စစ်မီးလင်းရေး အရှည် ပေ ၁၄၄၀ရှိ ဗို့ ၄၀၀ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁ ဒသမ ၃၆ သန်း စုစုပေါင်းငွေကျပ် ၁၆ ဒသမ ၃၆ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဖေဖော်ဝါရီ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ရက် ၉၀ ဆန်၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ်ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီလင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရက်၉၀ ဆန်တွေကို ရန်ကုန်ဆန်စပါးဈေးကွက်က ပြီးခဲ့တဲ့လထဲမှာ သိသိသာသာဝယ်ယူအားတက်ခဲ့ပါတယ်။ ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၇၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ရန်ကုန်ဆန်စပါးဈေးကွက်က လက်ရှိလဲ ရက် ၉၀ ဆန်တွေ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချနေတဲ့ ဆန်တွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီလင်းက ပြောပြသည်။



ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ စပါးစိုက်တောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြိတ်မြို့နယ် ဝန်မယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြိတ် ဖေဖော်ဝါရီ ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဝန်မယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ၁၄ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းများက ဝန်မယ်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲ စာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၅ ဒသမ ၆၅ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဝန်မယ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၇ ဒသမ ၀၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၆ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၁ ဒသမ ၇၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅ ဒသမ ၆၅သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

**ကိုညီ**

# အောင်လံမြို့နယ် မိုးကောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

**အောင်လံ ဖေဖော်ဝါရီ ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုးကောင်းကျေးရွာအုပ်စု မိုးကောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အောင်လံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းနိုင်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် မိုးကောင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းအား ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ပေ ၁၅၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ၆ လက်မရှိ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို တိုင်းဒေသကြီးအထွေထွေ ပိုလျှံ ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၆၃၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၃ ဒသမ ၃၆၅ သန်း စုစုပေါင်း ငွေကျပ် သန်း ၁၂၀ ဖြင့် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ခေတ်မီလေ့ကျင့်ရေးလေယာဉ်များ ဝယ်ယူဖြည့်တင်းလျက်ရှိသော အာရှ-ပစိဖိတ်နိုင်ငံများ

**❖ အာရှ-ပစိဖိတ်နိုင်ငံများ၌ ခေတ်မီလေ့ကျင့်ရေးနှင့် အပေါ့စားတိုက်လေယာဉ်များ စတင်အသုံးပြုခြင်းသည် ဒေသတွင်းလေကြောင်းစွမ်းဆောင်ရည်ပြောင်းလဲတိုးတက်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။ ဒေသတွင်းရှိလေတပ်များသည် လေယာဉ်အသစ်များ၊ လေ့ကျင့်စနစ်အသစ်များနှင့်အတူ ၎င်းတို့၏ လေ့ကျင့်မှုအစီအစဉ်များကို အရေအတွက်မှသည်အရည်အချင်းသို့ မြှင့်တင်နိုင်ရန် ရင်းနှီးမြှုပ်နှံလုပ်ဆောင်လျက်ရှိကြသည်။ ထို့ပြင် အပေါ့စားဂျက်တိုက်လေယာဉ်အသစ်များ အသုံးပြုခြင်းသည် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို တစ်ဟုန်ထိုး မြင့်တက်လာစေမည်ဖြစ်သည်။ ❖**

အာရှ- ပစိဖိတ်ဒေသရှိ လေတပ်များသည် ခေတ်မီလေ့ကျင့်ရေးစနစ်များနှင့် အပေါ့စားတိုက်လေယာဉ်များဖြင့် အင်အားဖြည့်ဆည်းထားသောကြောင့် စွမ်းဆောင်ရည်မြင့်မားလာနေပြီဖြစ်သည်။ ဆင်မြူလေတာနှင့် မြေပြင်အခြေပြုလေ့ကျင့်ရေးစနစ်များပါဝင်သော မျက်မှောက်ခေတ်အခြေခံနှင့် အဆင့်မြင့် လေ့ကျင့်ရေးလေယာဉ်များသည် တိုက်လေယာဉ်အုပ်များအတွက် စွမ်းဆောင်ရည်မြင့်မားသော လေသူရဲများကိုမွေးထုတ်ပေးလျက်ရှိသည်။

စင်စစ်အားဖြင့် အဆိုပါလေသူရဲများသည်ခေတ်မီလက်နက်များနှင့် ဆန်းသစ်သောအာရုံခံစနစ်များ တပ်ဆင်ထားရှိသည့် အပေါ့စားတိုက်လေယာဉ်များဖြင့်လေ့ကျင့်ထားသည့်အတွက် ဒေသတွင်းလေတပ်များ၏ တိုက်ခိုက်ရေးစွမ်းဆောင်ရည်များကို သိသိသာသာမြှင့်တင်ပေးလျက်ရှိသည်။ အလားတူလက်နက်တပ်ဆင်ထားသည့် တာဗိုဂျက်အင်ဂျင်လေယာဉ်များအနေဖြင့်လည်း အကြမ်းဖက် တန်ပြန်တိုက်ခိုက်ရေးနှင့် နယ်စပ်လုံခြုံမှုမစ်ရှင်များကို လိုက်လျောညီထွေထမ်းဆောင်နိုင်စွမ်း ရှိနေသည်။

**ထိုင်းနိုင်ငံ**

ထိုင်းဘုရင့်လေတပ် (RTAF) သည် အခြေခံလေ့ကျင့်ရေးအတွက် Beechtraft T-6TH Texan II နှင့် အပေါ့စားတိုက်ခိုက်ရေးအတွက် AT-6TH Wol- verine တို့ကို အသီးသီးအသုံးပြုလျက်ရှိသည်။ RTAF သည် T-6TH လေယာဉ် ၁၂ စင်း ဝယ်ယူရန်အတွက် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် Textron Aviation Defense ကို အမေရိကန်ဒေါ်လာ ၁၆၂ သန်း တန်ဖိုးရှိသော ကန်ထရိုက်တစ်ရပ်ပေးအပ်ခဲ့သည်။ ၎င်းကန်ထရိုက်၌ မြေပြင်အခြေစိုက်လေ့ကျင့်ရေးစနစ်များ၊ မစ်ရှင်စီမံခန့်ခွဲမှုနှင့် ပြန်လည်အစီရင်ခံမှု စနစ်များလည်းပါဝင်သည်။ ထို့နောက် ထိုင်းနိုင်ငံသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အမေရိကန်ဒေါ်လာ ၁၄၃ သန်း တန်ဖိုးရှိသော AT-6TH တစ်စင်းကိုလည်း ထပ်မံမှာယူခဲ့သည်။

ထိုင်းဘုရင့်လေတပ်တွင် အသုံးပြုနေသော ဆွစ်ဇာလန်နိုင်ငံထုတ် Pilatus PC-9 လေယာဉ်အုပ်နေရာ၌ T-6TH Texan II လေယာဉ်ကို အစားထိုးအသုံးပြုသွားမည်ဖြစ်သည်။ PC-9 လေယာဉ်များသည် ထိုင်းဘုရင့်လေတပ်တွင် နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ပြီးဖြစ်သည်။ ထိုင်းဘုရင့်လေတပ်သည် ၂၀၂၃ ခုနှစ်တွင် T-6TH Texan II လေယာဉ်အားလုံးကို စတင်အသုံးပြုခဲ့သည်။ ၎င်းလေယာဉ်အားလုံးကို ထိုင်းဘုရင့်လေတပ်၏ ပျံသန်းရေးနှင့် လေ့ကျင့်ရေးသင်တန်းကျောင်း၌ တပ်ဖြန့်ချထားသည်။

ထို့နောက် AT-6TH လေယာဉ် ရှစ်စင်းကို ၂၀၂၃ ခုနှစ် စက်တင်ဘာလတွင် ချင်းမိုင်ပြည်နယ်ရှိ အမှတ် (၄၁၁) လေယာဉ်အုပ်၌ တပ်ဖြန့်ချထားခဲ့သည်။ ၎င်းလေယာဉ်များသည် ၂၀၂၁ ခုနှစ် မတ်လတွင် အနားပေးထားသည့် ထိုင်းဘုရင့်လေတပ်၏ L-39ZA လေယာဉ်အုပ်နေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ AT-6TH လေယာဉ်များသည်ခေတ်မီလက်နက်များတပ်ဆင်ကာ ကင်းထောက်မစ်ရှင်များ ထမ်းဆောင်နိုင်သောကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် နယ်စပ်ဒေသကင်းလှည့်မစ်ရှင်များ ထမ်းဆောင်သွားမည်ဖြစ်သည်။ AT-6TH လေယာဉ်များသည် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် အမှတ် (၁) လေယာဉ်အုပ်၌ပြုလုပ်သည့် Exercise Air Thaising 2025 ၌လည်း ပါဝင်လေ့ကျင့်ခဲ့သည်။

**ဗီယက်နမ်နိုင်ငံ**

ဗီယက်နမ်ပြည်သူ့လေတပ် (VPAF) သည်လည်း Beechcraft T-6C လေယာဉ်များဖြင့် အခြေခံလေ့ကျင့်ရေးလေယာဉ်အုပ်ကို ဖွဲ့စည်းထားရှိပြီး အဆင့်မြင့်ဂျက်လေယာဉ်လေ့ကျင့်မှုနှင့် အပေါ့စားတိုက်လေယာဉ်လိုအပ်ချက်များအတွက် ချက်နိုင်ငံထုတ် Aero L-39 Sky fox နည်းဗျူဟာမြောက်လေ့ကျင့်ရေးလေယာဉ်အသစ်များဖြင့် ဖြည့်ဆည်းထားသည်။

ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနသည် ဗီယက်နမ်ပြည်သူ့လေတပ်၏ လေသူရဲများ လေ့ကျင့်မှုကို ခေတ်မီအဆင့်မြှင့်တင်နိုင်ရေးအတွက် အမေရိကန်လေတပ်(USAF)နှင့် ပူးပေါင်းဆောင်ရွက်ကာ ၂၀၂၁ ခုနှစ်တွင် T-6C လေယာဉ်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် T-6C Texan II Integrated Train- ing Systems လေယာဉ် ၁၂ စင်းကို မှာယူခဲ့သည်။ ပထမဆုံးလေယာဉ် ငါးစင်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် လွှဲပြောင်းပေးခဲ့ပြီး Phan Thiet လေတပ်အခြေစိုက်စခန်း၌ လေသူရဲများကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ လက်ကျန် T-6C လေယာဉ်များကိုလည်း ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် လွှဲပြောင်းပေးခဲ့သည်။

ဗီယက်နမ်ပြည်သူ့လေတပ်သည် Aero L-39 Sky Fox နည်းဗျူဟာမြောက် လေ့ကျင့်ရေးလေယာဉ်များနှင့်လည်း လေ့ကျင့်သင်ကြားမှုများကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ၎င်းလေယာဉ်များသည် ဗီယက်နမ်ပြည်သူ့လေတပ်၌ ဆယ်စုနှစ်များစွာကြာ တာဝန်ထမ်းဆောင်လျက်ရှိသည့် L-39C Albatros လေယာဉ်များနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ဗီယက်နမ်ပြည်သူ့လေတပ်သည် L-39 Sky Fox လေယာဉ်ဆိုင်ရာ လေသူရဲနှင့် နည်းပြအရည်အချင်းမီသင်တန်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ၌ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပြီး ပထမအသုတ်၌ လေသူရဲခြောက်ဦးကိုလည်း လေ့ကျင့်သင်တန်းပေးနိုင်ခဲ့သည်။ ဒုတိယအသုတ်အတွက် လေသူရဲခြောက်ဦးကို ၂၀၂၅ ခုနှစ် အစောပိုင်းတွင် လေ့ကျင့်သင်တန်းပေးနိုင်ခဲ့သည်။

**ဂျပန်နိုင်ငံ**

ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့ (JASDF) သည်လည်း လေသူရဲများလေ့ကျင့်သင်တန်းပေးမှုကို T-6 Texan II လေယာဉ်ဖြင့် ခေတ်မီအောင်ဆောင်ရွက်လျက်ရှိသည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့က ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ရွေးချယ်ခဲ့သော ၎င်းလေ့ကျင့်ရေး လေယာဉ်သည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့၏ Fuji/ Subaru T-7 အခြေခံအမောင်းသင် လေယာဉ်များနေရာတွင် အစားထိုးတာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးလေတပ်ဖွဲ့သည် အနာဂတ်တွင် Kawasaki T-4 ဂျက်လေ့ကျင့်ရေးလေယာဉ်များနေရာတွင် အစားထိုးအသုံးပြုသွားမည့် ခေတ်မီလေ့ကျင့်ရေးလေယာဉ်များကိုလည်း ရှာဖွေလျက်ရှိသည်။

**စင်ကာပူနိုင်ငံ**

စင်ကာပူလေတပ် (RSAF) သည် လွန်ခဲ့သော ဆယ်စုနှစ်ကတည်းက Leonardo ၏ M-346 အဆင့်မြင့် ဂျက်လေ့ကျင့်ရေးလေယာဉ်ကို အသုံးပြုလျက်ရှိသည့်အပြင် Pilatus PC-21 လေယာဉ်ကိုလည်း အသုံးပြုလျက်ရှိသည်။ စင်ကာပူလေတပ်သည် ၎င်းလေယာဉ်များနှင့် လေတပ်ဆွယ်နှစ်ခု၌ အခြေခံနှင့် အဆင့်မြင့် လေ့ကျင့်ခန်းများ လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ ဩစတြေးလျနိုင်ငံအခြေစိုက် RAAF Base Pearce ၌ PC-21 လေယာဉ်ဖြင့်လည်းကောင်း၊ ပြင်သစ်နိုင်ငံအခြေစိုက် Cazaus Air Base ၌ M-346 လေယာဉ်ဖြင့်လည်းကောင်း စင်ကာပူလေတပ်၏ လေသူရဲများကိုလေ့ကျင့်သင်တန်းပေးလျက်ရှိသည်။ M-346 လေယာဉ်သည် စင်ကာပူလေတပ် လေသူရဲများကို F-35၊ F-15 SG နှင့် F-16 တိုက်လေယာဉ်များ မောင်းနှင်ရာ၌ အထောက်အကူပြုစေမည်ဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံ**

ကိုရီးယားလေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်း (KAI) သည် T-50/ FA-50 လေ့ကျင့်ရေးနှင့် အပေါ့စားတိုက်လေယာဉ်များရောင်းချရာ၌ အောင်မြင်မှုရရှိလျက်ရှိသည်။ ထိုအတောအတွင်း KT-1 Woongbi အမျိုးအစား အခြေခံအမောင်းသင် လေယာဉ်ကိုလည်း အင်ဒိုနီးရှားနိုင်ငံက အစင်း ၂၀၊ ပီရူးနိုင်ငံက အစင်း ၂၀၊ တူကီယဲနိုင်ငံက အစင်း ၄၀ နှင့် ဆီနီဂေါနိုင်ငံက လေးစင်း အသီးသီးမှာယူထားရှိသည်။ ထိုင်းနိုင်ငံတွင် T-50TH လေယာဉ် ၁၄ စင်း၊ အင်ဒိုနီးရှားနိုင်ငံတွင် TA-50i လေယာဉ် ၁၆ စင်းနှင့် ဖိလစ်ပိုင်နိုင်ငံတွင် FA-50PH လေယာဉ် ၁၂ စင်းတို့ကိုလည်း အသီးသီးအသုံးပြုလျက်ရှိသည်။

ထို့ပြင်ကိုရီးယားလေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် တော်ဝင်မလေးရှားလေတပ် (RMAF) သို့ FA-50s လေယာဉ် ၁၈ စင်း ရောင်းချပေးရန် အမေရိကန်ဒေါ်လာ သန်း ၉၂၀ တန်ဖိုးရှိသော ကန်ထရိုက်တစ်ရပ် ရရှိခဲ့သည်။ ၎င်းလေယာဉ်ပထမအသုတ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလတွင် လွှဲပြောင်းပေးရန်စီစဉ်ထားရှိသည်။ ၎င်းလေယာဉ်သည် ဝေဟင်၌ဆီဖြည့်နိုင်သည့်စွမ်းဆောင်ရည်ရှိပြီး တော်ဝင်မလေးရှားလေတပ်၏ Hawk 108/208 လေယာဉ်များနေရာတွင် အစားထိုး ထမ်းဆောင်သွားမည်ဖြစ်သည်။

အလားတူ အင်ဒိုနီးရှားလေတပ် (TNI-AU) သည်လည်း လေ့ကျင့်ရေးလေယာဉ်များ လက်ခံရရှိရန် စီစဉ်ထားရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် ကိုရီးယားလေကြောင်းနှင့် အာကာသစက်မှုလုပ်ငန်းမှ KT-1Bs လေယာဉ်အစင်း ၂၀ မှာယူခဲ့သည်။ ထို့ပြင် ဂျကာတာသည် KF-20 တိုက်လေယာဉ်တည်ဆောက်ရေးစီမံကိန်းအတွက် တောင်ကိုရီးယားနိုင်ငံနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အင်ဒိုနီးရှားလေတပ်သည် အပေါ့စားတိုက်ခိုက်ရေး အခန်းကဏ္ဍအတွက် Hawk Mk 109 ဂျက်လေယာဉ်များကို အသုံးပြုလျက်ရှိသည်။

ဖိလစ်ပိုင်လေတပ် (PAF) အနေဖြင့်မူ ၂၀၂၅ ခုနှစ်အတွင်း၌ အမေရိကန်ဒေါ်လာ သန်း ၇၀၀ တန်ဖိုးရှိသည့် ကန်ထရိုက်တစ်ရပ်အောက်တွင် FA-50 လေယာဉ် ၁၂ စင်း မှာယူခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ် လွှဲပြောင်းလက်ခံရရှိလိမ့်မည်ဖြစ်သည်။ ၎င်းလေယာဉ်အသစ်များသည် ခြေရာခံမှုနှင့်တိုက်ခိုက်ရေးစွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်မည့် အဆင့်မြင့် ရေဒါစနစ်များပါရှိမည်ဖြစ်သည်။ ထို့ပြင် ၎င်းလေယာဉ်သည် ဝေဟင်၌ပင်ဆီဖြည့်နိုင်ပြီး ဝေဟင်မှမြေပြင်နှင့် ဝေဟင်မှဝေဟင်ပစ် လက်နက်စနစ်များ ပါရှိသည်။

**အိန္ဒိယနိုင်ငံ**

အိန္ဒိယနိုင်ငံသည် ၂၀၀၄ ခုနှစ် မတ်လတွင် BAE System ၏ Hawk Mk132 အဆင့်မြင့် ဂျက်လေ့ကျင့်ရေးလေယာဉ် အစင်း ၆၀ ကို မှာယူခဲ့ပြီးနောက် အိန္ဒိယလေတပ် (IAF) ၏ လေ့ကျင့်သင်တန်းပေးမှု ခေတ်မီအဆင့်မြှင့်တင်ခြင်းကို ၂၀၀၀ ပြည့်လွန်နှစ်များကတည်းကစတင်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ပထမအသုတ်လေယာဉ် ၂၄ စင်းကို လက်ခံရရှိခဲ့ပြီး ဟိန္ဒူစတန်လေကြောင်းလီမိတက် (HAL) အနေဖြင့်လည်း လိုင်စင်ဖြင့်လေယာဉ် ၈၂ စင်း ထုတ်လုပ်ခွင့်ရရှိခဲ့သည်။

အိန္ဒိယလေတပ်သည် ၂၀၁၂ ခုနှစ် မေလတွင် ဆွစ်ဇာလန်နိုင်ငံမှ Pilatus PC-7 Mk II လေ့ကျင့်ရေးလေယာဉ် ၇၅ စင်းကိုလည်း မှာယူခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် လေယာဉ်အားလုံးလက်ခံရရှိခဲ့သည်။ ထို့ပြင် အိန္ဒိယလေတပ်သည် လက်ရှိအချိန်တွင် ဟိန္ဒူစတန်လေကြောင်းလီမိတက်၏ HTF-40 လေယာဉ် ၁၀၆ စင်းကိုလည်း မှာယူထားပြီးဖြစ်သည်။ ၎င်းလေယာဉ် ပထမအသုတ် အစင်း ၇၀ ကို ၂၀၂၉ ခုနှစ်တွင် လက်ခံရရှိသွားမည်ဖြစ်သည်။

**နိဂုံး**

အာရှ-ပစိဖိတ်နိုင်ငံများ၌ ခေတ်မီလေ့ကျင့်ရေးနှင့် အပေါ့စားတိုက်လေယာဉ်များ စတင်အသုံးပြုခြင်းသည် ဒေသတွင်းလေကြောင်းစွမ်းဆောင်ရည်ပြောင်းလဲတိုးတက်လာမှုကို ထင်ဟပ်စေလျက်ရှိသည်။ ဒေသတွင်းရှိလေတပ်များသည် လေယာဉ်အသစ်များ၊ လေ့ကျင့်စနစ်အသစ်များနှင့်အတူ ၎င်းတို့၏ လေ့ကျင့်မှုအစီအစဉ်များကို အရေအတွက်မှသည် အရည်အချင်းသို့ မြှင့်တင်နိုင်ရန် ရင်းနှီးမြှုပ်နှံလုပ်ဆောင်လျက်ရှိကြသည်။ ထို့ပြင် အပေါ့စားဂျက်တိုက်လေယာဉ်အသစ်များ အသုံးပြုခြင်းသည် တိုက်ခိုက်ရေးစွမ်းဆောင်ရည်ကို တစ်ဟုန်ထိုး မြင့်တက်လာစေမည်ဖြစ်သည်။ တာဗိုအင်ဂျင်သုံးတိုက်ခိုက်ရေးလေယာဉ်များအနေဖြင့်လည်း သောင်းကျန်းသူ တန်ပြန်ချေမှုန်းရေးနှင့် နယ်စပ်ဒေသကင်းလှည့်တာဝန်များထမ်းဆောင်ရန် ပိုမိုသင့်တော်လျက်ရှိသည်။ ထို့ကြောင့် အာရှ-ပစိဖိတ်နိုင်ငံများအနေဖြင့် အလျင်အမြန်တုံ့ပြန်နိုင်သည့် စွမ်းဆောင်ရည်ရှိစေပြီးတိုက်ပွဲဝင်အသင့်ဖြစ်မှုအတွက် လေတပ်ကို တဖြည်းဖြည်းချင်း အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိပေသည်။

**ကိုးကား**

– AIR TRAINERS SPREAD THEIR WINGS BY ASIAN MILITARY REVIEW.

**ဝင်းဇင်(သုတေသန)**

# ဆေးဖက်ဝင် လက်ဖက်အကြောင်း

ပေါက်ပေါက်

မြန်မာနိုင်ငံတွင် လက်ဖက်အစိုနှင့် အခြောက်ဟူ၍ရှိရာ ထိုနှစ်မျိုးစလုံးကိုပင် သုံးစွဲကြသည်။ အထူးသဖြင့် လက်ဖက်စိုမှာ ရိုးရာအစားအစာတစ်ခုဖြစ်သည်သာမက လွှတ်ရုံးများ၏ အဆုံးအဖြတ်များ ဌှပင်လျှင် လက်ဖက်စား၍ အမှုပြေငြိမ်းခြင်း၊ လက်ဖက်စား၍ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လေ့ရှိသည်။ ရပ်ရွာအတွင်း၌လည်း ဘာသာရေးပူဇော်ပွဲ၊ နတ်ပူဇော်ပွဲများတွင် လက်ဖက်မပါလျှင် မပြီးသကဲ့သို့ ဖြစ်သည်။ မြန်မာ့ရိုးရာအလိုက် ထိမ်းမြားမင်္ဂလာပွဲများအတွက် ဖိတ်ကြားရာဝယ် လက်ဖက်ထုပ်များဖြင့် ဖိတ်ကြားလေ့ရှိသည်။ တောင်သူလယ်သမားတို့မှာ လက်ဖက်တစ်ရိုး ကွမ်းတစ်ယာပေးပြီးလျှင် သမီးပေးသားယူ ထိမ်းမြားလေ့ရှိကြသည်။

**လေခတ်အားပေးသော လက်ဖက်**

ကျန်းမာသောလူတစ်ယောက်ဖြစ်ရန် သွေးအားသည် အဓိကကျသကဲ့သို့ လေအားက ပို၍ပဓာနကျသည်။ အဘယ်ကြောင့်ဆိုသော် လေအား၏တွန်းပို့မှုကြောင့် သွေးများလှုပ်ရှားသွားလာနိုင်မည်။ သွေးလေလှုပ်ရှားပါမှ စိတ်ရောကိုယ်ပါ ကျန်းမာနိုင်သည်။ လက်ဖက်က လေအားကောင်းစေသော ဟင်းသီးဟင်းရွက် တစ်မျိုးဖြစ်သည့်အတွက် လူကို ကျန်းမာစေသည်။ တစ်နည်းဆိုရလျှင် လူ့ခန္ဓာကိုယ်ကို ပထဝီ(အစိုင်အခဲ)၊ တေဇော(အပူ)၊ အာပေါ (အရည်)၊ ဝါယော(လေ)ဟူသည့် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ လက်ဖက်၏ မူလသဘောသဘာဝမှာ ပထဝီဓာတ်အားကောင်းစေမည့် အဆိမ့်အရသာ၊ အာပေါဓာတ်အားကောင်းစေမည့် အဖန်အရသာနှင့် ဝါယောဓာတ်အားကောင်းစေမည့် အခါးအရသာစသည့် "ဆိမ့်ဖန်ခါး" ရသာသုံးမျိုးကို လက်ဖက်က တစ်ပြိုင်တည်းပေးစွမ်းနိုင်သည်။ အထူးသဖြင့် လက်ဖက်တွင် အဖန်နှင့် အခါးဓာတ် အဓိကပါဝင်သည်။ ထို့ကြောင့် လက်ဖက်စားခြင်းက သွေးလေလည်ပတ်စေပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေသည်။

**သက်ကြီးတို့အတွက် လက်ဖက်**

လူသားတို့၏ ဇီဝဖြစ်စဉ်သည် ဇရာအရွယ်သို့ ရောက်လာသည်နှင့်အမျှ သွေးအား၊ လေအားများ ဆုတ်ယုတ်သွားသည်။ အသက်ရလာလေ ခံတွင်းပျက်လာလေဖြစ်ကာ မစားချင်၊ မသောက်ချင်ဖြစ်တတ်ကြသည်။ ငယ်စဉ်က ခုံခုံမင်မင် ကြိုက်နှစ်သက်ခဲ့သော အစားအသောက်တို့ကို ခံတွင်းမတွေ့နိုင်တော့ဘဲ အရသာသစ်ကို အာသီသရှိလာကြသည်။ အရသာခြောက်ပါးအနက် ဖန်၊ ခါး အရသာတို့သည် သက်ကြီးရွယ်အိုများ၏ သည်းခြေကြိုက်ဖြစ်သည်။ ထိုအရသာသုံးမျိုးကို လက်ဖက်တွင်လုံလောက်စွာ ရရှိ နိုင်သည်။ ထို့ကြောင့် အသက်ကြီးလျှင် လက်ဖက်အုပ်ကိုပြင်ဟူသော စကားပင် အထင်အရှားရှိလေသည်။ ကျန်းမာရေးရှုထောင့်အရ ကြည့်လျှင်လည်း သွေးလေဆုတ်ယုတ်လာသော ဇရာအရွယ်တွင် သွေးလေပွားစေမည့် လက်ဖက်က အထူးဓာတ်စာပင်ဖြစ်သည်။

သို့သော် တန်လျှင်ဆေး၊ လွန်လျှင်ဘေး ဖြစ်တတ်ပေရာ လက်ဖက်ကို နှမ်းဆီစစ်စစ်ဖြင့် စားပေးသင့်သည်။ နှမ်းဆီ၏ သဘောသဘာဝက ပူ၊ ခါး၊ ဆိမ့် အရသာဖြစ်ရာ အပူဟူသော တေဇောဓာတ်ဖြင့် သွေးလေကြွယ်သော လက်ဖက်ကို ထိန်းအုပ်ပေးနိုင်သည်။ ထို့ပြင် နှမ်းဆီဖြင့် လက်ဖက်သုပ်စားခြင်းက အရသာလည်းပိုရှိကာ သက်ကြီးပိုင်းတွင် ဖြစ်လေ့ရှိသော နှုတ်မမြိန်(ခံတွင်းမလိုက်ခြင်း)၊ အသံတုန်ခြင်း၊ parkinson's disease(ခေါ်)အသက်ကြီး၍ လေအားနည်းကာ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ အစာနင်ခြင်း၊ ကြို့ထိုးခြင်း စသည်တို့ကို လျော့ပါးသက်သာစေနိုင်သည်။

**လက်ဖက်နှင့် ကျန်းမာရေး**

အထက်တွင်ဖော်ပြထားသည့်အတိုင်း လက်ဖက်က လေခတ်ကို အားကောင်းစေသည့်အပြင် လက်ဖက်စားသုံးခြင်းဖြင့် အောက်ဖော်ပြပါ ကျန်းမာရေး အကျိုးကျေးဇူးများစွာကိုလည်း ရရှိ နိုင်ပါသည်။



ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးသည်။ လက်ဖက်ရွက်တွင် Antioxidants (ဓာတ်တိုးဆန့်ကျင်ပစ္စည်း) ကြွယ်ဝစွာ ပါဝင်သောကြောင့် ခန္ဓာကိုယ်ထဲက မကောင်းသည့်ဆဲလ်များကို ဖယ်ရှားပေးပြီး ရောဂါဘယများ ဝင်မလာအောင် ကာကွယ်ပေးသည်။

အစာခြေစနစ်ကို ကူညီပေးသည်။ မြန်မာလူမျိုးများသည် အဆီအအိမ့်စားပြီးတိုင်း လက်ဖက်ရည်ကြမ်း သောက်လေ့ရှိကြသည်။ အကြောင်းရင်းမှာ လက်ဖက်က အစာကြေ ရင်ချောင်စေခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် အဆီတွေကိုလောင်ကျွမ်းစေပြီး ကိုလက်စထရောကို လျှော့ချပေးသည်။

စိတ်ကြည်လင်လန်းဆန်းစေသည်။ လက်ဖက်တွင်ပါဝင်သော Caffeine နှင့် Theanine ဓာတ်များက ဦးနှောက်ကို နိုးကြားစေပြီး အာရုံစူးစိုက်မှုကောင်းစေသည်။ စိတ်ဖိစီးမှုကိုလည်း လျော့ကျစေနိုင်သည်။

နှလုံးကိုကျန်းမာစေပြီး သွေးတိုးကျစေသည်။ လက်ဖက်ကို ပုံမှန်စားပေးခြင်းဖြင့် သွေးကြောများ ပွင့်စေပြီး သွေးပေါင်ချိန်ကို ထိန်းညှိပေးသည့်အတွက် နှလုံးရောဂါဖြစ်ပွားမှုကို ကောင်းစွာလျှော့ချပေးနိုင်သည်။

ခံတွင်း ကျန်းမာစေသည်။ လက်ဖက်တွင်ပါရှိသော သဘာဝဖလိုရိုက်(Fluoride)က သွားပိုးစားခြင်းကို ကာကွယ်ပေးပြီး ခံတွင်းအနံ့ဆိုးထွက်ခြင်းကို လျှော့ချပေးသည်။

**လက်ဖက်သုပ်နှင့် ကျန်းမာရေး**

မြန်မာလူမျိုးများ အနှစ်သက်ဆုံးဟု ပြောလေ့ပြောထရှိသော အာဟာရဝတ္ထုသုံးမျိုးမှာ အသားတွင် ဝက်၊ အသီးတွင် သရက်၊ အရွက်တွင် လက်ဖက်ဟူ၍ ဖြစ်သည်။ ခေတ်အဆက်ဆက် မတိမ်ကောဘဲ မြန်မာ့ရိုးရာယဉ်ကျေးမှု နယ်ပယ်တွင် လက်ဖက်သည် အလွန်အရေးပါ အရာရောက်သည်။ လက်ဖက်အစိုကို ရှေးအခါက နှမ်းဆီနှင့်စိမ်ထားပြီး စားသုံးလေ့ရှိကြသည်။ ထိုမှ နောက်ခေတ်များတွင် ကြက်သွန်ဖြူကြော်၊ နှမ်းလှော်၊ ပဲလှော်စသော အဆာများဖြင့် ရောနှောသုံးဆောင်လေ့ရှိကြသည်။

လက်ဖက်ရွက် အာနိသင်မှာ အထက်တွင် အကျယ်တဝင့်ရေးသားသည့်အတိုင်း သွေးလေလည်ပတ်မှု အားကောင်းစေသည်။

လက်ဖက်သုပ်ထဲသို့ တေဇောဓာတ်ကြွယ်ဝသည့် နှမ်းဆီစစ်စစ်နှင့် နှမ်းလှော်ထည့်စားခြင်းက လေကိုနိုင်၍ ဝမ်းမီးတောက်စေသည်။ ထို့ပြင် နှမ်း၏ အရသာမှာ ဆိမ့်ခြင်း၊ စပ်ခြင်း၊ ခါးခြင်း၊ ငန်ခြင်း၊ ပူခြင်းသဘောရှိ၍ အေးသောလက်ဖက်ကို ကောင်းစွာထိန်းထားနိုင်သည်။

လက်ဖက်ပွဲတွင် မပါမဖြစ်မှာ ကြက်သွန်ဖြူကြော်ဖြစ်သည်။ ၎င်းက စပ်ငန်ချိုဟူသော အရသာသုံးပါးရှိ၍ လက်ဖက်၏ ဖန်ခါးအရသာကို ဖြေလျော့ပေးသည်။ ထို့ပြင် ကြက်သွန်ဖြူက အစာကြေ ဝမ်းမီးအားကောင်းစေပြီး ဆီးကောင်းစေကာ လေသက်ခြင်းကိုလည်း တွန်းအားပေးသဖြင့် ဓာတ်ကြီးလေးပါး မျှတစေသည်။

လက်ဖက်စားသည့်အခါ ပဲကြီးကြော်ထည့်စားမှသာ လက်ဖက်သုပ်၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံစေသည်။ မောင်မခေါ်ပဲ ခေါ် ပဲကြီးကြော်သည် ဆိမ့်သော အရသာရှိ၍ အတန်ငယ်ပူသည်။ ထိုအခါ ဖန်ခါးအေး သဘောသဘာဝရှိသော လက်ဖက်ကို ပဲကြီးကြော်ဖြင့် ထိန်းအုပ်ပေးနိုင်သဖြင့် လေသက် လေလည်စေပါသည်။

ချင်းကို ခပ်ပါးပါးလှီးနုပ်နုပ်စဉ်း၍ ရေထဲတွင် ခေတ္တမျှစိမ်ပြီးနောက် လက်ဖက်သုပ်ထဲ ထည့်စားပါ။ ပူစပ်ပွင့် အရသာဂုဏ်ရှိသော ချင်း၏ အစွမ်းသတ္တိကြောင့် ဓာတ်ကြီးလေးပါး ညီညွတ်မျှတသွားသည်။ ထို့ပြင် လက်ဖက်သုပ်များများစားပြီးနောက် အစာမကြေ ရင်ကြေါတင်းမှုကိုလည်း ချင်းအာနိသင်ကြောင့် ပြေပျောက်စေသည်။

သဘော်ရွက် မနုမရင့်ကို မီးမြိုက်၍ဖြစ်စေ၊ သဘော်ရွက် လတ်လတ်ဆတ်ဆတ်ကို ရေဆေးပါးပါးလှီး၍ဖြစ်စေ လက်ဖက်ဖြင့် ဆတူရောကာ သုပ်စားပါ။ သဘော်ရွက်၏ မူလဓာတ်သည် ပူစပ်ခါးဖြစ်၍ ဝါယော(လေစာ)အတွက် အပွင့်ဓာတ်ဖြစ်သွားပါသည်။ ထိုအခါ လက်ဖက်မည်မျှစားစား လေထိုးဗိုက်အောင့်ခြင်းကို မဖြစ်နိုင်တော့ပေ။

ကြက်သွန်ဖြူကိုက်စားခြင်းက ၎င်း၏ အရည်ဓာတ်ဖြင့် လက်ဖက်သုပ်ကို ထိန်းညှိရာရောက်သကဲ့သို့ ငရုတ်သီးစိမ်းဝါးစားခြင်းကလည်း ၎င်းတွင်ပါရှိသော capsaicin အစွမ်းသတ္တိက ဓာတ်ကြီးလေးပါး အားလုံးကိုချေဖျက်စေသည်။

လက်ဖက်သုပ်ထဲတွင် ရှောက်ရည်ညှစ်ထည့်စားခြင်းက ပြီးပြည့်စုံသောအရသာကို ရရှိစေကာ လေကြေဝမ်းပျော့စေပါသည်။

လူတချို့က လက်ဖက်သုပ်ထဲတွင်မြေပဲ၊ သီဟိုဠ်စေ့၊ သစ်ကြားသီးစေ့ ထည့်စားတတ်ကြသည်။ ၎င်းအခွံမာသီး အစေ့အဆန်များ စားသုံးခြင်းက နှလုံး၊ သွေး၊ လေကောင်းစေသကဲ့သို့ လက်ဖက်၏အရသာကိုလည်း ပိုမိုပေါ်လွင်စေသည်။

ငါးကျည်းခြောက် သို့မဟုတ် ပုစွန်ခြောက် သို့မဟုတ် ငါးနီတူခြောက် မိမိနှစ်သက်ရာ အဆင်ပြေသကဲ့သို့ စားသုံးကြသည့်အတွက် ပရိုတင်းဓာတ်ရရှိနိုင်သည်။

လက်ဖက်သုပ်စားလျှင် ငါးငံပြာရည်အနည်းငယ်ထည့်၍စားသုံးရန် အကြံပြုချင်သည်။ လက်ဖက်နှင့် ငါးငံပြာရည်တို့ ဓာတ်ပြုခြင်းက လက်ဖက်သုပ်ရနံ့ကို ပိုမွှေးစေပြီး အရသာထူးကဲစေသည်။

အချုပ်ဆိုသော် လက်ဖက်ပင်တို့ ထွက်ရှိသော နိုင်ငံများစွာ (အထူးသဖြင့် တရုတ်နိုင်ငံအပါအဝင်) ရှိကြသည့်အနက် ကမ္ဘာပေါ်တွင် မြန်မာလူမျိုးများသာ လက်ဖက်သုပ်ကို နှစ်ခြိုက်စွာ စားသုံးလျက်ရှိကြသည်။ ထို့ပြင် လက်ဖက်သည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အရေးပါအရာရောက်လှသော အစားအစာတစ်ခု ဖြစ်ရုံမျှမက တော်ဝင်အစားအစာလည်း ဖြစ်သည်။ သို့ဖြစ်ရာ မြန်မာ့ရိုးရာဓလေ့ အလှူပွဲ အမျိုးမျိုးနှင့် ဒွန်တွဲလေ့ရှိသော လက်ဖက်သုပ်ကို ယူနက်စကို ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်စေချင်မိပါတော့သည်။

လက်ဖက်သုပ်တစ်ပွဲမှ ရရှိနိုင်မည့် ကျန်းမာရေး အကျိုးကျေးဇူးများကို သိနားလည်သည့်အလျောက် မိသားစု သို့မဟုတ် ချစ်ခင်ရသောသူများဖြင့် ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့ကာ ဆေးဖက်ဝင်လက်ဖက်သုပ်စားကြရင်း ကျန်းမာပျော်ရွှင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော ပဲပုပ် ၃၂၉၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲပုပ် ၃၂၉၄ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၇၂၃၃ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၂၉၄ ဧကရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၈ ဒသမ ၂၉ တင်းထွက်ရှိကြောင်း သိရသည်။

"မြောင်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ်သီးနှံ ဧက ၇၀၀၀ကျော် စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲပုပ်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိရာ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့အတွက် ပညာပေးတာတွေလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့မျိုးစေ့ရရှိဖို့နဲ့ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့တို့ကို အသိပညာပေးထားပြီးလဲ ဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် ပဲပုပ်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် မုက္ကလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ (GRF)ဖြင့် မုက္ကလကျေးရွာ၌ ကျေးရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်ပိုင်းကတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးရန်မျိုးနိုင်၊ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းနှင့်ဝန်ထမ်းများက မုက္ကလကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးကလိုအပ်သည်များကို မှာကြားခဲ့ကြောင်းသိရသည်။

အဆိုပါ မုက္ကလကျေးရွာ၌ လမ်း အရှည်ပေ ၄၆၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ရှစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၄၃၀ ဒသမ ၇၀၃ သန်းဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်းနှင့်ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာတော့မည် ဖြစ်ကြောင်း သိရသည်။

သုတ









# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Pro-gramme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း) များကိုအထူးသတိပြုပါ။

❖ မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒမှာလည်း ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ဆက်ဆံမှုရှိသည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ်ထားပြီး အဆိုပါအချက်ပေါ်တွင် အလေးအနက်ထားစဉ်းစားပြီး ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ ဖက်ဒရယ်နိုင်ငံတည်ဆောက်ရေးများကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား

စာမျက်နှာ - ၁၆

## တီမောလက်စ်တေသံရုံးယာယီတာဝန်ခံကို မြန်မာနိုင်ငံမှ ခုနစ်ရက်အတွင်း ပြန်လည်ထွက်ခွာရန် ခေါ်ယူညွှန်ကြားခဲ့ခြင်း

တီမောလက်စ်တေအစိုးရက ပြည်တွင်းရေးဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူအပါအဝင် အာဆီယံပဋိညာဉ်ပါအခြေခံမူများကို လေးစားလိုက်နာမည်ဖြစ်ကြောင်း စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း အကြိမ်ကြိမ်ကတိကဝတ်ပြုခဲ့ခြင်းကြောင့် တီမောလက်စ်တေနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်ဖြစ်ရေးကိစ္စအပေါ် မြန်မာနိုင်ငံက မိမိ၏မူလရပ်တည်ချက်ကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက် အာဆီယံ၏ တူညီဆန္ဒဖြင့် လိုက်ပါဆောင်ရွက်ခဲ့သည်။ သို့ရာတွင် တီမောလက်စ်တေအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာပြီးသည့် နောက်ပိုင်းကာလများတွင်လည်း ၎င်း၏ ကတိကဝတ်များနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရသည်။

တီမောလက်စ်တေသမ္မတသည် မြန်မာတပ်မတော်အရာရှိကြီးအချို့အပေါ် တရားစွဲဆိုသည့် ချင်းလူ့အခွင့်အရေးအဖွဲ့၏ ကိုယ်စားလှယ်ဆိုသူများကို ၁၄-၁-၂၀၂၆ ရက်တွင် လက်ခံတွေ့ဆုံခဲ့ရာ အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံအကြီးအကဲတစ်ဦးက အခြားသောအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို ဆန့်ကျင်နေသည့် တရားမဝင်အဖွဲ့အစည်းတစ်ခုနှင့် ထိတွေ့ဆက်ဆံခဲ့ခြင်းသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့်အပြင် အဆိုပါအပြုအမူသည် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ်တို့တွင် ဖော်ပြပါရှိသည့် အခြေခံမူများကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ခြင်းပင်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံခြားရေးဝန်ကြီးဌာနသည် တီမောလက်စ်တေသံရုံးယာယီတာဝန်ခံအား ၁၆-၁-၂၀၂၆ ရက်တွင် ဆင့်ခေါ်၍ အဆိုပါအပြုအမူကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း အသိပေးပြီး တီမောလက်စ်တေအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ အာဆီယံပဋိညာဉ်ပါ အခြေခံမူများကို လေးစားလိုက်နာရန်နှင့် တီမောလက်စ်တေ၏ အပြုသဘောမဆောင်သည့်အပြုအမူအပေါ် ကျိုးကြောင်းဆီလျော်မှုရှိသည့် ဖြေရှင်းချက်တစ်ရပ်ကို တရားဝင်ပြန်လည်ပေးပို့ပေးရန် တောင်းဆိုခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အခြေအနေကို နီးကပ်စွာဆက်လက်လေ့လာစောင့်ကြည့်၍ မြန်မာနိုင်ငံအပေါ်ထားရှိသည့် တီမောလက်စ်တေ၏ သဘောထားရပ်တည်ချက်ပြောင်းလဲခြင်းမရှိပါက ပိုမိုပြင်းထန်သည့်အစီအမံများကို ထပ်မံဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိသည့် သတိထောက်လွှာတစ်စောင်ကိုလည်း တီမောလက်စ်တေသံရုံးယာယီတာဝန်ခံနှင့် တွေ့ဆုံစဉ် ပေးအပ်ခဲ့သည်။

စာမျက်နှာ ၂၁ ကော်လံ ၁❑

## တပ်မတော်စစ်ကြောင်းများက KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့ကို ပြန်လည်တိုက်ခိုက်ထိန်းချုပ်


**နေပြည်တော် ဖေဖော်ဝါရီ ၁၅**

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် ဒေသများ၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကို ဒေသခံပြည်သူများ၏ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်ပြီး ပြန်လည်ထိန်းချုပ်လျက်ရှိရာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ကယားပြည်နယ် ဖားဆောင်းမြို့ကိုလည်း ယနေ့ ဖေဖော်ဝါရီ ၁၅ ရက်တွင် တပ်မတော်က အပြည့်အဝပြန်လည်ထိန်းချုပ်ပြီး လိုအပ်သည့်နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန်၊ ဒေသခံတိုင်းရင်းသားပြည်သူများ အကြောက်တရားများလွှမ်းမိုးစေရန်ရည်ရွယ်၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှစ၍ အကြမ်းဖက်အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့ပြီး ကယားပြည်နယ်၏ မြို့တော် လွိုင်ကော်မြို့ကို ထိန်းချုပ်ရန် တိုက်ပွဲများ ဖော်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ဒီးမော့ဆိုမြို့နယ်အတွင်း ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး မြို့ရွာများတွင် ကျေးရွာသူ၊ ရွာသားများအသွင်ဖြင့်

စာမျက်နှာ ၂၂ ကော်လံ ၁☆

တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖားဆောင်းမြို့အားပြန်လည်ထိန်းချုပ်




ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
SIN MINN
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

